အဆုံးမဲ့ဓားကမ္ဘာ ၂၉၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၉၆)] - သိုင်းဘုရင်အဆင့်

...
အချိန်အတော်ကြာပြီးနောက်၊ ယန်ယဲ့က မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။ ရုတ်တရက် သူ့ခန္ဓာကိုယ်ကို စစ်ဆေးမိလိုက်ပြီးနောက် ချက်ချင်းဆိုသလိုပင်အသက်ရှူရပ်မတတ်ဖြစ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဒီအချိန်တွင် သူက သိုင်းဘုရင်အဆင့်သို့ရောက်ရှိနေကြောင်းသတိထားမိလိုက်လို့ပါပဲ။

သောက်ကျိုးနဲ! အရင်တုန်းက အဆင့်နှစ်ဆင့်သာ တိုးတက်လာခဲ့ပေမယ့် အခုတော့ ဘယ်ကနေဘယ်လို နယ်ပယ်ကြီးတစ်ခုကိုမြင့်တက်သွား.....သွား! ဟူး...... ဒီလိုအဆင့်တက်တဲ့ အရှိန်က နည်းနည်းတော့ ကြောက်စရာကောင်းနေပြီထင်တယ် !

ယန်ယွဲ့က သိုင်းဘုရင်အဆင့်သို့တက်လှမ်းသွားသည့်တိုင် စိတ်လှုပ်ရှားခြင်းမျိုးမရှိဘဲ၊
တုန်လှုပ်ခြောက်ခြားမှုကိုသာ ခံစားလိုက်ရသည်။
အကြောင်းအရင်းမှာ သူ၏ကျင့်ကြံမှုအဆင့်ကို မြင့်တက်စေရန် ပြင်ပအင်အားကို

အလွန်အကျွံအသုံးပြုခြင်းက စွမ်းအင်အခြေခံအုတ်မြစ်ကို သေချာပေါက်ထိခိုက်နိုင်ပေသည်။

ဤအချက်ကို တွေးမိလိုက်သောအခါ၊ ယန်ယွဲ့က သားရဲကေရာဇ်ကို လှည့်ကြည့်လိုက်ကာ "အကြီးအကဲ....ဒါ......ဒါက" သို့သော်ပြား အဆုံးတွင် သူကဘာပြောရမှန်းမသိခဲ့ပေ။

သားရဲကေရာဇ်က လက်ကို ဝှေ့ယမ်းပြီး ယန်ယွဲ့ကို တားလိုက်သည်။ "ကလေး၊ မင်းပြောချင်တာကို ငါသိတယ်။ မင်းက ဘာကို စိတ်ပူနေတယ်ဆိုတာကိုလည်း ငါသိတယ်။ ဒါပေမယ့် ငါပြောချင်တာက စိတ်ပူနေစရာ မလိုဘူးဆိုတာပဲ။ ဒီကေရာဇ်က မင်းရဲ့စွမ်းအားအဆင့်ကိုပြင်ပအင်အားနဲ့ မြှင့်တင်ပေးနိုင်တဲ့ အကြောင်းရင်းက မင်းရဲ့ စွမ်းအင်အခြေခံအုတ်မြစ်ဟာ နဂိုတည်းကခိုင်မာနေလို့လေ။

ဒါ့အပြင် မင်းရဲ့ခန္ဓာကိုယ်နဲ့ မူလစွမ်းအင်သွေးကြောတွေက သာမန်
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတွေထက်တောင်အများကြီး သာနေသေးတယ်။

တစ်နည်းပြောရရင် မင်းက သိုင်းဘုရင်အဆင့်ကိုတက်လှမ်းဖို့ လိုအပ်တဲ့စွမ်းအင်တွေအားလုံးကို စုဆောင်းပြီးပြီလို့ဆိုနိုင်တယ်။ မင်းရဲ့ ကျင့်ကြံမှုအဆင့်ကိုထပ်ပြီးမတက်နိုင်တာက အရေးကြီးတဲ့စွမ်းအင်ရှိမနေလို့ပဲ!”

ယန်ယွဲ့က သားရဲကေရာဇ်၏စကားကိုကြားလိုက်မှသာ စိတ်သက်သာရာရသွားပြီး
သက်ပြင်းချလိုက်ပါသည်။

မမြင်နိုင်သောဘေးထွက်ဆိုးကျိုးများမခံစားရသ၍တော့ စိတ်အေးလက်အေးနေနိုင်ပေသည်။

ဒီအချက်ကို တွေးမိလိုက်တဲ့အခါ သူက သားရဲကေရာဇ်ကို လေးနက်စွာ ဦးညွှတ်လိုက်၏။ “အကူအညီအတွက် ကျေးဇူးတင်ပါတယ် အကြီးအကဲ၊ ဒီဂျူနီယာက အကြီးအကဲရဲ့ကြင်နာမှုကို ဘယ်တော့မှ မမေ့ပါဘူး!"

သူက ဒီစကားများကို ရိုးရိုးသားသားပင်ပြောလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် သားရဲကေရာဇ်၏ အကူအညီကိုမရပါက သိုင်းဘုရင်အဆင့်သို့တက်လှမ်းရန် အချိန်တော်တော်ကြာယူရပါလိမ့်မည်။ အရင်တုန်းကဆိုပါက ရှေးဟောင်းစစ်မြေပြင်တွင် နယ်မြေအသီးသီး၏ ထိပ်ဆုံးရောက်ပါရမီရှင်များကို ရင်ဆိုင်ရန် သူ၏အစစ်အမှန်စွမ်းအားကို ယုံကြည်မှုမရှိခဲ့ပေ။

သို့သော် အခုအချိန်တွင် မမျှော်လင့်ပဲ ကောင်းကင်လှော်အဆင့်မှ သိုင်းဘုရင်အဆင့်သို့တက်လှမ်းသွားပြီဖြစ်သည်။

ယန်ယွဲ့၏စိတ်ထဲ၌ အဆင့်တူနယ်ပယ်တွင် ဘယ်သူကိုကြောက်ရွံ့မနေတော့ပေ။

ထိုအချိန်တွင် သားရဲကေရာဇ်က ပြုံးပြီးပြောသည်။ “ငါ့ကို ကျေးဇူးတင်နေစရာ မလိုပါဘူး။ အနာဂတ်မှာ မင်းရဲ့အကူအညီလိုလာလိမ့်မယ်။ အချိန်တန်ရင် မင်းငြင်းပယ်မှာမဟုတ်ဘူးလို့ပဲ ငါမျှော်လင့်ပါတယ်!”

"အကြီးအကဲက ဘာအကူအညီလိုလဲ သိနိုင်မလား။" ယန်ယွဲ့ကအံ့သြသွားသည်။ သားရဲကေရာဇ်သည် အထွတ်အထိပ်ခွန်အားကို ပိုင်ဆိုင်ထားသော်လည်း သူ၏

အကူအညီကို လိုအပ်သည်ဟုပြောနေခဲ့သည်မဟုတ်ပါလော။ ထိုစကားက ယန်ယဲ့ကို အလွန်အံ့ဩသွားစေသည်။

"အချိန်ကျရင် မင်းသိလာမှာပါ!" သားရဲကေရာဇ်က ပြုံးလိုက်ရင်း လေးနက်သော

အမူအရာနှင့် ဆက်ပြောပါသည်။ "မင်းမှာ ထူးချွန်တဲ့ပင်ကိုယ်စွမ်းရည်ရှိသလို၊ ဘယ်သူ့ကိုမှကြောက်လန့်နေမှာမဟုတ်ဘူးဆိုတာငါသိတယ်။ ဒါပေမယ့် မင်း ရှေးဟောင်းစစ်မြေပြင်ကိုရောက်တာနဲ့ ရှေးဟောင်းနယ်မြေမြို့တော်မှာ ပြဿနာဖြစ်လို့မရဘူးလို့သတိရပါ။

အထူးသဖြင့် "တရားစီရင်ရေးအဖွဲ့(Enforcement Team)"။ကျေးဇူးပြုလို့ ဒီစကားကို သေသေချာချာလေး ဂရုတစိုက်မှတ်ထားစေချင်တယ်။”

ဤစကားကိုကြားသောအခါ ယန်ယဲ့၏ အမူအရာက မထိန်းနိုင်ဘဲ တုန်လှုပ်သွားပါတော့သည်။

ကေရာဇ်အဆင့်စွမ်းအားရှင်ဖြစ်သည့် သားရဲကေရာဇ်ပင် သတိထားနေရသော အဖွဲ့အစည်းက ဘယ်လိုတည်ရှိမှုမျိုးဖြစ်နိုင်သနည်း။

ယန်ယဲ့က သားရဲကေရာဇ်ကိုပြန်မမေးခင်ခဏတာ လေးလေးနက်စဉ်းစားနေလိုက်ကာ

“အကြီးအကဲ၊ အဲဒါက ဘယ်လိုအဖွဲ့အစည်းလဲ။ အဲဒါအပြင်၊ ရှေးဟောင်းနယ်ဒိုမိန်းမြို့က ဘာလဲ။”

"ရှေးဟောင်းဒိုမိန်းမြို့တော်အကြောင်းကိုတောင်မသိဘဲနဲ့ မင်းက တစ်ယောက်တည်း ရှေးဟောင်းစစ်မြေပြင်ကို သွားရဲတယ်..."

သားရဲကေရာဇ်က ပြုံးပြီးပြောလိုက်၏။

"ရှေးဟောင်းဒိုမိန်းမြို့က ရှေးဟောင်းစစ်မြေပြင်မှာရှိတဲ့

တစ်ခုတည်းသောမြို့လေ။ မင်း
အမှောင်မှော်သားရဲ့အင်ပါယာရဲ့နယ်မြေကို
ကျော်လွန်သွားတာနဲ့
ရှေးဟောင်းဒိုမိန်းမြို့ကိုရောက်သွားလိမ့်မယ်။
ရှေးဟောင်းဒိုမိန်းမြို့က
ရှေးဟောင်းစစ်မြေပြင်တစ်ခုလုံးမှာတောင် ကီလိုမီတာ
သိန်းထောင်ကျော်ကျယ်ဝန်းတဲ့
တစ်ခုတည်းသောမြို့ကြီးလေ။

ဒါ့အပြင် ရှေးဟောင်းဒိုမိန်းမြို့က
ပုန်းကွယ်နေသောနဂါးစေတီကိုရောက်ရှိဖို့အတွက်ဖြတ်သွားရမဲ့နေရာတစ်ခုလို့ဆိုနိုင်တယ်။

ဒီတော့ ကံကြမ္မာစွမ်းအားကို
ရယူဖို့ရောက်ရှိလာတဲ့ပါရမီရှင်တွေအားလုံးက
ပုန်းကွယ်နေသောနဂါးစေတီဖွင့်လှစ်မဲ့အချိန်ကိုစောင့်ဆိုင်းရင်း ရှေးဟောင်းဒိုမိန်းမြို့မှာနေထိုင်ကြမှာပဲ။

ပြောရမယ်ဆိုရင် ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးရဲ့ ထိပ်ဆုံးရောက်ပါရမီရှင်တွေအားလုံး တစ်ချိန်တည်းတစ်နေရာတည်းမှာပေါ်လာလိမ့်မယ်။”

"ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးရဲ့ ထိပ်ဆုံးရောက်ပါရမီရှင်တွေအားလုံး?" ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။ “ဒါဆို ရှေးဟောင်းဒိုမိန်းမြို့က အတော်လေး ဖရိုဖရဲဖြစ်သွားမှာပေါ့..... မဟုတ်ဘူးလား?”

"ဖရိုဖရဲလား?" သားရဲကေရာဇ်က ခေါင်းခါပြီး “အဲဒါမဖြစ်နိုင်ဘူး။ မြို့ထဲမှာ စည်းမျဉ်းရှိတယ်၊ အမိန့်ကို ထိန်းထားတဲ့သူတွေထဲမှာ အလယ်ပိုင်းတိုက်ကြီး(ဗဟိုနယ်မြေ)ရဲ့အဆင့် ၉ ဂိုဏ်းသုံးခု၊ နတ်ဆိုးနယ်မြေရဲ့အဆင့်မြင့်နတ်ဆိုးသားရဲမျိုးနွယ်၊ နတ်ဘုရားသားရဲနယ်မြေရဲ့

အဆင့်မြင့်နတ်ဘုရားသားရဲမျိုးနွယ်တွေအနည်းငယ်စောင့်ကြ
ပ်နေတာလေ။

ဒီလို အဆင့်မြင့်အင်အားစုတွေရဲ့ထိန်းချုပ်မှုအောက်မှာ
ဘယ်သူက ရှေးဟောင်းဒိုမိန်းမြို့ကို
ဖရိုဖရဲဖြစ်အောင်လုပ်ရဲမှာတုန်း”

"အဆင့် ၉ ဂိုဏ်းတွေလား?" ယန်ယဲ့က
အလွန်တုန်လှုပ်သွား၏။ သူကမျက်မှောင်ကြုတ်ပြီး
ဆက်မေးလိုက်ပါသည်။ “အကြီးအကဲ၊ ဂိုဏ်းတွေကို
အဆင့်ခွဲထားသေးတာလား?”

"ဒါပေါ့!" သားရဲကေရာဇ်က “တောင်ပိုင်းနယ်မြေကလွဲလို့
တခြားနယ်မြေတွေရဲ့ဂိုဏ်းခွဲတွေကို အဆင့်အလိုက်
ခွဲထားတယ်။

အဆင့် ၉ ဂိုဏ်းဆိုတာက ဘာကိုကိုယ်စားပြုတယ်ဆိုတာ မင်းမသိနိုင်သေးဘူး။

ဥပမာအနေနဲ့ပြောရရင် တောင်ပိုင်းနယ်မြေရဲ့နံပါတ်တစ် မဟာဂိုဏ်းကြီးဖြစ်တဲ့ မူလကျောင်းတော်ကို ဗဟိုနယ်မြေမှာအဆင့်စီလိုက်ရင် အဆင့် ၃ ဂိုဏ်းတစ်ခုသာသာပဲရှိလိမ့်မယ်။ပြောရမယ်ဆိုရင် အဆင့် ၃ ဂိုဏ်းလို့တောင်သတ်မှတ်နိုင်ဖို့မသေချာဘူး။”

ဒီစကားကိုကြားလိုက်တဲ့အခါ ယန်ယဲ့က အလွန်ကို အံ့သြသွားခဲ့ပါပြီ။

သူသည် ဗဟိုနယ်မြေရှိ အဆင့် ၉ ဂိုဏ်းများကို မမြင်ဖူးသော်ငြား၊ မူလကျောင်းတော်၏ အင်အားတစ်စိတ်တစ်ပိုင်းကောင်းစွာသိရှိထားသည်။

မူလကျောင်းတော်မှ တစ်ခါတစ်လေ ထုတ်ဖော်ပြသခဲ့သော ခွန်အားသည် တောင်ပိုင်းနယ်မြေတစ်ခုလုံးပင်အလွန်အမင်း ထိတ်လန့်စေသည်။

ထို့အပြင် မူလကျောင်းတော်က ယွမ်ထျန်းကဲ့သို့ ဧကရာဇ်အဆင့်စွမ်းအားရှင်တစ်ဦးကိုပိုင်ဆိုင်ထား၏။

သို့သော်လည်း မူလကျောင်းတော်ကို ဗဟိုနယ်မြေတွင် အဆင့် ၃ ဂိုဏ်းတစ်ခုအဖြစ်သာ သတ်မှတ်နိုင်မည်တဲ့လား?

ဒါဆိုရင် အဆင့် ၉ ဂိုဏ်းတွေကဘယ်လောက်တောင်ကြောက်စရာကောင်းနေနိုင်သလဲ?

"ကလေး! ကမ္ဘာကြီးက အရမ်းကျယ်တယ်!"

သားရဲဧကရာဇ်က ယန်ယွဲ့ကို စိုက်ကြည့်ကာ "ဒီဆန်းကြယ်တိုက်ကြီးက မင်းထင်ထားတာထက် အများကြီး

ပိုကြီးမားတယ်။ အနာဂတ်မှာ အခွင့်အရေးရှိရင် ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးကို ခရီးဆန့်ပါ။

ငါတို့ရဲ့တောင်ပိုင်းနယ်မြေက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှာဘယ်လောက်သေးငယ်ဆိုတာကို မင်း သတိပြုမိပါလိမ့်မယ်။

ဒါအပြင် မင်းပိုင်ဆိုင်တဲ့ ခွန်အားနဲ့ အနာဂတ် အလားအလာတွေနဲ့ဆိုရင် အဆင့် ၆ ဒါမှမဟုတ် အဆင့် ၇ ဂိုဏ်းတစ်ခုကို ဝင်ရောက်ဖို့ဖြစ်နိုင်တယ်!”

ယန်ယွဲ့က ကျယ်လောင်စွာ ရယ်မောလိုက်မိသည်။

သူ့အမေကို ကယ်တင်ရန် မလိုအပ်ပါကအခြားနယ်မြေများကိုသွားရောက်ရန်စိတ်ကူးကြည့်နိုင်ပေမည်။

သို့သော်သူ၏အမေဖြစ်သူက ပန်းနန်းတော် ၏ လက်ထဲတွင် အပြစ်ပေးခံနေရဆဲဖြစ်သည်။ ထို့ကြောင့် ယန်ယွဲ့အနေဖြင့်

သူ၏အမေဖြစ်သူကိုစွန့်ခွာပြီးအခြားနယ်မြေများကိုခရီးထွက်ရန်မဖြစ်နိုင်ပေ။

ခဏအကြာတွင် သူက ခေါင်းခါလိုက်ပြီး "အကြီးအကဲပြောတာ မှန်ပါတယ်။ဒါနဲ့အခုနတုန်းက "တရားစီရင်ရေးအဖွဲ့"ကို မစော်ကားမိဖို့ ပြောထားတယ်။

အကြီးအကဲလိုလူကတောင် သူတို့ကိုအလေးထားနေပုံထောက်ရင် တရားစီရင်ရေးအဖွဲ့က ဘယ်လိုမျိုးရှိနေတာလဲ?"

"တရားစီရင်ရေးအဖွဲ့ကို အဲ့ဒီအဆင့်မြင့်ဂိုဏ်းတွေက ပူးပေါင်းဖွဲ့စည်းခဲ့တာပဲ!" သားရဲဧကရာဇ်၏အမူအရာက အနည်းငယ်လေးနက်သွားသည်။ "တရားစီရင်ရေးအဖွဲ့ကို တည်ထောင်ရတဲ့ ရည်ရွယ်ချက်က ရှေးဟောင်းစစ်မြေပြင်နဲ့ ရှေးဟောင်းဒိုမိန်းမြို့မှာ စည်းမျဉ်းတွေကို

တင်းတင်းကြပ်ကြပ်  ထိန်းချုပ်ထားဖို့ပဲ။ ပြောရရင် သူတို့ရဲ့
အဓိက ရည်ရွယ်ချက်ကတော့
ပုန်းကွယ်နေသောနဂါးစေတီမှာရှိတဲ့
ကံကြမ္မာစွမ်းအားအတွက် တိုက်ပွဲကို အဓိကထားတာလေ။

ပုန်းကွယ်နေသောနဂါးစေတီကို ဘယ်အင်အားစုကမှ
တစ်ဦးတည်း သိမ်းပိုက်မထားနိုင်ဘူး။ ဒါပေမယ့်
ဆန်းကြယ်တိုက်ကြီးရဲ့အထွတ်အထိပ်တည်ရှိမှုကသာ
ကိုယ်ပိုင်ရတနာအဖြစ်သိမ်းပိုက်နိုင်မယ်လို့ လူတိုင်း
ရှင်းရှင်းလင်းလင်း သိထားကြလို့လေ။

ဒါကြောင့် လူတိုင်းက အဆင့်မြင့်အင်အားစုတွေအချင်းချင်း
ပူးပေါင်းပြီး သိမ်းပိုက်ထားဖို့ကလွဲလို့
အခြားရွေးချယ်စရာမရှိနိုင်ခဲ့ဘူး။

ပုန်းကွယ်နေသောနဂါးအဆင့် အတွက်.....  ဟားဟား။ အဲဒါက
အဆင့်နိမ့်အင်အားစုတွေကို နှစ်သိမ့်ဖို့ ဖန်တီးထားတဲ့
အရာတစ်ခုသာသာပဲလေ။”

သားရဲကေရာဇ်က စကားကိုရပ်တန့်ပြီး ယန်ယွဲ့ကို စိုက်ကြည့်လိုက်၏။ “ကလေး! ဘယ်လိုပဲဖြစ်ဖြစ် မင်းက တရားစီရင်ရေးအဖွဲ့ကို လုံးဝ ပြဿနာရှာလို့မရဘူးဆိုတာ သတိရပါ။ မဟုတ်ရင် မင်းက အသက်ဘယ်လောက်ပဲရှိရှိ ရှင်နိုင်မှာမဟုတ်ဘူး။ ငါ မင်းကို ကြောက်လန့်အောင်ခြောက်နေတာမဟုတ်ဘူးနော်။

မင်း သူတို့ကို စော်ကားလိုက်မိတာနဲ့ မူလကျောင်းတော်ရဲ့ ကန့်သတ်နယ်မြေကို ထွက်ပြေးရင်တောင် သေချာတယ်.... ဘယ်လိုပဲဖြစ်ဖြစ် မင်းက သေရမှာပဲ!”

"သူတို့က ဒီလောက်တောင်ကြောက်ဖို့ကောင်းတယ်လား?" ယန်ယွဲ့က မယုံကြည်နိုင်သော လေသံဖြင့် ပြောသည်။

“သူတို့အထဲမှာ အဆင့်နိမ့်ဆုံးအဖွဲ့ဝင်က ချီးမြှောက်ခြင်းနယ်ပယ် မှာ ရှိတယ်။

မင်း ဘယ်လိုထင်လဲ?" သားရဲကေရာဇ်က
အနည်းငယ်ထူးဆန်းသောအပြုံးဖြင့်ပြောလိုက်၏။

ဂလု

ဒီစကားကိုကြားပြီးနောက်
ယန်ယွဲ့ကအလွန်အမင်းတုန်လှုပ်သွားကာတံတွေးပင်ခဲခဲယဉ်း
ယဉ်းမျိုချမိလိုက်သည်။

အဆင့်နိမ့်ဆုံးအဖွဲ့ဝင်ကတောင် ချီးမြှောက်ခြင်းနယ်ပယ်လား?
ဒါဆိုရင် အဆင့်မြင့်အာဏာပိုင်တွေက? ဖြစ်ကောင်းဖြစ်နိုင်
ထိုကဲ့သို့သောအင်အားစုသာသူ့နောက်ကိုလိုက်လံဖမ်းဆီးနေ
ပါက သားရဲကေရာဇ်သည်ပင် ကယ်တင်ရန်
မဖြစ်နိုင်တော့ပေ။

သားရဲကေရာဇ်က ဖြည်းညှင်းစွာပြောလိုက်သည်။
“ဟုတ်တယ်၊ မြို့ထဲမှာ အမိန့်ရှိပေမဲ့၊ အဲဒီအမိန့်က
မဟာချင်အင်ပါယာနဲ့ မတူဘူး။

သူတို့ရဲ့အကျိုးအမြတ်ကို အခြားသူတွေလုယူခွင့်မရှိဘူးဆိုတဲ့
အမိန့်လေ........

ဟဟ! ဒါ့အပြင် အရာရာတိုင်းကို ခွန်အားနဲ့ သာ
အုပ်ချုပ်တယ်လို့ဆိုနိုင်တယ်။တစ်နည်းပြောရရင်တော့
ဒီအဆင့်မြင့်အင်အားစုတွေရဲ့အကျိုးအမြတ်ကိုမထိခိုက်စေသ
ရွေ့အချင်းချင်းသတ်ဖြတ်ရင်တောင်ဘာမှမဖြစ်နိုင်ဘူး။
ဒါ့အပြင်တစ်ခါတစ်လေမှာသူတို့ကိုယ်စားလုပ်ကိုင်ပေးသင့်
တာတွေလည်းရှိနိုင်မယ်။ ဒီနည်းနဲ့ဆိုရင် မင်းရင်ဆိုင်ရတဲ့
ဒုက္ခတွေကို အနည်းနဲ့အများတော့ လျှော့ချနိုင်မှာပါ!”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။  "သားရဲကေရာ်ဇ် ပြောခဲ့သလိုပါပဲ။ သူလည်းဒီအခြေခံသဘောတရားကို သိရှိထား၏။"

ထို့နောက်တွင် ယန်ယဲ့က သားရဲကေရာ်ဇ်ကို ထပ်မံဦးညွတ်လိုက်သည်။“အကြီးအကဲ၊ အခုအချိန်မှာ ဒီဂျူနီယာကိုချီးမြှောက်ခဲ့တဲ့ ကြင်နာမှုကို ဘယ်တော့မှ မမေ့ပါဘူး။ နောင်တစ်ချိန်မှာ စီနီယာက ဒီဂျူနီယာရဲ့အကူအညီကိုလိုအပ်တယ်ဆိုရင် တတ်နိုင်သမျှ အရာအားလုံး ငြင်းဆန်မှာမဟုတ်ဘူး! ဒီဂျူနီယာက ကောင်းကင်ဘုံကိုတိုင်တည်ပြီးကျိန်ဆိုပါတယ်။ ”

"ရန်ငြိုးဖွဲ့ခြင်း၊ လက်စားချေခြင်း၊ ကြင်နာမှုကို ပြန်လည်ပေးဆပ်ခြင်း" ဤသည်မှာ ယန်ယဲ့၏နှလုံးသားထဲတွင် သတ်မှတ်ထားသော နိယာမဖြစ်သည်။

သားရဲကေရာဇ်သည် ခရမ်းရောင်မင့်ခ်ကလေးကြောင့် သူ့ကို ကူညီပေးခဲ့သော်ငြား၊
သူ့အပေါ် ပြသခဲ့သောကြင်နာမှုကိုပြန်၍ပေးဆပ်ရမည်ဖြစ်သည်။

ထိုအချိန်တွင် သားရဲကေရာဇ်က ပြုံးပြီးပြောလိုက်သည်။
"မင်းက သူ့နဲ့ဆက်ဆံရေးကို
အရမ်းအလေးထားသလို၊တစ်ဖက်မှာလည်းမင်းရဲ့ပင်ကိုယ်စိတ်ထားကိုက သစ္စာရှိတဲ့သူဆိုတာ.....။ ဒီကေရာဇ်က မင်းကို ယုံပါတယ်၊
ပြီးတော့ ခရမ်းရောင်မင့်ခ်ရဲ့ထောက်ခံချက်ကို ငါယုံတယ်။
မင်းရဲ့အကူအညီလိုနေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး နောင်မှာ မင်းကိုပြောပြမယ်။ အခုအချိန်မှာ မင်းရဲ့ခွန်အားက အားနည်းနေသေးလို့ ငါ့ကို ကူညီနိုင်မှာမဟုတ်ဘူး!"

ယန်ယွဲ့က ခေါင်းညိတ်ပြီး ပြောလိုက်ပါသည်။ "ဒီလိုဆိုမှတော့ ဒီဂျူနီယာကပြီးမြောက်အောင်လုပ်နိုင်စွမ်းရှိတယ်လို့ ထင်တဲ့အခါ စီနီယာက လာရှာနိုင်တယ်။ တခြားဘာမှ မရှိတော့ရင် ဒီဂျူနီယာက ဒီမှာပဲ နှုတ်ဆက်လိုက်ပါတယ်!”

သားရဲကေရာဇ်က ခေါင်းညိတ်လိုက်ကာ "ကောင်းပြီ၊ မင်းကို ရှေးဟောင်းစစ်မြေပြင်ဆီတစ်ခါတည်းပို့ပေးလိုက်မယ်!"

စကားဆုံးသည်နှင့် သားရဲကေရာဇ်က လက်ကို ဝှေ့ယမ်းလိုက်ရာ ယန်ယွဲ့၏ပုံရိပ်က  ချက်ချင်းဆိုသလိုပဲ ပျောက်ကွယ်သွားခဲ့သည်...။

ယန်ယွဲ့ ပျောက်ကွယ်သွားသည့်နေရာကို ငေးကြည့်ရင်း၊ သားရဲကေရာဇ်က တိတ်ဆိတ်သွားပြီး အချိန်အတော်ကြာပြီးနောက် ရယ်မောလိုက်၏။ “တည်ထောင်သူကေရာဇ်! ဟူး.....! လူအိုကြီး ဗွီ။

မင်းတို့နှစ်ယောက်စလုံးက ဒီကလေးကို
စွန့်လွှတ်လိုက်တဲ့အတွက်
ဘဝတစ်လျှောက်လုံးနောင်တတွေတစ်သီတစ်တန်းရသွားလိမ့်မယ်။

သူ့ရဲ့အနားမှာရှိနေတဲ့ လေဟာနယ်မင့်ခ်ကလေးကိုကြည့်တာနဲ့ ဒီကလေးကဘယ်လိုလုပ်
သာမန်လူတစ်ယောက်ဖြစ်နိုင်မှာလဲ။

ဒါ့အပြင် ဒီခရမ်းရောင်မင့်ခ်က နှစ် ၁၀,၀၀၀ သမိုင်းမှာတောင်
ရှားပါးသွေးမျိုးဆက်ဖြစ်တဲ့
ခရမ်းရောင်သူတော်စင်လေဟာနယ်မင့်ခ်ဖြစ်နေတယ်။

ပြီးတော့ ဉာဏ်အလင်းရဓားနှလုံးသား? ဟားဟား!
ဉာဏ်အလင်းရဓားနှလုံးသားက သူ့ရဲ့ခန္ဓာကိုယ်ထဲက
လျှို့ဝှက်ဆန်းကြယ်တဲ့အရာတွေနဲ့ နှိုင်းယှဉ်လိုက်ရင်
ဘာမှမဟုတ်ပါဘူး....”

ကျယ်လောင်စွာရယ်မောပြီးနောက် သားရဲကောင်ရာဇ်က ချက်ခြင်းပျောက်ကွယ်သွားလေတော့သည်။

ဆက်ရန်

......

အဆုံးမဲ့စားကမ္ဘာ ၂၉၇ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၉၇)] - ဝင်ပေါက်လေးခု။

ယန်ယဲ့သည် အချိန်အတော်တော်ကြာသတိမေ့နေရာမှ ရုတ်တရက်သတိပြန်လည်လာပြီးနောက်တွင်ခေါင်းယမ်းကာ မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။

တစ်ချိန်တည်းတွင် သူ့ရှေ့မှ မြင်ကွင်းကို မြင်လိုက်ရတဲ့အခါ ချက်ချင်း ထိတ်လန့်သွား၏။

သူသတိရလာချင်းတွေ့လိုက်ရသည်ကား
အလွန်ကြီးကျယ်ခမ်းနားသော
မြို့ကြီးတစ်မြို့ဖြစ်နေပေသည်။

မြို့က
အလွန်ကြီးမားသည်ဟူသောစကားထက်ပင်ပို၍ကြီးမားနေပါသည်။

မြို့ရိုးအရှည်သည်ပင် တစ်ကီလိုမီတာကျော်နီးပါး
မြင့်မားသောကြောင့် ဖြစ်သည်။

မြို့ရိုး၏အကျယ်အဝန်းက အလွန်ကျယ်ပြန့်လှပြီး သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူဖြစ်သည့်ယန်ယွဲ့ပင် ထွင်းဖောက်မမြင်နိုင်ပေ။

ဤရှေးဟောင်းမြို့သည်
သူမြင်တွေ့ဖူးသမျှမြို့ကြီးများအားလုံးတွင် အခမ်းနားဆုံးနှင့် အကြီးမားဆုံးမြို့ဟုဆိုနိုင်သည်။

ရတ်စွအဆုံး မဟာချင်အင်ပါယာ၏
အင်ပါယာမြို့တော်သည်ပင် ၎င်းနှင့် မနှိုင်းယှဉ်နိုင်ပေ။

သိပ်မကြာခင်မှာပဲ ယန်ယွဲ့၏အကြည့်များသည် မြို့ရိုးအလယ်တည့်တည့်မှ "ရှေးဟောင်းဒိုမိန်းမြို့"ဟူသော စကားလုံးသုံးလုံးရေးထိုးထားသောနေရာဆီသို့ကျရောက်သွားခဲ့သည်။

"ဟားဟား!

နောက်ထပ်အသစ်တစ်ယောက် ရောက်လာပြီ။ သူက ကောင်းကင်၊ မြေကမ္ဘာ၊ လူသား နဲ့ ခွေးတိုးပေါက်တွေထဲကမှ ဘယ်ဝင်ပေါက်ကို ရွေးချယ်လိမ့်မလဲ?

လူဝင်ပေါက်ကိုရွေးမှာလား? ဒါမှမဟုတ် ခွေးတိုးပေါက်လား?" ယန်ယဲ့သည် ရှေးဟောင်းဒိုမိန်းမြို့၏ ကြီးကျယ်ခမ်းနားမှုကို ထိတ်လန့်နေချိန်တွင် ဘေးနားမှ လှောင်ပြောင်သော အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာခဲ့သည် ...။

ယန်ယဲ့သည် သူ့အကြည့်ကိုရပ်တန့်လိုက်ကာ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထို့နောက် သူ့ရှေ့တွင် ရပ်နေသော လူငယ်တစ်စုကို မြင်လိုက်ရပြီး လှောင်ပြောင်သော အကြည့်များဖြင့် သူ့ကို

ငေးကြည့်နေရင်းလက်မ
အောက်စိုက်ပြသည်ကိုပါမြင်တွေ့လိုက်၏။

သူ့အား လှောင်ပြောင်နေသော လူငယ်အုပ်စုကိုကြည့်ရင်း
၎င်းတို့သည် အခြားနယ်မြေများမှဖြစ်ကြောင်း
သတိထားမိလိုက်၏။

အဘယ်ကြောင့်ဆိုသော် တောင်ပိုင်းနယ်မြေ၏
လူငယ်မျိုးဆက်ဆိုပါကသူ့ကိုမမှတ်မိစရာမကြောင်းမရှိပေ။

သူက အလွန်အမင်းထူးချွန်နေ၍တော့မဟုတ်ပေ။ ယင်းအစား
တောင်ပိုင်းနယ်မြေတစ်ခုလုံးမှ လူငယ်မျိုးဆက်များ၏
စုပေါင်းရန်သူဖြစ်နေသောကြောင့်ပါ။

ထို့ကြောင့် ဒီလူငယ်များသာတောင်ပိုင်းနယ်မြေမှဆိုပါက
သူ့ကိုလှောင်ပြောင်နေမည်မဟုတ်ပေ၊ တစ်ခါတည်း
သတ်ဖြတ်ရန်ကြိုးစားလာပေလိမ့်မည်။

ယန်ယဲ့သည် သားရဲကေရာဇ်၏စကားများကို
ပြန်ပြီးသတိရသွားသောကြောင့် အကြည့်ကို ရုတ်လိုက်ပြီး
လူငယ်အုပ်စုကို ဂရုမစိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။
ထို့နောက် သူသည် ရှေးဟောင်းဒိုမိန်းမြို့၏ ဝင်ပေါက်ဆီသို့
စတင်လျှောက်လာခဲ့သည်။

သို့သော်၊

ရုတ်တရက် သူ့အရှေ့တွင်
ဝင်ပေါက်လေးခုရှိနေသည်ကိုသတိပြုမိသွားကာ
ရှေ့ဆက်လျှောက်နေသောခြေလှမ်းကိုအလိုလိုရပ်တန့်မိလိုက်
၏။

ဘယ်ဖက်တည့်တည့်ရှိ ဝင်ပေါက်သည် အကြီးဆုံးဖြစ်သည်။

အမြင့် ၁၅၀ မီတာ ကျော် နှင့် အကျယ် မီတာ ၁၀၀ ကျော် ဝန်းကျင်ရှိပြီးအလွန်ခမ်းနားထည်ဝါသောပုံစံဖြင့်ဆောက်လုပ်ထား၏။

ဟမ်! ရုတ်တရက် ယန်ယွဲ့၏မျက်လုံးများက ဤဝင်ပေါက်ကို မြေကမ္ဘာအဆင့်ရွှေသံမဏိဖြင့် တည်ဆောက်ထားသည်ကိုသတိပြုမိလိုက်ကာ အလွန်ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

"မြေကမ္ဘာအဆင့်ရွှေသံမဏိ"

၎င်းသည် မြေကမ္ဘာအဆင့်မြင့်ရတနာတစ်ခုဖြစ်သော ရွှေသံမဏိဖြစ်သည်။

ရွှေသံမဏိသည် သံမဏိထက်များစွာမာကြောသော ရတနာသတ္တုတစ်မျိုးဖြစ်ပြီး

ဆေဘာခားဂိုဏ်းလိုမဟာဂိုဏ်းကြီးတစ်ခုတွင်ပင်အလွန်ရှား
ပါးလှသည်။

ယခုမူကား မြို့တော်၏အဝင်ဝတွင်ရွှေသံမဏိကိုအသုံးပြုပြီး
မြို့ဝင်ပေါက်အဖြစ်ဖန်တီးထားခဲ့လေသည်။
အဆောင်သခင်အစည်းအရုံးတစ်ခုလုံး၌ပင် ရွှေသံမဏိကို
များစွာအသုံးပြုနိုင်ခြင်းမရှိပေ။

ယန်ယဲ့သည်ဝင်ပေါက်၏ထိပ်ဆုံးဗဟိုဆီသို့
စူးစိုက်စိုက်ကြည့်နေရင်း
စိတ်ထဲတွင်တိုးတိတ်စွာရေရွတ်လိုက်မိပါသည်။

ထိုနေရာတွင် 'ကောင်းကင်ဝင်ပေါက်'ဟူသောစာလုံးနှစ်လုံးကို
ခရမ်းရွှေရောင်ဖြင့်ရေးထိုးထားသည်ကို မြင်တွေ့နေရ၏။

သိပ်မကြာခင်မှာပဲ သူက

အလွန်အံ့ဩဖွယ်တုန်လှုပ်ဖွယ်အရာတစ်ခုကိုထပ်မံတွေ့ရှိသွားပါ

တော့သည်။

၎င်းသည် "ကောင်းကင်ဝင်ပေါက်"၏

ဘေးတစ်ဖက်တစ်ချက်စီတွင် ရပ်နေသော

လူနှစ်ယောက်ပင်ဖြစ်သည်။

ထိုလူနှစ်ဦးသည် အလွန်သာမန်ဆန်သော

အသွင်အပြင်များသာရှိသော်ငြား၊

ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ်အရှိန်အဝါများ

ဖြာထွက်နေခဲ့၏။

"ဒီကောင်းကင်ဘုံဝင်ပေါက်က ဘာလဲ? ဝင်ပေါက်ကို

စောင့်ကြပ်ဖို့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေကိုတောင်စေ

လွှတ်ထားရတာလား?"

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့က အကြည့်ကို ရွှေ့ကာ ကောင်းကင်ဝင်ပေါက်ဘေးရှိ ဝင်ပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

ဤဝင်ပေါက်သည် ကောင်းကင်ဝင်ပေါက်နှင့်  နှိုင်းယှဉ်ပါက များစွာသေးငယ်ပြီး မြေကမ္ဘာအဆင့်ရှေးသံမဏိနှင့်တည်ဆောက်ထားခြင်းပင်မရှိချေ။

၎င်းကို သဲကျောက်တုံး(Fortified Steel)ဟုခေါ်သော ဆန်းကြယ်အဆင့်မြင့်ကျောက်တုံးများဖြင့်သာ တည်ဆောက်ထား၏။

သဲကျောက်တုံးသည် အလွန်အဖိုးတန်သော်ငြား၊ မြေကမ္ဘာအဆင့်မြင့်ရှေးသံမဏိနှင့်နှိုင်းယှဉ်ပါက အလွန်နိမ့်ကျလှသည်။

ကောင်းကင်ဝင်ပေါက်ကဲ့သို့ပင် ဤဝင်ပေါက်ကိုလည်း ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူနှစ်ဦးက စောင့်ကြပ်နေခဲ့၏။

သို့သော်၊ ကောင်းကင်ဝင်ပေါက်ရှေ့တွင် ရပ်နေသော ကျွမ်းကျင်သူနှစ်ဦးနှင့် နှိုင်းယှဉ်ပါက သူတို့၏ချီအရှိန်အဝါက များစွာ နိမ့်ကျနေပေသည်။

ဝင်ပေါက်၏ထိပ်တွင် စာလုံးနှစ်လုံးရေးထိုးထားသော်လည်း ၎င်းသည် 'ကောင်းကင်ဝင်ပေါက်' မဟုတ်ဘဲ၊ 'မြေကမ္ဘာအဆင့်ဝင်ပေါက်' ဟု ရေးထိုးထား၏။

ထို့နောက် ယန်ယဲ့၏အကြည့်သည် မြေကမ္ဘာအဆင့်ဝင်ပေါက်ဘေးရှိ ဝင်ပေါက်ဆီသို့ ရွှေ့လိုက်သည်။

သူသည် ဤဝင်ပေါက်ကိုမြင်သောအခါတွင် အနည်းငယ် မျက်မှောင်ကြုတ်လိုက်မိသည်။ မူလ ဝင်ပေါက်နှစ်ခုနှင့် ယှဉ်လျှင် ၎င်းက အနည်းငယ် နိမ့်ကျနေပုံရ၏။

ဤဝင်ပေါက်သည် ၁ မီတာခွဲခန့်သာမြင့်ပြီးအကျယ်ကလည်း ၁ မီတာခွဲပင်မရှိပေ။

တစ်နည်းဆိုရသော် လူတစ်ကိုယ်စာသာဝင်နိုင်ပြီး အတော်လေးသေးငယ်သည်ဟုဆိုနိုင်သည်။

ရုတ်တရက် ယန်ယွဲ့၏အကြည့်က ဝင်ပေါက်အထက်ရှိ "လူသားဝင်ပေါက်" ဟူ၍ ခပ်မှိန်မှိန်ရေးထိုးထားသော စာလုံးကို မြင်လိုက်ရာ

ချက်ချင်းပင် ခေါင်းယမ်းလိုက်မိသည်။

"ချီး! ဒီဝင်ပေါက်က နာမည်နဲ့ တကယ်လိုက်ဖက်ပါတယ်! ယန်ယွဲ့ကခေါင်းခါလိုက်ရင်းနောက်ဆုံးဝင်ပေါက်ကို လှမ်းကြည့်လိုက်တဲ့အခါ ချက်ချင်း အံ့အားသင့်သွား၏။

အဘယ်ကြောင့်ဆိုသော် နောက်ဆုံးဝင်ပေါက်ကို
"ဝင်ပေါက်"ဟု ခေါ်မည့်အစား
"အပေါက်သေးသေးလေး"ဟုသာ ခေါ်ဆိုသင့်ပေသည်။
ထို့အပြင် ၎င်းသည် သာမန်အပေါက်များထက်ပင်
အလွန်သေးငယ်သော အပေါက်တစ်ခုဖြစ်ခဲ့သည်။
အကယ်၍ တစ်စုံတစ်ယောက်သည် ဤဝင်ပေါက်ကို
ဝင်ရောက်လိုပါက လေးဖက်တွား၍ ဖြတ်သွားရလိမ့်မည်။

တစ်နည်းအားဖြင့်ဆိုရသော် ၎င်းသည် လုံးဝကို
လူဝင်ပေါက်မဟုတ်ပေ။

ယန်ယဲ့ကခေါင်းကို မော့လိုက်ပြီး ထိပ်ဆုံးတွင်
ရေးထိုးထားသော စာလုံးကို မြင်လိုက်ရတဲ့အခါ သိသိသာသာ
မျက်မှောင်ကြုတ်လိုက်မိသည် ။

ဝင်ပေါက်၏ထိပ်ဆုံး၌ရေးထိုးထားသည့် 'ခွေးတိုးပေါက်'
ဆိုသော စာလုံးကြောင့်ပါ။

ယန်ယွဲ့သည် အချိန်အတော်ကြာအောင်
ငြိမ်သက်နေပြီးနောက် မသိမသာ ခေါင်းယမ်းလိုက်၏။

"ဒါက ဝင်ပေါက်သက်သက်တွေပဲ မဟုတ်လား? ဘာဖြစ်လို့
ဒီလိုတွေနာမည်တပ်ထားဖို့လိုမှာလဲ?"

ထို့နောက် ယန်ယွဲ့သည် အတွေးများကို ရှင်းထုတ်လိုက်ကာ
တုံ့ဆိုင်းမနေဘဲ ကောင်းကင်ဝင်ပေါက်ဆီသို့
လျှောက်သွားလိုက်သည်။

ဤအခိုက်အတန့်တွင် လူများ ပိုများလာကာ ဝင်ပေါက်ရှေ့သို့
ရောက်လာကြသည်။ အစောပိုင်းကထက်
လူဒါဇင်ရာပေါင်းများစွာထူထပ်လာခဲ့၏။

ထိုအချိန်တွင် ယန်ယဲ့သည် ကောင်းကင်ဝင်ပေါက်ဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်တဲ့အခါ လူတိုင်းက ချက်ချင်းပင်မလှုပ်မယှက်ဖြစ်သွားပြီးယန်ယဲ့ကို စိုက်ကြည့်လိုက်ကြသည်။

ထို့အပြင် ယန်ယဲ့အပေါ် သူတို့၏အကြည့်များက အနည်းငယ် ထူးဆန်းစွာကြည့်နေသည့်ပုံပေါက်နေခဲ့သည်။

"အမ်! ဒီကောင်က ဘာလဲဟ! ကောင်းကင်ဝင်ပေါက်ကိုသွားနေတာလား? သူကတကယ်ပဲ ကောင်းကင်ဝင်ပေါက်ကို ရွေးခဲ့တာလား?

ဒါဆိုရင် သူက ဗဟိုနယ်မြေရဲ့အဆင့် ၉ မဟာဂိုဏ်းကြီး သုံးခုက ပါရမီရှင်တစ်ယောက်ယောက်များဖြစ်နေမလား?

ဒါပေမယ့် သူ့ကိုကြည့်ရတာ သိပ်မရင်းနှီးတဲ့ပုံပါပဲ။ ဒါ့အပြင် သူ့ရဲ့အသွင်ပြင်နဲ့ရိုးရာဝတ်စုံကိုအကဲခတ်ရတာ ငါ့တို့ ဗဟိုနယ်မြေက တစ်စုံတစ်ဦးနဲ့ မတူညီပါဘူး။ တကယ်လို့ သူသာ ဗဟိုနယ်မြေကမဟုတ်ရင် ကောင်းကင်ဝင်ပေါက်ကို ရွေးချယ်ရဲတယ်ဆိုတော့၊ ဒီလိုကြောက်စရာကောင်းတဲ့ပါရမီရှင်ကို ဘယ်နယ်မြေက မွေးထုတ်ပေးနိုင်တာလဲ?"

“ဟမ့်! မင်းတို့ ဗဟိုနယ်မြေကပဲ ကြောက်စရာကောင်းတဲ့ ပါရမီရှင်တွေကို မွေးထုတ်ပေးနိုင်တယ်လို့ ယူဆနေတာလား? သူက ငါတို့ရဲ့ မြောက်ပိုင်း နယ်မြေက ဖြစ်နိုင်တယ်။ ဟားဟား! သူက မြောက်ပိုင်းနယ်မြေက ဆိုရင် ငါတို့ရဲ့ မြောက်ပိုင်းနယ်မြေ က ဒီတစ်ကြိမ်မှာ အတော်လေးအရေးသာသွားပြီ။ အမှန်ပဲ...... ဟားဟား!"

"ဟမ်! သူက ငါတို့ရဲ့ အနောက်ပိုင်းနယ်မြေကလည်း ဖြစ်နိုင်တယ်!”

"အနောက်ပိုင်းနယ်မြေ? သူက တောင်ပိုင်းနယ်မြေကလို့ ဘာလို့ မပြောတာလဲ?

ဟာသပဲ! တောင်ပိုင်းနယ်မြေက ဟုတ်လား?

မင်းတို့ တောင်ပိုင်းနယ်မြေ နဲ့ အနောက်ပိုင်းနယ်မြေက ကောင်းကင်ဝင်ပေါက်ကို ရွေးချယ်ဖို့အသာထား၊ မြေကမ္ဘာဝင်ပေါက်ကိုတောင်ဖြတ်သွားနိုင်မဲ့သူမျိုး မွေးထုတ်ပေးနိုင်ပါ့မလား?”

"တောင်ပိုင်းနယ်မြေ? ဘောပဲ! ငါတို့ရဲ့အနောက်ပိုင်းတိုက်ကြီးကို ဒီလိုအမှိုက်တွေနဲ့ မနှိုင်းပါနဲ့။

ဒီတောင်ပိုင်းနယ်မြေရဲ့အမှိုက်တွေက
မြေကမ္ဘာအဆင့်ဝင်ပေါက်ကိုတောင်ဘယ်သူမှမဖြတ်နိုင်ဘဲ
တစ်ချို့တစ်ဝက်က ခွေးတိုးပေါက်ကနေ
ဖြတ်ကျော်သွားခဲ့တယ်။
ချီး! သူတို့ကိုယ်စား ငါတောင်အရှက်ရမိတယ်
!”

“ထားပါ......
အဓိပ္ပာယ်မရှိတဲ့အရာတွေအကြောင်း ဆက်မပြောနဲ့တော့။
ဒီလူက ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်သွားနိုင်မလားဆိုတာ ကြည့်လိုက်ရအောင်။
ဟီးဟီး...... ငါထင်တာမမှားရင် အခုချိန်ထိ
ကောင်းကင်ဝင်ပေါက်ကို ဘယ်သူမှ
မဖြတ်နိုင်ဘူးမဟုတ်လား?”

"တကယ်လို့တော့ မပြောနိုင်သေးဘူးဟ၊

ဗဟိုနယ်မြေရဲ့အဆင့် ၉ မဟာဂိုဏ်းကြီးသုံးခု၊

နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နဲ့

နတ်ဘုရားသားရဲနယ်မြေက ထိပ်ဆုံးရောက်ပါရမီရှင်တွေ

အခုထိရောက်မလာသေးဘူး။

ဒါကြောင့် အခုအချိန်အထိ ကောင်းကင်ဝင်ပေါက်ကို

ဘယ်လူတစ်ယောက်မှ မဖြတ်သန်းဖူးသေးဘူး။"

"တစ်ယောက်တောင် မရှိသေးဘူးလား? ဟားဟား! အခု တစ်

ယောက်တော့ရှိလာပြီမဟုတ်လား?"

သို့သော် ယန်ယွဲ့သည်

ကောင်းကင်ဝင်ပေါက်ရှေ့သို့ရောက်သွားသည့်တိုင်

လူတိုင်းပြောဆိုနေသည်များကို သိပ်ပြီးစဉ်းစားမနေခဲ့ပေ။

"ကောင်းကင်ဝင်ပေါက်က အရမ်းကြီးမားတာကို လူတွေက ဘယ်လိုလုပ်ပြီး သေးငယ်တဲ့ ဝင်ပေါက်တွေကို ဘာကြောင့်ရွေးချယ်ရမှာလဲ?" သို့သော်ပြား ပတ်ဝန်းကျင်မှလာသည့်ထူးဆန်းသောအကြည့်မျိုးစုံကို ခံစားမိလိုက်ရာ 'ကောင်းကင်ဝင်ပေါက်'တွင် ထူးခြားမှုတစ်ခုရှိနေကြောင်း သိလိုက်ရသည်။

"ဒါပေမယ့် ဒါက အဆင်ပြေပါတယ်။ ဒီဝင်ပေါက်ရဲ့ ထူးခြားချက်က ငါ့ကိုမတားဆီးနိုင်ဘူး......မဟုတ်လား?" ဒီအချက်ကိုတွေးမိလိုက်တဲ့အခါ ယန်ယဲ့က ပတ်ဝန်းကျင်မှ အကြည့်များကို ဂရုမစိုက်ဘဲ အရှိန်မြှင့်လိုက်သည်။

ကောင်းကင်ဝင်ပေါက်၏ တစ်ဖက်တစ်ချက်စီတွင် ရပ်နေသော ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူနှစ်ဦးပင်

ယန်ယွဲ့လျှောက်လာသည်ကိုမြင်တဲ့အခါ မျက်ခွံများ
အဆက်မပြတ်လှုပ်ယမ်းသွားကြသည်။

သို့ရာတွင် သူတို့၏ မျက်လုံးထဲ၌ အထင်သေး
ရှုံ့ချမှုများရှိမနေဘဲ၊ လေးနက်ပြီး သိလိုသော
အမူအရာများသာ ရှိနေပေသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၉၈ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၉၈)] - အန္တရာများ

"ဟားဟား!" ယန်ယွဲ့သည် ကောင်းကင်ဘုံဝင်ပေါက် နှင့် ခြေ ၁၀ လှမ်း ဝန်းကျင်သာဝေးသောအချိန်တွင် လူအုပ်၏နောက်ကွယ်မှ ကျယ်လောင်သောရယ်မောသံများ ရုတ်တရက်ထွက်ပေါ်လာသည်။

စူးရှသော ရယ်မောသံ ရုတ်တရက် ထွက်ပေါ်လာသောကြောင့် လူအုပ်ကြီးက အလိုလို လှည့်ကြည့်လိုက်မိကြ၏။

ထို့နောက် အဖြူရောင်ဝတ်လူငယ်တစ်ဦးသည် ယန်ယွဲ့၏ရှေ့တွင် လျို့ဝှက်ဆန်းကြယ်စွာ ပေါ်လာခဲ့သည်။

လူငယ်က အသက် ၂၀ ဝန်းကျင်ရှိပုံရပြီး၊ရှည်လျားသောဆံပင်များက သူ့ပုခုံးပေါ်တွင် ဖြည်းညှင်းစွာချိတ်ဆွဲထား၏။

သူ့မျက်လုံးများက ဝိညာဉ်စွမ်းအားများနှင့်ပြည့်နှက်နေကာ ပါးစပ်ထောင့်တွင် ခပ်ဖျော့ဖျော့အပြုံးတစ်ခု ချိတ်ဆွဲထားသလို လက်နှစ်ဖက်ကို နောက်ပစ်ထားသည်။

လူငယ်က ရည်ရွယ်ချက်ရှိရှိ မပြသော်လည်း လူအုပ်ကြီးက သူ၏ အလွန်တရာမောက်မာမှုကို ရှင်းရှင်းလင်းလင်း ခံစားလိုက်ရသည်။

လူငယ်က ထပ်မံ ရယ်မောလိုက်ကာ "အိုး! ဒါက ရှေးဟောင်းဒိုမိန်းမြို့လား။ မဆိုးပါဘူး! မဆိုးပါဘူး! ဒီသခင်ငယ်ကို စိတ်မပျက်စေဘူးပဲ!"

"ဟမ်?" အံ့အားသင့်စရာ ပေါ့ပေါ့ပါးပါး ရယ်သံအပြီးတွင် လူငယ်ဟာ ဝင်ပေါက်လေးခုကို တစ်ချက်ကြည့်လိုက်မိသွားလေသည်။ “အိုက်ယား! ဒါက ရှေးဟောင်းဒိုမိန်းမြို့ရဲ့ ပထမဆုံး မြို့သခင်ဖန်တီးခဲ့တဲ့ ဂုဏ်သိက္ခာအရဝင်ပေါက်တွေလား? ခွေးဝင်ပေါက်?ဟားဟား! ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းလိုက်သလဲ!"

ထိုအချိန်တွင် ဝင်ပေါက်၏ဘေးနှစ်ဖက်၌ ရပ်နေသော ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတစ်ဦးက ရှေ့သို့တိုးလာပြီး လူငယ်ကိုစိုက်ကြည့်ကာ အသံတိုးတိုးဖြင့်မေးလိုက်သည်။

"လူငယ်! မင်းရဲ့အထောက်အထားကို ဖော်ပြပါ!"

လူငယ်က အစောင့်၏အမူအရာကို လျစ်လျူရှုကာ
ပြုံးလိုက်ပြီး "ဗဟိုနယ်မြေရဲ့အနန္တဂိုဏ်းက ရှီလော့( Xi Luo)။ လူတွေက ငါ့ကို လူငယ်သခင် ရှီ လို့ ခေါ် ကြတယ်။ ဒါ့အပြင် ဒီရှီလော့က အသက် ၂၀
အရွယ်နဲ့သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကိုရောက်ရှိနေပြီး ပြီ။ ဒါ အမှန်ပဲ..... ပြောရမယ်ဆိုရင်
ဝိညာဉ်နယ်ပယ်အလွှာတစ်ပိုင်းအဆင့်ဖြစ်သင့်တယ်။"

"အနန္တဂိုဏ်းရဲ့လူငယ်သခင် ရှီလော့!"

လူငယ်၏ သူ့ကိုယ်သူ
မိတ်ဆက်လိုက်သောစကားသံကိုကြားလိုက်ရာ
ပတ်ဝန်းကျင်ရှိလူတိုင်း မိန်းမောသွားကြလေသည်။

လူငယ်ကို စိုက်ကြည့်နေသောအကြည့်များတွင်
တုန်လှုပ်ချောက်ခြားမှုများ၊ စိတ်လှုပ်ရှားမှုများနှင့်
ပြည့်နှက်နေ၏။

ယန်ယဲ့က လူငယ်၏စကားကိုကြားသောအခါ အနည်းငယ် အံ့သြသွားလေသည်။

ထိုရှီလော့ကအနည်းငယ်ရိုင်းစိုင်းနေပုံရသော်ငြား၊ အခြားလူငယ်များကိုလျော့ပြောင်ရှုံ့ချခြင်းမပြုခဲ့ပေ။

ထို့ကြောင့် သူသည် အပြန်အလှန်အားဖြင့်၊ လူငယ် ရှီလော့၏ ပြတ်သားမှုနှင့် ယုံကြည်မှုအပေါ် အလွန်အထင်ကြီးသွားမိသည်။

ထိုအချိန်တွင် ရှီလော့က ပြုံးလိုက်ပြီး ကောင်းကင်ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားလိုက်၏။ သူက ခြေလှမ်းနှစ်လှမ်းသာလှမ်းလိုက်ပြီးနောက်

ရုတ်တရက်ရပ်လိုက်ကာ ယန်ယဲ့ကို
ပြန်လှည့်ကြည့်လိုက်သည်။
ယန်ယဲ့ကို ကြည့်နေရင်း မျက်ခုံးများပင့်လိုက်ကာ
"ငါပြောတာမမှားဘူးဆိုရင် အစောပိုင်းတုန်းက မင်း
ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့ ရည်ရွယ်နေပုံပဲ။"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဟုတ်တယ်၊ ဒီဝင်ပေါက်က
အရမ်းကြီးတယ်၊ ဒါကြောင့် ဝင်ပေါက်ကြီးကို ဘာလို့မယူဘဲ
သေးငယ်တဲ့ ဝင်ပေါက်တွေကို ယူရမှာလဲ?"

"အိုး?" ရှီလော့၏မျက်လုံးများတွင်
စိတ်ဝင်တစားအမူအရာတစ်ခု ဖျတ်ခနဲ ပေါ်လာပြီးနောက်
ယန်ယဲ့ကို
မှတ်ချက်ပေးသည့်အနေဖြင့်နောက်တစ်ကြိမ်စိုက်ကြည့်လိုက်
သည်။

“သိုင်းဘုရင်အဆင့် ၁ ။ မင်းရဲ့အော်ရာက

တည်ငြိမ်ပြီး နက်နဲတယ်။ ဒါပေမယ့် မင်းရဲ့

ကျင့်ကြံမှုအဆင့်က အတော်လေး နိမ့်ကျလွန်းတယ်။ ဟမ်၊

ကောင်းကင်ဘုံဝင်ပေါက်က ဘယ်လောက်ထိ

ကြောက်စရာကောင်းလဲ မင်းမသိဘူးထင်တယ် ဟုတ်ရဲ့လား/"

"တကယ်ပါပဲ!" ယန်ယဲ့က ပွင့်ပွင့်လင်းလင်းပြောလိုက်၏။

"ရှေးဟောင်းဒိုမိန်းမြို့ကိုလာရောက်တာ ငါ့အတွက်

ဒါပထမဆုံးအကြိမ်ပဲ!"

ချီး..ဟ...! ရှိလော့သည်ပင် အလွန်အံ့အားသင့်သွားကာ

“ဘယ်လောက်ထိ ကြောက်စရာကောင်းလဲ မသိတာတောင်

မင်းက ကောင်းကင်ဝင်ပေါက်ကို ရွေးချယ်ရဲတာလား?”

ဒီစကားကိုကြားတော့
ယန်ယဲ့လည်းမျက်မှောင်ကြုတ်သွား၏။
သူက ကောင်းကင်ဝင်ပေါက်ကို တစ်ချက်ကြည့်လိုက်သည်။
“ဒါက ဝင်ပေါက်တစ်ခုပဲ မဟုတ်လား? ငါဘာလို့
မရွေးဝံ့ရမှာလဲ။"

လူငယ်ရှီလော့က ယန်ယဲ့၏စကားကိုကြားလိုက်တဲ့အခါ
ချက်ချင်းပင် လက်မထောင်ပြလိုက်၏။
"မင်းရဲ့စိတ်ဓာတ်နဲ့ခံယူချက်က
ကြောက်စရာကောင်းလိုက်တာ။ စကားမစပ်၊ မင်း
ဘယ်နယ်မြေရဲ့ဂိုဏ်းကလဲ။ မင်းရဲ့ဂိုဏ်းက တကယ်ကို
ထူးဆန်းတာပဲ။ မင်းလိုထူးဆန်းတဲ့လူတွေကို
ရှေးဟောင်းဒိုမိန်းမြို့ကိုစေလွှတ်လိုက်တာလား!”

ယန်ယဲ့က ပြန်ပြောရန်ပြင်လိုက်စဉ်မှာပဲ နောက်ကွယ်မှ စူးရှရှအသံထွက်ပေါ်လာသည်ကိုကြားလိုက်၏။

တစ်ချိန်တည်းမှာပင် သူက ချက်ချင်းမျက်မှောင်ကြုတ်လိုက်ကာ ဘေးဖက် ၁၀ မီတာခန့်အကွာသို့လျှပ်တစ်ပြက်ခုန်ထွက်သွားလေတော့သည် ။

လူငယ် ရှီလော့ ၏အမူအရာသည်ပင် အနည်းငယ်ပြောင်းလဲသွားကာ၊ သူကလည်း ဘေးတည့်တည့် ၁၀ မီတာအကွာတွင်ပြန်ပေါ်လာခဲ့သည်။

ဘန်း!

ထို့နောက် နှစ်ဦးသား ရုတ်တရုတ် လှမ်းကြည့်လိုက်တဲ့အခါ မီတာ ၃၀ ကျော်ရှည်လျားသော ဓားချီကြိုးတစ်ချောင်းက သူတို့ရပ်နေခဲ့သည့်နေရာကိုထိမှန်သွား၏။

ပြင်းထန်သောပေါက်ကွဲသံနှင့်အတူ မီတာ ၃၀ ရှည်လျားသော အက်ကြောင်းကြီးက မြေပြင်ပေါ်တွင် ဖြစ်ပေါ်လာခဲ့လေသည်။

"လူမိုက်ကောင်တွေ.... မင်းတို့နှစ်ယောက်လုံး မြန်မြန်သွားကြလေ!" ထိုအချိန်တွင် ပုခုံးပေါ်၌ ရောမဓားကြီးကို ထမ်းကာ အပေါ် ပိုင်းဗလာကျင်းနေသော လူငယ်တစ်ယောက်က ယန်ယွဲ့ နှင့် ရှီလော့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာသည်။

လူငယ်က တံတွေးတစ်ချက်ထွေးရင်းကျိန်ဆဲလိုက်ကာ သူတို့ကို တစ်ချက်ကြည့်လိုက်၏။ “လူမိုက်တွေ! ဒါက တံခါးတစ်ခုပဲ မဟုတ်လား? မင်းတို့နှစ်ယောက်က ဒီမှာ ဘာအတွက် အချိန်ဖြုန်းနေတာလဲ? ဒီသခင်လေးရဲ့လမ်းကို ပိတ်ဆို့နေတယ်လို့ ကိုယ့်ကိုယ်ကိုသတိမထားမိဘူးလား?”

သို့သော် ယန်ယွဲ့သည်လူငယ်လေးအား ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ ပခုံးတွန့်ပြရင်းနောက် သို့ ခြေလှမ်းနှစ်လှမ်းဆုတ်လိုက်သည်။

သူ့စိတ်ထဲတွင် "ဟူး.....၊ ပျင်းနေတာနဲ့အတော်ပဲ။ စမ်းသပ်ဖို့ တစ်စုံတစ်ယောက် ရောက်လာပြီပေါ့"

လူငယ်ရှီလော့ကလည်း ပေါ့ပေါ့ပါးပါး ပြုံးလိုက်ကာ ယန်ယွဲ့ဖက်သို့ ဆုတ်သွားပြီး ရှေ့ဆက်သွားမည့် လူငယ်ကို လက်မပြလိုက်သည် ။

“အနည်းဆုံးတော့ မင်းတို့နှစ်ယောက်လုံး ဘယ်လိုပြုမူရမလဲဆိုတာ သိသွားပြီပေါ့။ မဟုတ်ရင် ဒီသခင်လေးက မင်းတို့နှစ်ယောက်လုံးကို သတ်ပစ်ရလိမ့်မယ်!” လူငယ်သည်

ကောင်းကင်ဘုံဝင်ပေါက်ဆီသို့ မလှမ်းခင် အေးစက်စွာ အော်ဟစ်လိုက်သည်။

ရှီလော့က ပခုံးတွန့်လိုက်ပြီး ယန်ယဲ့ကိုပြန်ကြည့်လိုက်၏။
"ဟီးဟီး...! ဂုဏ်ယူပါတယ်!"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
"ဘာကိုဆိုလိုတာလဲ?"

လူငယ်ရှီလော့က တစ်ချက်ပြုံးပြီးပြောလိုက်၏။ "ဒီလူ ခံစားရမဲ့ အကျိုးဆက်ကို မင်းကြည့်လိုက်တာနဲ့ ကောင်းကင်ဝင်ပေါက်ကို ရွေးချယ်ရဲမှာမဟုတ်တော့ဘူး၊ ဒီလိုဆိုရင်
သေမှာလည်းမဟုတ်ဘူး။ ဒါဆို ငါ မင်းကို ဂုဏ်ပြုသင့်တယ် မထင်ဘူးလား"

"ဟုတ်လား?" ယန်ယဲ့က ရှီလော့၏စကားကိုအပြုံးနှင့်သာ တုံ့ပြန်လိုက်သည်။

ထို့နောက် သူသည် ကောင်းကင်ဝင်ပေါက်ရှေ့သို့ ရောက်ရှိလာသော လူငယ်ကို စိုက်ကြည့်နေလိုက်၏။

သူသည်လည်း ကောင်းကင်ဝင်ပေါက်က ဘယ်လောက်အထိ ကြောက်စရာကောင်းသည်ကို အတိအကျ မြင်ချင်မိသည်။

......။

"မင်းရဲ့ကိုယ်ပိုင်အဆင့်အတန်းကို သက်သေပြပါ!" အစောပိုင်းကပြောခဲ့သောဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက လူငယ်၏လမ်းကြောင်းကို ပိတ်ဆို့ကာ အေးစက်စက်အသံဖြင့် အော်လိုက်သည်။

လူငယ်က လက်ကောက်ဝတ်ကို လှည့်ကာ

သူ၏ပုခုံးပေါ်မှဓားကြီးကိုမြေပြင်သို့ထိုးစိုက်လိုက်သည်။

ဘုန်း

တစ်ခဏလေးအတွင်းမှာပဲ မြေပြင်ပေါ်တွင် ပင့်ကူမျှင်ကဲ့သို့

အက်ကြောင်းများထပ်လာသွားလေတော့၏။

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက လူငယ်ကို

စူးစိုက်ကြည့်ကာ ဘာမှမထူးခြားဘဲ ပြောလိုက်သည်။

"တစ်ချိန်က ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့

ကြိုးစားခဲ့တာကို လူတိုင်းသိနိုင်ဖို့

ကိုယ်ပိုင်အဆင့်အတန်းကိုဖော်ပြပါ။

တကယ်လို့ မင်းမအောင်မြင်ရင်တောင် မင်းရဲ့ဂိုဏ်းနဲ့

နေထိုင်ရာနယ်မြေကို ဂုဏ်သတင်း

ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်!"

ထိုအခါ လူငယ်သည် အစောပိုင်းတုန်းကလို

မောက်မာစွာ ပြုမူဝံ့ခြင်းမရှိတော့ဘဲ ချက်ချင်းပင်
ခေါင်းညိတ်လိုက်ကာ “အရှေ့ပိုင်းတိုက်ကြီး၊ အဆင့် ၅ ဂိုဏ်းရဲ့
တပည့်

ဝမ်ဂျင်ဒေါင်! ငါ့ရဲ့ကျင့်ကြံမှုအဆင့်က သိုင်းဘုရင်အဆင့် ၇ ။
တိုက်ပွဲမှာ ငါ့ရဲ့အကောင်းဆုံး အောင်မြင်မှုကတော့
ဝိညာဉ်နယ်ပယ် အလွှာအဆင့်ကျွမ်းကျင်သူကို
သတ်ပစ်နိုင်ခဲ့တယ်။” သူပြောပြီးသည်နှင့် ဝမ်ဂျင်ဒေါင်၏
မျက်နှာထက်တွင် ကျေနပ်မှုနှင့်
ဂုဏ်ယူဝင့်ကြွားမှုများပေါ်လာခဲ့သည်။

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက
ခေါင်းညိတ်လိုက်သည်။ "ဒါဆို ကျေးဇူးပြုပြီး သွားလိုက်ပါ!"

ဝမ်ဂျင်ဒေါင်က ခေါင်းညိတ်လိုက်ပြီး ကောင်းကင်ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားလိုက်သည်။

သူက ကောင်းကင်ဘုံဝင်ပေါက်ရှေ့သို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး ခန္ဓာကိုယ်အတွင်းမှ ဆန်းကြယ်ချီစွမ်းအင်များကိုတဟုန်ထိုးထုတ်ဖော်လိုက်သည်။

ရုတ်တရက် သူ၏ ရင်ဘတ်ကနေ အလင်းရောင်များ တဖျပ်ဖျပ်တောက်ပလာခဲ့သည်။

"ကြည့်ရတာ ဒီကောင်က အရူးမဟုတ်ဘူး! ခွန်အားတွေ စုဆောင်းရမယ်ဆိုတာတော့သိသေးတာပဲ။" ဒီအချိန်မှာပဲ လူငယ်သခင် ရှီလော့က ရုတ်တရုတ်ပြောလာခဲ့၏။

"ဘာကိုဆိုလိုတာလဲ?" ယန်ယွဲ့ကမေးလိုက်သည်။

လူငယ်သခင် ရှီလော့က ယန်ယွဲ့ကိုလှည့်ကြည့်လိုက်ရင်း လေးနက်သောအမူအရာဖြင့်ပြောလိုက်၏။

"ကောင်းကင်ဝင်ပေါက်က ဘယ်လောက်ထိ ကြောက်စရာကောင်းလဲဆိုတာ မင်းတကယ်မသိဘူးထင်တယ်။ ဝင်ပေါက်လေးခုရဲ့ နောက်ကွယ်က အဓိပ္ပါယ်က ဘာလဲဆိုတာကောသိသလား?"

ယန်ယွဲ့က ထပ်မံ၍ ခေါင်းခါလိုက်သည်။ "ငါ့ကို တစ်ချက်လောက် ရှင်းပြပေးပါဦး!"

အိုက်ယား။ ရှီလော့က သူ့နှဖူးသူရိုက်ကာယန်ယွဲ့ကို စိုက်ကြည့်ရင်း ခေါင်းယမ်းလိုက်၏။ “မင်းက ဝင်ပေါက်လေးခု အကြောင်းတောင် မသိဘဲ ရှေးဟောင်းဒိုမိန်းမြို့ကိုလာရဲတယ်။ ချီး....။ ဝင်ပေါက်လေးခုသက်သက်ပဲလား? မိုက်မဲလွန်းတယ်!”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်မိသည်။ "ဒါက ဝင်ပေါက်လေးခုပဲ မဟုတ်ဘူးလား?"

ရှီလော့က ခေါင်းခါပြီး ရှင်းပြလိုက်၏။ “မဖြစ်နိုင်ဘူး၊ ဒီသခင်ငယ်က ငါ့ရဲ့အခြေအနေကိုသိလို့ အတော်လေးစိတ်ကောင်းရှိနေတယ်။ ဒါကြောင့် ဒီဝင်ပေါက်တွေရဲ့ မူလဇစ်မြစ်နဲ့ အဓိပ္ပါယ်ကို မင်းကို အခမဲ့ ရှင်းပြပေးမယ်။

သန်မာတဲ့သူတွေသာ ဆန်းကြယ်တိုက်ကြီးမှာလေးစားခံရတယ်။ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းရှိဖို့ ခွန်အားလိုတယ်။ ဒါဟာ ဘယ်တော့မှမပြောင်းလဲတဲ့ နိယာမတစ်ခုပဲ။

ဒီနိယာမက ရှေးဟောင်းဒိုမိန်းမြို့မှာပိုလို့တောင်တင်းကြပ်သေးတယ်။

ဝင်ပေါက်လေးခုက  အဆင့်အတန်း ၄ မျိုးကို ကိုယ်စားပြုတယ်။

ကောင်းကင်ဝင်ပေါက်ကနေတစ်ဆင့်ဝင်ရောက်တဲ့သူတွေက ရှေးဟောင်းဒိုမိန်းမြို့မှာရှိနေတဲ့ကာလပတ်လုံး မင်းညီမင်းသားတွေလို့ မြင့်မားတဲ့အဆင့်အတန်းကို ပိုင်ဆိုင်ကြတယ်။ သူတို့က မြို့တော်ကနေမရေမတွက်နိုင်တဲ့ အကျိုးအမြတ်တွေရနိုင်တယ်။

ဒါ့အပြင် ရှေးဟောင်းဒိုမိန်းမြို့ထဲမှာ စည်းမျဉ်းချိုးဖောက်ခြင်းမရှိဘဲ သတ်ဖြတ်နိုင်သလိုနားနေခပေးစရာမလိုဘူးဆိုတဲ့အထူးအခွင့်အရေးတွေကို သေချာပေါက်ပိုင်ဆိုင်ရမယ်။

အရေးကြီးဆုံးကတော့ သူတို့ရဲ့မွေးရပ်နယ်မြေနဲ့ သူတို့ဆင်းသက်လာတဲ့ ဂိုဏ်း ဒါမှမဟုတ် မျိုးနွယ်စုကို ဂုဏ်ပြုဖို့ပါပဲ။

လွန်ခဲ့တဲ့နှစ်တွေတစ်လျှောက်လုံး ကံကြမ္မာစွမ်းအားကို ရယူဖို့ ပြိုင်ပွဲအတွင်းမှာ ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်ခဲ့သူအရေအတွက်ကို လက်ချိုးရေတွက်လို့ရတယ်!”

"မင်းဆိုလိုတာက ကောင်းကင်ဝင်ပေါက်မှာ မမြင်ရတဲ့အန္တရာယ်တွေ ဖုံးကွယ်ထားလို့လား။" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

“ဓားရှည်နဲ့လူငယ်က သူ့ရဲ့ခွန်အားတွေကိုကြိုတင်စုဆောင်းနေတာ ပြီးဆုံးတော့မယ်လေ။ ခဏနေရင် သူက မင်းကိုယ်တိုင် သက်သေပြနိုင်မှာပါ!” လူငယ်သခင်ရှီလော့က ပြုံးပြီး စကားပြောသည်။ သူက ပြုံးနေသော်လည်း အပြုံးထဲတွင် အနည်းငယ်ဆိုးရွားသောရည်ရွယ်ချက် သယ်ဆောင်လာသည်ကို သတိပြုမိနိုင်သည်...။

ယန်ယဲ့က ခေါင်းခါပြီး ထပ်မေးလိုက်သည်။ "ဒါဆို မြေကမ္ဘာဝင်ပေါက်ကကော?"

ဤအခိုက်အတန့်တွင် သူသည် ဝင်ပေါက်လေးခုကို အနည်းငယ်စိတ်ဝင်စားနေပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၂၉၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၂၉၉)] - ငါ သဘောကျတယ်

“မြေကမ္ဘာဝင်ပေါက်က ဝင်လာတဲ့လူတွေကလည်း အတူတူပဲ၊ မော်တယ်ကမ္ဘာရဲ့လူသားအရာရှိတွေ၊ တော်ဝင်မျိုးနွယ်တွေလိုပဲအထူး အထူးအခွင့်အရေးတွေကို ခံစားနိုင်တယ်။

ဒါပေမယ့် ကောင်းကင်ဝင်ပေါက်နဲ့ယှဉ်ရင်တော့ နိမ့်ကျတယ်။ နောင်မှာဒီခြားနားချက်ကို မင်းနားလည်လာပါလိမ့်မယ်၊ ဒါကြောင့် ငါ ဒီအကြောင်းကို ဆက်မပြောတော့ဘူး။” လူငယ် ရှီလော့က "လူသားဝင်ပေါက်က ဝင်တဲ့သူတွေအကြောင်း ဆက်ပြောရအောင်။

ဒီဝင်ပေါက်ကနေတစ်ဆင့် ဝင်ရောက်တဲ့သူတွေကတော သာမန်သေမျိုးတွေလိုပါပဲ။ သူတို့ရနိုင်တဲ့ အခွင့်အရေးတွေက ကောင်းကင်ဝင်ပေါက် နဲ့

မြေကမ္ဘာဝင်ပေါက်ကိုဖြတ်ကျော်တဲ့သူတွေနဲ့
ယှဉ်လို့မရဘူး။ကောင်းကင်ဝင်ပေါက် နဲ့
မြေကမ္ဘာဝင်ပေါက်ကနေ ဝင်ရောက်တဲ့သူတွေအားလုံးက
ရှေးဟောင်းဒိုမိန်းမြို့မှာ အခမဲ့နေထိုင်နိုင်ပေမယ်လို့
လူသားဝင်ပေါက်ကတော့ နေထိုင်မှုကြေးအနေနဲ့
စွမ်းအင်ကျောက်တုံး ၅၀ ပေးဆောင်ရမှာ။
ပြောရရင် စွမ်းအင်ကျောက်တုံး ၅၀ ဆိုတာက
အချို့လူတွေအတွက် အနည်းသယ်သာမကဘူး။”

"နေဖို့တောင် ပိုက်ဆံပေးရမှာလား?" ယနဲ့က
အံ့အားသင့်နေသော မျက်နှာဖြင့် ပြောလိုက်သည်။

"ဒါပေါ့!" ရှီလော့က "ရှေးဟောင်းဒိုမိန်းမြို့တော်ဟာ
ကီလိုမီတာ တစ်သိန်းကျော်ရှည်လျားတဲ့ ပတ်ဝန်းကျင်မှာ

တစ်ခုတည်းသောမြို့လေ။ တခြားမြို့တွေနဲ့ ယှဉ်လိုက်ရင် ဘေးကင်းတဲ့ နေရာတစ်ခုလို့တောင်ဆိုနိုင်တယ်။

အဲဒီနယ်မြေ၊ နတ်ဆိုးနယ်မြေနဲ့ နတ်ဆိုးနယ်မြေက လူငယ်တွေ ရောက်လာတာနဲ့ စွမ်းအင်ကျောက်တုံး ၅၀ ကို မပြောနဲ့၊

စွမ်းအင်ကျောက်တုံး ၅၀၀ ဖြစ်ရင်တောင် အတော်များများက ပေးချေကြလိမ့်မယ်။”

"ဘာကိုဆိုလိုတာလဲ?" ယန်ယွဲ့က အနည်းငယ်ရှုပ်ထွေးသွားကာထပ်မေးလိုက်၏။

ရှီလော့က သက်ပြင်းချလိုက်သည်။ "မင်း ဘယ်နယ်မြေနဲ့ ဘယ်ဂိုဏ်းကလဲ။ ဒီလောက်အတိုင်းအတာအထိ မင်းက ဘယ်လိုနည်းနဲ့မှ မသိနိုင်တာလဲ။"

ယန်ယဲ့၏မျက်နှာက ချက်ချင်း မည်းမှောင်သွားသည်။

"ရှီလော့! ဒီကောင်က စကားပြောတဲ့အခါ ဘယ်လိုထိန်းရမလဲ မသိဘူးလား?"

ထိုအချိန်မှာပဲ ရှီလော့က ခေါင်းယမ်းပြီး ဆက်ပြောလိုက်၏။

"ငါတို့အားလုံး ဒေသကြီး ၉ ခုကနေ ရောက်လာပေမယ့် ငါတို့မှာ တူညီတာတွေ ရှိတယ်။ ငါတို့က လူသားတွေပဲ။ အခြားတစ်ဖက်မှာ ငရဲဝိညာဉ်နယ်မြေ၊ နတ်ဆိုးနယ်မြေ နဲ့ နတ်ဆိုးနယ်မြေရဲ့လူငယ်တွေပဲ။ မတူကွဲပြားတဲ့ မျိုးနွယ်စုတွေကြားမှာသေချာပေါက် မကောင်းကြံတဲ့ရည်ရွယ်ချက်မျိုးစုံရှိနေလိမ့်မယ်။

မင်းလည်း ဒီလိုစကားမျိုး ကြားဖူးမှာပါ။

သူတို့မှာ အခွင့်အရေးရှိရင်၊ ငါတို့လူသားမျိုးနွယ်အားလုံးကို သတ်ပစ်ဖို့ တွန့်ဆုတ်နေမှာမဟုတ်ဘူး။ ဟုတ်ပါတယ်၊ ငါတို့လည်းအတူတူပါပဲ။ ငါတို့မှာ အခွင့်အရေးရှိနေသရွေ့

သူတို့ကို အစုလိုက်အပြုံလိုက်သတ်ပစ်ဖို့ တွန့်ဆုတ်နေမှာ မဟုတ်ဘူး။”

“မြို့ထဲမှာ တိုက်ခိုက်တာတွေကိုတားမြစ်ထားတာ မဟုတ်ဘူးလား?” ယန်ယွဲ့က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မြို့ပြင်ကကော။" ရှီလော့က “ဒီနားပတ်လည်ဧရိယာက အရမ်းကျယ်တယ်လေ။ ရှေးဟောင်းဒိုမိန်းမြို့ရဲ့ အနောက်တောင်ဖက်တည့်တည့်ကိုသွားရင် လျှို့ဝှက်ဆန်းကြယ်တဲ့ နဝမငရဲဘုံကိုရောက်လိမ့်မယ်။ တကယ်လို့ မင်းက အရှေ့ဖက်ကိုသွားမယ်ဆိုရင်တော့ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေတောင်မသွားရဲတဲ့

"သေမင်းကန္တာရ"ကို ရောက်လိမ့်မယ်။
မြောက်ဖက်အရပ်ကတော့
နတ်ဆိုးနယ်မြေကိုဝင်ရောက်ဖို့အတားအဆီးကြီးတစ်ခုဖြစ်တဲ့
ကောင်းကင်မျှော်စင်တောင်တန်းရှိနေတယ်။

ဒီနေရာတွေက အန္တရာယ်များတယ်ဆိုပေမယ်လို့ မမြင်နိုင်တဲ့
ကံကောင်းခြင်းတွေရှိနေတယ်။
ပုန်းကွယ်နေသောနဂါးစေတီကိုမဖွင့်ခင်မှာ
နယ်မြေအသီးသီးရဲ့လူငယ်တွေက ရတနာတွေရှာဖွေဖို့
ဒါမှမဟုတ်ရင် သေခြင်း၊ရှင်ခြင်း တိုက်ခိုက်ဖို့
အဲ့ဒီနေရာတွေကိုစုပြုံဝင်ရောက်ကြတယ်။
မင်းအခုနားလည်ပြီလား?"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ အခုတော့ သူက
အနည်းငယ် နားလည်သလိုရှိသွား၏။
ရှေးဟောင်းဒိုမိန်းမြို့တွင်သာရှိနေပါကလူတိုင်းဘေးပင်းလုံခြုံ

ပါလိမ့်မည်။ သို့ရာတွင်လူတိုင်းက ရတနာများ၊ ကံကောင်းခြင်းများကိုရှာဖွေရန်အတွက် မြို့ထဲမှထွက်ခွာလိုက်သည်နှင့်တစ်ပြိုင်နက် ဘေးကင်းလုံခြုံမှုမရှိတော့ပေ။ ထို့နောက် လူတိုင်း၏ သေခြင်း၊ရှင်ခြင်း အခြေအနေသည် ကိုယ်ပိုင်ခွန်အားအပေါ်တွင်သာမူတည်တော့သည်။

သေခြင်းကိုကြောက်လန့်သူများက ရှေးဟောင်းဒိုမိန်းမြို့တွင် ဆက်၍နေထိုင်နိုင်ပေသည်။

သို့သော်ငြား၊ မြို့ထဲကနေခြေတစ်လှမ်းမှထွက်ခွာခြင်းမရှိပါက အင်အားတိုးတက်လာရန်နည်းလမ်းမရှိပေ။

ကိုယ်ပိုင်ခွန်အားမြင့်တက်လာရန် အခြားသူများကို လုယက်သတ်ဖြတ်ရန်သာရှိ၏။

ဟူး.....။

ယန်ယဲ့သည် ခေါင်းယမ်းလိုက်ရာ ဆက်၍ တွေးမနေတော့ပေ။ မည်သို့ပင်ဆိုစေ အခြားသူများ၏ ကံကြမ္မာက သူနှင့် လုံးဝ မသက်ဆိုင်သလို သူ အသက်ရှင်နေသရွေ့တော့ ကောင်းမွန်နေပေဦးမည်။

ထိုကဲ့သို့ ဆုံးဖြတ်ချက်သည် အနည်းငယ် တစ်ကိုယ်ကောင်းဆန်သော်လည်း၊ လုံးဝအမှန်တရားဖြစ်သည်။ လူတိုင်းက ကိုယ်ပိုင်သေခြင်း၊ရှင်ခြင်း နှင့်ကံကြမ္မာကိုသာဂရုစိုက်ကြသည်မဟုတ်ပေလား။

ယန်ယဲ့သည် ခဏကြာအောင်လေးလေးနက်နက် စဉ်းစားပြီးနောက် နောက်ထပ်မေးခွန်းတစ်ခုကို မေးလိုက်သည်။ "ဒါဆို ခွေးတိုးပေါက်ကကော?"

"ခွေးဝင်ပေါက်?" ရှီလော့ က ရယ်မေးလိုက်ပါသည်။
“ခွေးတိုးပေါက်ကနေ ဝင်တဲ့သူတွေအားလုံး သေမျိုးကမ္ဘာက ကျွန်တွေနဲ့ အတူတူပါပဲ။

သူတို့က မြို့ထဲမှာ ဂုဏ်သိက္ခာရှိရှိနဲ့ လူသားအခွင့်အရေး မရှိဘူး။ သူတို့နေထိုင်တဲ့နေရာတွေကအစ အခြားနေရာတွေနဲ့ကွဲပြားတယ်။ဒါ့အပြင်မြို့ထဲမှာနေရင်နေ့တိုင်းအလုပ်ကြမ်းတွေကိုလုပ်ရမယ်။ ပြီးတော့လည်း မြို့ထဲမှာနေထိုင်ဖို့အတွက် တန်ကြေးတွေအများကြီးပေးဆောင်ရလိမ့်မယ်။

ရိုးရိုးရှင်းရှင်းပြောရရင် မြို့ထဲမှာ သူတို့ရဲ့အဆင့်အတန်းက ခွေးထက်တောင် နိမ့်ကျတယ်။”

“ခွေးထက်တောင် နိမ့်ကျတယ်…” ယန်ယဲ့ က ခေါင်းခါပြီး "ရှေးဟောင်းဒိုမိန်းမြို့တော်က လူတွေကို သူတို့ရဲ့

အင်အားအရ ခွဲဝေဖို့ ဒီဝင်ပေါက်လေးခုကို ဖန်တီးခဲ့တာလား?"

"လူတွေက ဒီလူသားအဖွဲ့အစည်းတွေမှာ သူတို့ရဲ့ ခွန်အားတွေအရ အမြဲတမ်း ကွဲပြားနေကြတာပဲလေ။" ရှီလော့က "ဒါပေမယ့် ဒီလောက် ရုပ်ပျက်ဆင်းပျက်နိုင်တာတော့ မဟုတ်ပါဘူး"

"မင်းမှန်ပါတယ်!" ယန်ယွဲ့က အသာအယာပြုံးရင်း ပြောလိုက်၏။ “မင်းမှာ ကြောက်စရာကောင်းတဲ့ စွမ်းအားတွေ ပိုင်ဆိုင်ထားသရွေ့ ဘယ်သွားသွား မင်းကို လေးစားလာလိမ့်မယ်။ တကယ်လို့ အားနည်းနေရင်တော့ နေရာတိုင်းမှာ အနိုင်ကျင့် အရှက်ခွဲခံရမှာပဲ။ မှန်ပါတယ်၊ ဒီမှာ အဲ့လိုစည်းမျဉ်းတွေနဲ့ချမှတ်ထားတာပဲ!"

ရှီလော့က ယန်ယဲ့ကို တစ်ချက်ပြန်ကြည့်လိုက်ပြီး စကားပြောရန်ပြင်လိုက်သည်။

သို့သော်ထိုအချိန်တွင် ကောင်းကင်ဝင်ပေါက်ရှေ့၌ ရပ်နေသော ဝမ်ဂျင်ဒေါင်ကရုတ်တရက် ကျယ်လောင်စွာ အော်ငြီးလိုက်ကာ မြေပြင်ပေါ်ကနေခုန်ထွက်လိုက်၏။

ထို့နောက်မြေပြင်မှဓားကြီးကိုဆွဲနုတ်လိုက်ရင်း ကောင်းကင်ဝင်ပေါက်ကိုဦးတည်ကာဓားချီအလင်းတန်းများပ စ်လွှတ်လိုက်လေသည်။

တစ်ခဏလေးအတွင်းမှာပဲ သူ၏ပတ်ဝန်းကျင်တွင် အဖြူရောင်အလင်းတန်းများစုစည်းလာကာ ကောင်းကင်ဝင်ပေါက်ဆီသို့ တိုက်ရိုက်ပျံသန်းသွား၏။

သူ၏ဓားချီအလင်းတန်းပေါင်းစပ်ထားမှုကအလွန်ကြောက်စ ရာကောင်းပြီး ဓားစိတ်ဆန္ဒအဆင့် ၃ စွမ်းအင်ကိုပါ

ထည့်သွင်းထားသောကြောင့်
လေထုပေါက်ကွဲသံများအဆက်မပြတ်ထွက်ပေါ်လာပြီး
အာကာသပြင်တစ်ခုလုံး တုန်ခါသွားသည်။

မဆိုးပါဘူး..... ယန်ယွဲ့သည် ဒီမြင်ကွင်းကို
မြင်လိုက်ရသောအခါ အနည်းငယ် ခေါင်းညိတ်လိုက်၏။

ဝမ်ဂျင်ဒေါင်၏ အပြုအမူက အနည်းငယ်ရိုင်းစိုင်းသော်ငြား
သူ၏ခွန်အားကသိပ်မဆိုးလှပေ။

"တကယ်လို့ ငါသာ သိုင်းဘုရင်အဆင့်ကိုမရောက်သေးရင်
သူ့ရဲ့တိုက်ခိုက်မှုကိုခုခံဖို့ အဆင့် ၄ ဓားစိတ်ဆန္ဒ၊
ဆန်းကြယ်ရွှေချီစွမ်းအင် နဲ့
ရုပ်ခန္ဓာခွန်အားကိုအပြည့်အဝထုတ်ဖော်ရနိုင်တယ်။
အခုတော့ဒါတွေကမလိုတော့ဘူး......"

ပတ်ဝန်းကျင်ရှိလူတိုင်း၏ အကြည့်များအောက်တွင် အဖြူရောင်ဓားချီစွမ်းအင်တန်းကြီးက ကောင်းကင်ဝင်ပေါက်သို့ တည့်တည့်ထိမှန်သွားသည်။

သို့သော်ငြား၊ ကောင်းကင်ဝင်ပေါက်ကနေအစိမ်းရောင်အလင်းတန်းတစ်ခု ပြေးထွက်လာကာ အဖြူရောင်ဓားချီအလင်းတန်းကိုတိုက်ရိုက် ချေဖျက်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အစိမ်းရောင်အလင်းတန်းက အရှိန်မလျော့ဘဲ ကောင်းကင်ဝင်ပေါက်ဆီသို့ဝင်ရောက်သွားသော ဝမ်ဂျင်ဒေါင်၏ ခန္ဓာကိုယ် ပစ်ချလိုက်၏။

ဝမ်ဂျင်ဒေါင်က အလွန် အံ့သြသွားပုံရပြီး၊ သူ၏ ရောမဓားကြီးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ကာ အစိမ်းရောင်အလင်းတန်းကိုပြင်းထန်စွာ ခုတ်ပိုင်းလိုက်သည်။

ကလန့်!

အနည်းငယ်ကျယ်လောင်သောသတ္တုကွဲအက်သံရုတ်တရက် ပေါ့တင်ထပ်လာ၏…။

မှန်ပါသည်။ ဝမ်ဂျင်ဒေါင်၏ ဓားက အစိမ်းရောင်အလင်းတန်းကိုမတားဆီးနိုင်ဘဲ ၊ အစိမ်းရောင်အလင်းတန်းက သူ့ရင်ဘတ်ကိုပါထပ်မံပစ်ချလာခဲ့ပါသည်။

ဘာ! သူက အလွန်အမင်းတုန်လှုပ်သွားပါတော့သည်။

ဝမ်ဂျင်ဒေါင်၏ ပါးစပ်ကအဆမတန်ကားထွက်လာကာ
မျက်လုံးအစုံပင်ပြူးကျယ်သွား၏။

သူက
တစ်စုံတစ်ခုကိုရေရွတ်လိုက်သော်ငြား၊အစိမ်းရောင်အလင်းတန်းက သူ့ရင်ဘတ်ကိုထိမှန်သွားသောကြောင့်
စိတ်ဝိညာဉ်တစ်ခုလုံးကွဲအက်သွားသလိုပင်ခံစားလိုက်ရတော့သည်။

ဘန်း

တစ်ချိန်တည်းတွင် ဝမ်ဂျင်ဒေါင်၏ ခန္ဓာကိုယ်က
ခွေးသေတစ်ကောင်အလားနောက်သို့
လွင့်ပျံထွက်လာခဲ့လေသည်။

ထို့နောက် သူ၏အသက်မဲ့နေသောအလောင်းက
မြေပြင်ပေါ်သို့ပြုတ်ကျလာသည်။

ရှူး......။

လူတိုင်း တိတ်နေပုံရသော်လည်း
အလွန်အံ့သြထိတ်လန့်သွားကြသည်။

"ဒီအစိမ်းရောင်အလင်းတန်းကဘယ်လောက်တောင်ကြောက်
စရာကောင်းလိုက်သလဲ။ အဆင့် ၃
ဓားစိတ်ဆန္ဒကိုနားလည်ထားတဲ့ သိုင်းဘုရင်အဆင့် ၇
ကျွမ်းကျင်သူတောင်မခုခံနိုင်ဘူးလား။ ဒါ့အပြင် သူက
ချက်ချင်းအသတ်ခံလိုက်ရတယ်။ သောက်ကျိုးနဲတာပေါ့.....
ဒီအစိမ်းရောင်အလင်းတန်းရဲ့စွမ်းအားက
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်ထက်တောင်မနိမ့်ကျဘူး။"
ဤအချိန်တွင် ယန်ယွဲ့သည်လည်း အလွန်တုန်လှုပ်သွား၏။

အဘယ်ကြောင့်ဆိုသော်

အစိမ်းရောင်အလင်းတန်းပြန်လည်ပျောက်ကွယ်သွားသည်ကို

ပင် သူ သတိမထားမိနိုင်ခဲ့ခြင်းဖြစ်သည်။

အမှန်စင်စစ်၊

ကြောက်စရာအကောင်းဆုံးမှာအစိမ်းရောင်အလင်းတန်း၏

ထူးဆန်းသောစွမ်းအားပါ။

ၚင်းသည် ယွမ်ထုံကို အနိုင်ယူရန် သူအသုံးပြုခဲ့သော

တာအိုရတနာလက်နက်၏တိုက်ခိုက်မှုနှင့်ပင်

ညီမျှနေပြီဖြစ်သည်။

ထိုအချိန်တွင် ရှီလော့က

ယန်ယွဲ့ကိုလှည့်ကြည့်လိုက်ကာ"ဟေး! မင်းဘယ်လိုထင်လဲ?

မင်းက အခု ကောင်းကင်ဝင်ပေါက်ကို ဖြတ်ဖို့

စိတ်ကူးရှိသေးလား?"

ယန်ယဲ့က ရှီလော့၏စကားကိုတုန့်ပြန်ရန်လိုက်သော်လည်း ရှီလော့၏မျက်နှာက ပျော်ရွှင်မှုတစ်ခု ရုတ်တရက် ပေါ်လာပြီး၊ နောက်  ကို ခပ်မြန်မြန် လှည့်ကာ အဝေးဆီသို့ လှမ်းကြည့်လိုက်၏။ "မန်အာ? ဟမ်? ချီးထုပ်ကောင်? မန်အာ နဲ့ ဒီချီးထုပ်က ဘာလို့အတူတူလာရတာလဲ? ဒီခွေးကောင်က သေချင်နေတာလား?" သူကရေရွတ်ပြီးသည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံးကနေ ကြောက်စရာကောင်းသော အငွေ့အသက်များပျံ့လွင့်သွား၏။

ယန်ယဲ့၏အမူအရာသည် ချက်ချင်းပြောင်းလဲသွားကာ သူ့ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး နောက် ၁၀ မီတာအကွာသို့ ခုန်ဆုတ်သွားခဲ့သည်။

သူဆုတ်ခွာလာပြီးနောက် ရှီလော့ နှင့် ၃ မီတာ

ပတ်လည် မြေပြင်သည်
တိုက်ရိုက်ကွဲအက်သွားလေတော့သည်။

ဒီမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယန်ယဲ့၏ အမူအရာသည်
ချက်ချင်းပင် လေးနက်သွားခဲ့ပါသည်။

ရှီလော့၏ ခွန်အားသည် အမှန်တကယ်ပင်
ကြောက်စရာကောင်းနေသည်မဟုတ်ပါလား။

ထိုအချိန်မှာပဲ လေတိုးသံများထွက်ပေါ်လာပြီး လူငယ်တစ်ဦး
နှင့် မိန်းမပျိုတစ်ဦးက လူတိုင်းရှေ့တွင်
ထွက်ပေါ်လာခဲ့ကြသည်။

လူငယ်က ရုပ်ရည်ချောမော၊ပြေပြစ်သော်ငြားသူ့မျက်နှာတွင်
ဘယ်သူကိုဂရုမစိုက်သည့်အလား ဘာခံစားချက်မှ
ရှိမနေခဲ့ပေ။

သူ၏မျက်နှာသွင်ပြင်က ရေခဲတုံးတစ်တုံးလိုဖြစ်ပြီး
အနည်းငယ်ဝေးကွာနေသည့်တိုင် လူတိုင်းက
အရိုးထဲထိနက်ရှိုင်းသောအေးစက်မှုကို ခံစားလိုက်ရသည်။

အခြားတစ်ဖက်တွင်မူ
မိန်းမပျိုကအလွန်ချောမောလှပသောမျက်နှာ၊
သိမ်မွေ့သောအသွင်အပြင်ကိုပိုင်ဆိုင်ထားပြီးအစိမ်းရောင်ဝ
တ်ရုံရှည်ကို ဝတ်ဆင်ထားသည်။

သူမသည် လေဟာနယ်ထဲတွင်တစ်ကိုယ်တည်း
ပွင့်လန်းနေသော သစ်ခွနှင့်တူသည်။ သူမထံမှ
လူတိုင်း၏စိတ်ကို
အလွန်လန်းဆန်းစေသောအငွေ့အသက်များသာ
ထွက်ပေါ်နေခဲ့သည်။

“ဗဟိုနယ်မြေရဲ့အထူးချွန်ဆုံးပါရမီရှင်သုံးဦးထဲက
နှစ်ယောက်ဖြစ်တဲ့ နန်းဂွန်မန် နဲ့ လီချင်းရှူ တို့လား?
သောက်ကျိုးနည်း...... ဗဟိုနယ်မြေရဲ့
အထူးချွန်ဆုံးပါရမီရှင်သုံးဦးကတကယ်ပဲ
ရောက်ရှိလာတယ်ပေါ့!"

“တကယ်ကို သူတို့ပဲ.... ကောလဟာလတွေအရ လီချင်းရှူ နဲ့
လူငယ်သခင်ရှီလော့တို့
နှစ်ယောက်လုံးက နန်းဂွန်မန် အပေါ်မှာ ခံစားချက်တွေ ကိုယ်စီ
ရှိနေပါတယ်။
လီချင်းရှူက
နန်းဂွန်မန်ကိုကြိုက်နှစ်သက်နေသလားမသိပေမယ့်
လူငယ်သခင်ရှီလော့က
သေချာပေါက် သဘောကျနေတာဖြစ်ရမယ်။ မဟုတ်ရင် သူက
ဘယ်လို အကြောင်းပြချက်မရှိဘဲ ဒေါသတွေ ထွက်နေမှာလဲ?

"ဒါဆို နန်းဂွန်မန်က ဘယ်သူ့ကိုနှစ်သက်တာတုန်း?"

"ဒါက ဘယ်သူမှမသိဘူး...။"

ထိုအခိုက်တွင် ပေါက်ကွဲသံ ရုတ်တရက် ထွက်ပေါ်လာပြီး ရှီလော့သည် ရုတ်ချည်းပင်နေရာကနေပျောက်ကွယ်သွားကာ လီချင်းရှူဆီသို့ တဟုန်ထိုးခုန်ဝင်သွား၏။

ရှီလော့က စကားတစ်ခွန်းမှပင် မပြောဘဲ တိုက်ခိုက်သည်ကို မြင်သောအခါ လူတိုင်း အံ့သြသွားကြသည်။

"အိုက်ယား။ ကြည့်ရတာ ကောလဟာလတွေက အမှန်ဖြစ်ပုံပဲ။ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းမျိုး။"

နန်းဂွန်မန်ဟု ခေါ်သော မိန်းမပျိုက ရှီလော့၏
တိုက်ခိုက်မှုကိုမြင်သောအခါ အနည်းငယ်
မျက်မှောင်ကြုတ်ပြီး ရှေ့သို့ တည်ငြိမ်စွာလျှောက်လာခဲ့သည်။
ထို့နောက် ပြန်လည် တိုက်ခိုက်ရန်ပြင်နေသည့်
လီချင်းရှူကိုဟန့်တားလိုက်သည်။

ရှီလော့က နန်းဂွန်မန်၏အပြုအမူကိုမြင်လိုက်ရာ အနည်းငယ်
ထိတ်လန့်တုန်လှုပ်သွားပြီး
သူ၏ တိုက်ခိုက်မှုကို အမြန်ရုတ်သိမ်းလိုက်သည်။

တစ်ဆက်တည်း သူက ကျယ်လောင်စွာ အော်ပြောလိုက်၏။
"မန်အာ! အခု ဘေးဖယ်ပြီး ဒီချီးထုပ်ကိုသတ်ခွင့်ပြုပါ!"

နန်းဂွန်မန်က သက်ပြင်းချလိုက်သည်။ "ရှီလော့! နင်
နည်းနည်းလေးလေးနက်နက် လုပ်နိုင်မလား။ ငါ

နင့်ကိုအရင်တုန်းကပြောဖူးပါတယ်၊ နင် နဲ့ ချင်းရှူကို အရင်းနှီးဆုံးမိတ်ဆွေတွေအဖြစ်သတ်မှတ်ထားခဲ့တာ။ ဒါ့ကြောင့်ငါ့အတွက်နဲ့ နင်တို့နှစ်ယောက်ဆက်ပြီးတိုက်မနေပါနဲ့တော့။ ဟုတ်ပြီလား?"

"မင်း ငါတို့နှစ်ယောက်ကို မကြိုက်ဘူးလား?"

ရှီလော့က အလွန်အံ့အားသင့်သွားကာ ခြောက်ကပ်ကပ် ရယ်မောလိုက်၏။

"မန်အာ၊ နောက်နေတာ ရပ်လိုက်။ ဒီချီးထုပ်ကောင်နဲ့ ငါကလွဲလို့ လူသားမျိုးနွယ်ထဲမှာဘယ်သူက မင်းနဲ့ထိုက်တန်မှာလဲ? ငါတို့နှစ်ယောက်ကလွဲရင် ဘယ်သူက မင်းကိုသဘောကျခွင့်ရှိမှာလဲ?"

နန်းဂွန်မန်သည် ခေါင်းယမ်းပြီး သိမ်မွေ့စွာပြုံးလိုက်ရင်း၊.....
ရုတ်တရက် မလှမ်းမကမ်းတွင်ရပ်နေသော
ယန်ယဲ့ကိုသတိပြုမိသွား၏။

ထို့နောက် သူမ၏မျက်လုံးထဲတွင်
ချစ်ခြင်းမေတ္တာအရိပ်အယောင်များပေါ်လာပြီး၊
ဖြူဖွေးလှပသောလက်တစ်ဖက်ကိုမြှောက်ကာ ယန်ယဲ့ကို
လက်ညှိုးထိုးပြလိုက်သည်။ "ကြိုက်တယ်!"

လီချင်းရှု နှင့် ရှီလော့ တို့နှစ်ဦးလုံးအလွန်တရာ
သြသွားလေတော့သည်။

တစ်ဖက်တွင်တော့ ယန်ယဲ့၏ ပါးစပ်ထောင့်များက
မဆက်မပြတ် လှုပ်ယမ်းသွားလေသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၀)]– အရမ်းအားနည်းတယ်

ပတ်ဝန်းကျင်သည်
လုံးဝတိတ်ဆိတ်သွားကာအနည်းငယ်ကြောက်စရာကောင်းသ
ည့်အထိ တိတ်ဆိတ်နေပါသည်။

ဤအခိုက်အတန့်တွင် လူတိုင်းက ယန်ယဲ့ကိုစိုက်ကြည့်နေကာ ဘယ်သူ့ဘယ်ဝါဖြစ်မည်ကိုသိလိုနေကြ၏။

ဗဟိုနယ်မြေ၏

အထူးချွန်ဆုံးပါရမီရှင်သုံးဦးထဲမှတစ်ဦးဖြစ်သည့် နန်းဂွန်မန်ကလူရှေ့သူရှေ့တွင် ဝန်ခံလိုက်ခြင်းကြောင့် ယန်ယဲ့၏ နောက်ခံကို မှန်းဆနေကြသည်။

ဘာ။ ယန်ယဲ့သည်လည်း အနည်းငယ် ထိတ်လန့်သွား၏။

နန်းဂွန်မန် နှင့် သူကအခုမှသာ

ပထမဆုံးအကြိမ်တွေ့ဆုံဖူးခြင်းပင်။

"မဟုတ်သေးပါဘူး၊ ငါတို့တွေ အခုမှစတွေ့တာလေ။ ဘယ်နယ့်ကြောင့် သူမက တကယ်ကြီးဝန်ခံလိုက်တာတုန်း။ ချီး.... ငါ့ရဲ့ဆွဲဆောင်မှုက ဒီလောက် အတိုင်းအတာအထိ ကြီးကျယ်နေတာလား ။

သို့သော် အရေးကြီးဆုံးပြဿနာကတော့

နန်းဂွန်မန်၏ဘေးနားတွင်ရပ်နေသော ရှီလော့ နှင့်

လီချင်းရှူတို့ပါပဲ။

အဘယ်ကြောင့်ဆိုသော် နန်းဂွန်မန်၏စကားဆုံးသည်နှင့်

ထိုလူငယ်နှစ်ဦး၏စူးစူးရဲရဲအကြည့်များက

သူ့ဆီသို့ရောက်ရှိလာသည်ကိုသတိထားမိလိုက်လိုက်ခြင်းပါ။

တစ်ဖန်

သူတို့နှစ်ဦးထံမှအေးစက်စက်အငွေ့အသက်များထွက်ပေါ်နေ

ပြီးချက်ချင်းတိုက်ခိုက်ရန်ပင်ပြင်ဆင်နေပုံရ၏။

မည်သို့ပင်ဆိုစေ ယန်ယွဲ့အတွက် ဗဟိုနယ်မြေ၏

အထူးချွန်ဆုံးပါရမီရှင်သုံးဦးဖြစ်နေလျှင်ပင်

ကြောက်လန့်နေမည်မဟုတ်ပါ။

သို့သော်ငြား၊ အကြောင်းပြချက်မရှိဘဲ ရန်သူအများအပြားကို ဖန်တီးလိုစိတ်မရှိပေ။

ထို့အပြင် အစောပိုင်းက ရှီလော့ထုတ်ဖော်ခဲ့သောခွန်အားကိုကြည့်ပါက တကယ်တမ်းတိုက်ခိုက်လာလျှင် သူ့အနေဖြင့် ထွက်ပြေးရုံသာရွေးချယ်နိုင်ပါတော့သည်။

ရှီလော့က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ရင်း လည်ချောင်းရှင်းပြီး နန်းဂွန်မန်ကိုပြန်ကြည့်လိုက်ပါသည်။
"မန်အာ! ဘယ်လိုဖြစ်....

မင်းရဲ့အမြင်အာရုံက ဘယ်လောက်တောင်ဆိုးသွားပြီလဲ။ အဲဒီ့ကောင်ကို မင်းဘာကြိုက်လဲ..... ငါ့ကိုပြောပါ။ သူက ငါ့လိုတောင်ရုပ်မချောဘူး။ ပြီးတော့ သူ့ရဲ့နောက်ခံကငါတို့ထက်မသာလွန်ဘူးဆိုတာ

သူ့ရဲ့ကျင့်ကြံမှုကိုကြည့်ရုံနဲ့တင်သိတယ်။ မန်အာ! မင်း သူ့ကို ဘယ်လို သဘောကျနိုင်မှာလဲ?"

"တကယ်ပါပဲ! ဒါ မဖြစ်နိုင်ဘူး။" ဒီအချိန်အထိ စကားမပြောရသေးသော လီချင်းရှူက သဘောတူဟန်ဖြင့် ရုတ်တရက် ခေါင်းညိတ်လိုက်သည်။

လူငယ်နှစ်ဦး၏စကားသံကိုကြားလိုက်တဲ့အခါ ယန်ယဲ့၏မျက်နှာက သိသိသာသာပျက်ယွင်းသွားပါသည်။

သို့ရာတွင်
သူတို့ပြောခဲ့သလိုပါပဲ၊သူ၏အခြေအနေမှန်ကိုဝန်ခံရုံကလွဲလို့ အခြားရွေးချယ်စရာမရှိပေ။

သူ၏နောက်ခံနှင့်ပတ်သက်၍ အတိတ်ကာလတွင် အလုပ်သမားတပည့်တစ်ယောက်သာဖြစ်ပြီး၊ အဆင့် ၉ မဟာဂိုဏ်းကြီးများမှတပည့်များနှင့်ဘယ်လိုမှမယှဉ်နိုင်ပေ။ ထို့အပြင် သူသည် လက်ရှိတွင် သိုင်းဘုရင်အဆင့် ၁ သာ ရှိနေသေးသည်။ တစ်ဖက်တွင်ထိုလူငယ်များက ဝိညာဉ်နယ်ပယ်အလွှာတစ်ပိုင်းအဆင့်တွင်ရှိနေပေသေးသည်။

ဤအချက်ကို သူစဉ်းစားမိလိုက်တဲ့အခါ ယန်ယဲ့က နှလုံးသားတစ်ခုလုံး
အပြင်းအထန်နာကျင်သွားသလိုခံစားလိုက်ရ၏။သို့သော်လ
ည်း ဒီနာကျင်မှုက ခဏလောက်သာ။

နန်းဂွန်မန်က အနည်းငယ်မျက်မှောင်ကြုတ်သွား၏။

ခဏအကြာတွင် သူမပြောလိုက်သောစကားများက နားလည်မှုလွဲသွားကြောင်း သတိပြုမိသွားကာ သူမ၏ဖြူဖွေးလှပသောမျက်နှာလေးက နီမြန်းလာသည်။ ထို့နောက် သူမက ရှီလော့ နှင့် လီချင်းရှုတို့ကို စိုက်ကြည့်ရင်း “နင်တို့နှစ်ယောက် ဘာတွေတွေးနေတာလဲ။ ငါ....ငါ ဆိုလိုတာက သူ့ပုခုံးပေါ်က အကောင်လေးကို သဘောကျတယ်လို့။ နင်တို့နှစ်ယောက်လုံးက ငါ့ကို တကယ်ဒေါသထွက်အောင် လုပ်နေကြတာပဲ!”

နန်းဂွန်မန်၏စကားကိုကြားလိုက်တဲ့အခါ လူတိုင်း၏ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။ "ဒါကြောင့်ကိုး...... သူမက ဒီကိုယ်ပိုင်သားရဲလေးကို သဘောကျခဲ့တာလား...။ လူတိုင်းက အကြည့်များကို ယန်ယဲ့၏ပုခုံးထက်မှ ခရမ်းရောင်မင့်ခ်ပလေးဆီသို့ ရွှေ့လိုက်ကြသည်။

သူတို့က ခရမ်းရောင်မင့်ခ်ကလေးကိုမြင်လိုက်ရာ ချက်ချင်းတုန်လှုပ်သွားလေတော့သည်။

"ဗဟိုနယ်မြေရဲ့ပါရမီရှင်သုံးဦးထဲက နန်းဂွန်မန်ဟာ အလျင်စလိုဖြစ်သွားတာအံ့သြစရာမဟုတ်တော့ဘူးပဲ။ ဒီအကောင်လေးက ပြောစရာမလိုအောင် တကယ်ကို ချစ်စရာကောင်းလွန်းတယ်။"

ဤအခိုက်အတန့်တွင် ခရမ်းရောင်မင့်ခ်ကလေးက နိုးလာပြီး မျက်တောင်မှိတ်တုတ်မှိတ်တုတ်ဖြင့် ပတ်ဝန်းကျင်ရှိလူတိုင်းကို စူးစူးဝါးဝါးကြည့်နေလိုက်၏။

ထို့အပြင် သူမလေးက သေးသွယ်သောလက်ကလေးနှစ်ဖက်ကိုဆန့်ထုတ်ပြီး ယန်ယဲ့၏နားရွက်ကို ခဏခဏပွတ်သပ်နေသည်။

အလွန်တောက်ပနေသောခရမ်းရောင်အမွေးအမျှင်များနှင့်
သူမလေး၏ပွတ်သီးပွတ်သပ်အပြုအမူက ထူးထူးခြားခြား
ချစ်စရာကောင်းနေပုံရသည်။

ယန်ယွဲ့၏ အမူအရာက
အနည်းငယ်တင်းမာသွားလေတော့သည်။

အစောပိုင်းက နန်းဂွန်မန်ဟာ
သူ့ကိုသဘောကျသည်ဟုထင်ထားသော်ငြားအခုအချိန်တွင်တ
မင်သက်သက်ဖြစ်သွားမည်ဟု မထင်ထားခဲ့မိပေ။

သူက နန်းဂွန်မန်အပေါ် မကျေမနပ်အပြုအမူများ
မရှိသော်လည်း အနည်းငယ် မပျော်မရွှင် ဖြစ်နေသေးသည်။

မှန်ပါသည်။ ဒီလိုမျိုး မိန်းမလှတစ်ဦး၏
လစ်လျူရှုမှုနှင့်ကြုံတွေ့ရပါကဘယ်သူမဆိုအတော်လေး
မကျေမနပ်ဖြစ်သွားပါလိမ့်မည်။

ရှီလော့ကမူ သက်ပြင်းတစ်ချက်ချကာ အတော်လေးဝမ်းသာနေသောလေသံဖြင့်ရယ်မောလိုက်၏။

“ငါသိပါတယ်၊ မန်အာ ရဲ့ အမြင်အာရုံကသိပ်မဆိုးသေးဘူးဆိုတာ။ မန်အာက အဲဒီကောင်လေးကို ကြိုက်နေတာလား? ကောင်းပြီ၊ အရမ်းကောင်းပါတယ်။ ဒီအကောင်ငယ်လေးရဲ့ပိုင်ရှင်ကို ငါ သိတယ်။ မင်းအတွက် ငါသွားယူမယ်။ အိုး..ငါ သူ့ဆီကဝယ် လိုက်မယ်....''

''ဘာလို့ဒီလောက်တောင်ဒုက္ခခံနေမှာလဲ?''

ဒီအချိန်မှာ လီချင်းရှူက ရုတ်တရုတ်ပြောလိုက်ပြီး ချက်ချင်းဆိုသလို ပျောက်သွား၏။ ထို့နောက်တွင် ယန်ယဲ့၏ရှေ့၌ပေါ်လာပြီး သူ့လက်ကို ဆန့်တန်းကာ ယန်ယဲ့၏ ပုခုံးပေါ် ရှိ ခရမ်းရောင်မင့်ခ်ကလေးကို လှမ်းဆွဲလိုက်ပါသည်။

ယန်ယဲ့၏မျက်လုံးထဲတွင်
အေးစက်စက်အငွေ့အသက်များထွက်ပေါ်လာကာ
သူ၏မျက်နှာအမူအရာက ချက်ချင်းပြောင်းလဲသွားသည်။

ချွမ်း

ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ ဓားကိုဆွဲထုတ်ကာ လီချင်းရှု၏
လက်ကို တရကြမ်းပိုင်းချလိုက်သည်။

ယန်ယဲ့သည် ဒီတိုက်ခိုက်မှုတွင်
ဓားစိတ်ဆန္ဒကိုအသုံးမပြုခဲ့ပေ၊
သူ၏ဆန်းကြယ်ရွှေချီစွမ်းအင် နှင့်
ရုပ်ခန္ဓာခွန်အားသက်သက်ကိုသာ အသုံးချခဲ့သည်။

သို့တိုင် သူ၏ကျင့်ကြံမှုက သိုင်းဘုရင်အဆင့်
ဖြစ်နေသောကြောင့်

ဓားပိုင်းချက်တွင်အလွန်ပြင်းထန်သောစွမ်းအားများပါဝင်နေ၏။

သူတိုက်ခိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်ရှိ
လူအုပ်ကြီးက ရွှေရောင်အလင်းတန်းတစ်ခုကို
မြင်လိုက်ရုံမျှသာဖြစ်ပြီး၊ အချို့ဆိုလျှင်
ပါးစပ်အဟောင်းသားနှင့်မျက်လုံးများ ပြူးကျယ်နေပေသည်။

ယန်ယဲ့က ဓားကိုဆွဲထုတ်ပြီးတိုက်ခိုက်လိုက်ချိန်တွင်
လီချင်းရှူက အနည်းငယ် မျက်မှောင်ကြုတ်သွားသော်ငြား၊
သူ့အမူအရာက အပြောင်းအလဲမရှိပေ။

ဖပ်....

သူ၏ လက်ဝါးကို လှန်လိုက်သည်နှင့်
ခရမ်းရောင်မင့်ခ်ကလေးဆီသို့ဦးတည်နေသောလက်ကလျင်

မြန်စွာပြောင်းသွားကာ ယန်ယွဲ့၏ဓားကို လက်ထဲတွင် ဖမ်းဆုပ်ထားလိုက်သည်။

သူက ယန်ယွဲ့ကို ကြည့်ရင်း အေးစက်စက်ရေရွတ်လိုက်ကာ "မင်းရဲ့ခွန်အားက မဆိုးပါဘူး၊ ဒါပေမယ့် ငါနဲ့တွေ့တာ ကံမကောင်းပါဘူး...."

လီချင်းရှူက ဆက်ပြောရန်ပြင်လိုက်စဉ်မှာပဲ ယန်ယွဲ့က အေးစက်စက်ပြုံးလိုက်သည်ကိုသတိပြုမိသွား၏။

တစ်ဆက်တည်း ယန်ယွဲ့က အဆင့် ၃ ဓားစိတ်ဆန္ဒအထိထုတ်ဖော်ကာ ဓားထဲသို့ပို့လွှတ်လိုက်ပြီး လီချင်းရှူ၏လက်ကိုတိုက်ရိုက်ခုတ်ပိုင်းလိုက်သည်။

လီချင်းရှူ၏ အမူအရာက ပြောင်းသွားပြီး ယန်ယွဲ့၏ဓားကို အမြန်လွှတ်ပေးလိုက်မိသည်။

သို့သော် သူ၏ လှုပ်ရှားမှုက
အနည်းငယ်နောက်ကျသွားသည်ဖြစ်ရာ ဓားက
သူ့လက်ဝါးကိုလှီးဖြတ်သွားပြီးသွေးများတစ်စက်စက်စီးကျ
လာခဲ့သည်။

သို့ရာတွင် အဆုံးသတ်ဖြစ်ပုံမရသေးပေ၊ ယန်ယဲ့က
သူ၏လက်ကောက်ဝတ်ကိုဆက်ခနဲလှန်လိုက်ရာ အဆင့် ၃
ဓားစိတ်ဆန္ဒနှင့်ပေါင်းစပ်ထားသည့် ဓားက
လီချင်းရှူ၏လည်ပင်းဆီသို့
မြွေတစ်ကောင်အလားတိုးဝင်သွားသည်။

တစ်ဖက်တွင်မူ ယန်ယဲ့၏ပုခုံးပေါ်ရှိ
ခရမ်းရောင်မင့်ခ်ကလေးကိုစိုက်ကြည့်နေစဉ်
နန်းဂွန်မန်၏လှပသော မျက်ခုံးများက
အနည်းငယ်တွန့်ကွေးသွားလေသည်။

သူမက တိုက်ပွဲကို သတိပြုမိပုံမရဘဲ၊

တစ်စုံတစ်ခုကို တွေးတောနေပုံရ၏။

ယန်ယဲ့သည်

သူ့ကိုအမှန်တကယ်သတ်ချင်နေကြောင်းမြင်တဲ့အခါ

လီချင်းရှု၏ အမူအရာက အေးစက်သွားခဲ့သည်။

ထို့နောက် သူ့ခန္ဓာကိုယ်အတွင်းမှ ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်ထိုးပျံ့လွင့်လာပြီး ရုတ်တရက်

လူဦးခေါင်းခွံအရွယ်အစားရှိ

အစိမ်းရောင်အလင်းလုံးကြီး ထွက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပဲ

သူ၏လက်ချောင်းများကိုရှေ့သို့ညွှန်လိုက်ရာ

အစိမ်းရောင်အလင်းလုံးကြီးက ယန်ယဲ့၏ဓားဆီသို့

လျင်မြန်စွာပျံသန်းသွားလေတော့သည်။

ကလန်!

ဓားက အစိမ်းရောင်အလင်းလုံးကိုပိုင်းချမိပြီးနောက်
ကျယ်လောင်သော သတ္တုချင်းထိခတ်သံများ
ဆူညံစွာထွက်ပေါ်လာ၏။

အုန်း!

ယန်ယဲ့၏ခန္ဓာကိုယ်က မီတာ ၆၀ ကျော်အကွာထိပင်
လွင့်ပျံသွားကာမြေပြင်ပေါ်သို့ပြုတ်ကျလာခဲ့သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း အလွန် အံ့သြသွားကြသည်။
လူတိုင်း၏အကြည့်များက လီချင်းရှူကိုလှည့်ကြည့်လိုက်ရာ
အစိမ်းရောင်အလင်းလုံးက
သူ့လက်ထဲပြန်ရောက်နေပြီကိုမြင်တွေ့လိုက်ရပါသည်။

ထိုအချိန်တွင် ရှီလော့က
အစောပိုင်းယန်ယဲ့ရပ်နေခဲ့သည့်နေရာတွင်ရုတ်တရက်
ပေါ်လာခဲ့၏။ သူက လီချင်းရှူကို စူးစူးစိုက်စိုက်ကြည့်ရင်း
အသံတိုးတိုးလေးဖြင့် "ချီးထုပ်ကောင်၊ မင်း ဒီလိုလုပ်တာ
သိပ်မကောင်းဘူးထင်တယ်နော်။ မင်းက သူပိုင်တဲ့အရာကို
သိမ်းယူချင်နေတာ၊ သူက ငြင်းဆန်နေလို့ မင်း သူ့ကို
သတ်ပစ်လိုက်တယ်။ ဒီသတင်းက ပြန့်သွားရင်တော့ မင်းရဲ့
မဟာမိတ် (Ascension) ဂိုဏ်းကို အရှက်ရစေလိမ့်မယ်။”

လီချင်းရှူသည် မြေပြင်ပေါ်ပြုတ်ကျသွားသော ယန်ယဲ့ကို
ငုံ့ကြည့်ကာ မထူးခြားသောလေသံဖြင့်သာ ပြောလိုက်၏။
"အရမ်းအားနည်းနေတယ်!"

ရှီလော့က ချက်ချင်း မျက်မှောင်ကြုတ်လိုက်သည်။

ဒီအချိန်မှာပဲ ယန်ယဲ့က ရုတ်တရက်
ဖြည်းညှင်းစွာမတ်တတ်ရပ်လာခဲ့၏။ လူတိုင်းယန်ယဲ့ကို
မြင်လိုက်ရတဲ့အခါ အလွန်ထိတ်လန့်သွားကြတော့သည်။

"သူ...သူက
လီချင်းရှုရဲ့တိုက်ခိုက်မှုကိုတောင်ခုခံနိုင်ပြီးအသက်ရှင်ခဲ့တာ
လား?"

တစ်ယောက်တစ်ပေါက်စကားသံများကြောင့်ရှီလော့သည်လ
ည်း ပထမဆုံး အံ့အားသင့်သွားပြီး ထူးဆန်းစွာပြုံးလိုက်ရင်း
ပါးစပ်ထောင့်က အနည်းငယ် ကွေးညွတ်သွား၏။

တစ်ဖက်တွင် လီချင်းရှုက သိသိသာ
မျက်မှောင်ကြုတ်လိုက်မိသည်။

ယန်ယဲ့ကို ကြည့်ရင်း
သူ၏တိုက်ခိုက်မှုမှအသက်ရှင်နိုင်ခဲ့သည်ကို
အနည်းငယ်အံ့ဩနေပါသည်။

ယန်ယဲ့သည် မတ်တပ်ထရပ်လာပြီးနောက်၊
ဒေါသတကြီးတိုက်ခိုက်ရန်ပြင်နေသည့်
ခရမ်းရောင်မင့်ခ်ကလေးကို
ပြုံးပြလိုက်ကာသူ့ရင်ခွင်ထဲထည့်ထားလိုက်၏။
ထို့နောက် သူသည် လီချင်းရှုကို စိုက်ကြည့်ကာ
တစ်လုံးချင်းပြောလိုက်ပါသည်။ "တကယ်လား? ဘယ်သူက
အားနည်းလွန်းတယ်!"

သူသည် စကားပြောနေရင်းဖြင့် အမှတ်တမဲ့
ပုခုံးတွန့်လိုက်ပြီး လီချင်းရှုဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့
၏။

"အိုး?" လီချင်းရှု၏မျက်လုံးအစုံကအနည်းငယ် ကျယ်လာကာ သူ့ရှေ့တွင်လွင့်မျောနေသော အစိမ်းရောင်အလင်းလုံးက အလွန်မြန်ဆန်စွာ
လည်ပတ်နေတော့သည်။တစ်ချိန်တည်းမှာပင် အစိမ်းရောင်အလင်းလုံးကနေ အလွန်အမင်း ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်များ ဖြာထွက်လာခဲ့၏။

သို့သော်ငြား၊ ယန်ယွဲ့သည် ဘာမှမထူးခြားဟန်ဖြင့် လီချင်းရှုဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားနေဆဲပင်။

ယန်ယွဲ့ကိုစိုက်ကြည့်နေစဉ် ပတ်ဝန်းကျင်ရှိ လူအုပ်ကြီးထံမှ နှစ်သက် သဘောကျသည့် အရိပ်အယောင်များ ချက်ချင်း ထွက်ပေါ်လာခဲ့သည်။

ဗဟိုနယ်မြေ၏ အထူးချွန်ဆုံးပါရမီရှင်သုံးဦးက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး ဒဏ္ဍာရီပုံပြင်တစ်ခုလိုဖြစ်နေသည်။ ထိုလူငယ်သုံးဦးက အခြားမျိုးဆက်သစ်လူငယ်များ လက်လှမ်းမမီသော တောင်များကဲ့သို့ပင်။

သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများကိုအသာထား၊ အချို့သော ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူများပင် ၎င်းတို့အား အရှူးအမူး စော်ကားဝံ့ခြင်း မရှိပါ။

ယခုတွင်မူ သိုင်းဘုရင်အဆင့် ဓားပညာရှင်တစ်ဦးက လီချင်းရှူကို တိုက်ရိုက်စိန်ခေါ်နေခဲ့သည်မဟုတ်ပါလား။

အခြားသောအရာများကိုအသာထား၊ ယန်ယဲ့ ၏ ရင်ဆိုင်တိုက်ခိုက်ရဲသောစိတ်ဓာတ်တစ်ခုတည်းသည်ပင် လူတိုင်း၏နှလုံးသားကိုအလွန်စွဲဆောင်သွားစေသည်။

ရှီလော့က ယန်ယွဲ့ကို စူးစိုက်ကြည့်နေရင်းဖြင့်

သူ့မျက်လုံးထဲတွင် စိတ်ဝင်စားမှုများ ပိုမိုတိုးလာခဲ့၏။

အဘယ်ကြောင့်ဆိုသော် ယန်ယွဲ့သည် လီချင်းရှု၏

ကောင်းကင်အဆင့်ရတနာလက်နက်,

နတ်ဆိုးအလင်းချီစက်လုံး ( the Demonic Dimension Ball)

၏ တိုက်ခိုက်မှုကနေ ဒဏ်ရာမရဘဲလွတ်မြောက်နိုင်သည်။

ထိုအချက်က သူ့ကို အလွန်အမင်း

အံ့အားသင့်စေခဲ့၏။

သူ့ရှေ့တွင်ဖြစ်ပျက်သွားသောမြင်ကွင်းကအတော်လေးကို

ပဟေဠိဆန်နေသည်မဟုတ်ပါလား။

နောက်ဆုံးတွင် နတ်ဆိုးအလင်းချီစက်လုံး (Demonic

Dimension Ball ) ၏ စွမ်းအားသည် သာမန်

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများပင်

ထိပ်တိုက်ရင်ဆိုင်ရခြင်းမရှိချေ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၁)]– ကောင်းကင်ဝင်ပေါက်

ယန်ယဲ့က လီချင်းရှု နှင့်
မလှမ်းမကမ်းသို့ရောက်လာသောအခါ
ခဏတာရပ်တန့်လိုက်ရင်း
ဆန်းကြယ်ရှေးချီစွမ်းအင်ကိုထုတ်ဖော်ကာ

ခန္ဓာကိုယ်တစ်ခုလုံး နှင့်
စားထဲသို့ဆက်တိုက်ပို့လွှတ်လိုက်ပါသည်။

ဆန်းကြယ်ရွှေချီစွမ်းအင်များအဆက်မပြတ်
စီးဝင်လာသည်နှင့်အမျှ ယန်ယဲ့၏လက်ထဲရှိဓားမှ
တဖျပ်ဖျပ်တောက်ပနေသောရွှေရောင်အလင်းတန်းများထွက်
ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ပခုံးပေါ်၌
ရပ်နေသော ခရမ်းရောင်မင့်ခ်ကလေး၏
လက်သည်းလေးများတွင်ခရမ်းရောင်ဖျော့ဖျော့ အလင်းများ
တောက်ပနေပေသည်။

ဒီအချိန်တွင်
ခရမ်းရောင်မင့်ခ်ကလေးကအလွန်ဒေါသထွက်နေပြီး
လီချင်းရှုကိုစူးစူးရဲရဲစိုက်ကြည့်နေခဲ့၏။

အခုအချိန်တွင် ယန်ယဲ့သာ ခွင့်ပြုထားပါက ခရမ်းရောင်အလင်းတန်း ရာကျော်ကိုဖန်တီးပြီး လီချင်းရှုကိုပစ်လွှတ်ပြီးဖြစ်နေပါလိမ့်မည်။

တစ်ချိန်တည်းမှာပဲ လီချင်းရှုက ရုတ်တရက်စကားစလာသည်။"မင်းက အဆင့် ၃ ဓားစိတ်ဆန္ဒကို နားလည်ထားတဲ့အတွက် နာမည်မရှိတဲ့သူတော့မဖြစ်နိုင်ဘူးလို့ ငါထင်တယ်။အခု မင်းက ဘယ်နယ်မြေနဲ့ အင်အားစုကလဲဆိုတာ ငါတကယ်သိချင်မိတယ်!"

လီချင်းရှု၏စကားကိုကြားလိုက်သောအခါ ပတ်ဝန်းကျင်ရှိလူအုပ်က ယန်ယဲ့ထံသို့အကြည့်များ ရောက်ရှိလာတော့သည်။

ရှင်းရှင်းပြောရရင် လူတိုင်း ယန်ယဲ့၏ နောက်ခံနှင့်နယ်မြေကို အလွန်သိချင်နေမိကြသည်။

"ဒါက အဓိကကျတဲ့အချက်လား?" ယန်ယဲ့က ဟက်ဟက်ပက်ပက်ဖြင့် ရယ်မော လျှောင်ပြောင်လိုက်သည်။

“မှန်တယ်။” လီချင်းရှူက ခေါင်းညိတ်ပြီး "သေခါနီး လူတစ်ယောက်ကို ဒီလိုမေးခွန်းမျိုး မေးတာက တကယ်ကို အဓိပ္ပါယ်မရှိဘူး!"

ထိုအချိန်တွင် နန်းဂွန်မန်က ရုတ်တရက် ပျောက်ကွယ်သွားပြီး ယန်ယဲ့၏ရှေ့တွင်ပေါ်လာကာ ခရမ်းရောင်မင့်ခ်ကလေးကို ဂရုတစိုက်ကြည့်လိုက်သည်။

ခဏအကြာတွင် သူမ၏ မျက်လုံးထဲ၌
ထိတ်လန့်တကြားအမူအရာများသိသိသာသာ ပေါ်လာပြီး
ယန်ယဲ့ကို စိုက်ကြည့်ရင်း မေးလိုက်ပါသည်။ "ဘာလို့လဲ?...
မဖြစ်နိုင်ဘူး၊ သူက ဘာကြောင့် နင့်အနားမှာ ရှိနေရတာလဲ?"

ယန်ယဲ့က ချက်ချင်း မျက်မှောင်ကြုတ်လိုက်၏။ ပြီးမှ
နန်းဂွန်မန်ကို စိုက်ကြည့်ကာ
“နင်ဘာကိုဆိုလိုတာလဲ!”

နန်းဂွန်မန်က ခေါင်းခါလိုက်သည်။ "နင်က သူ့ရဲ့
နောက်ခံအကြောင်း မသိဘူးလို့တော့ ငါ့ကို မပြောနဲ့!"

ယန်ယဲ့၏မျက်ခွံများ
လှုပ်ယမ်းသွားပါသည်။"ဒီမိန်းကလေးကလည်း
အငယ်ကောင်ရဲ့နောက်ခံကိုသိနေတာလား?

ခရမ်းရောင်မင့်ခ်ကလေးက နတ်ဆိုးသားရဲဆိုတာကို သူမက ဘယ်လို သတိပြုမိနိုင်တာလဲ?"

ခဏအကြာတွင် ယန်ယဲ့က ခေါင်းခါလိုက်ကာ နန်းဂွန်မန်ကိုပြန်ကြည့်လိုက်၏။

"ဒါက မင်းနဲ့ ဘာမှမဆိုင်ဘူးထင်တယ်။ ဟုတ်တယ်မလား?"

လူငယ်မျိုးဆက်တွင် မည်သူမျှ သူမအား ထိုကဲ့သို့ စကားမပြောရဲသောကြောင့် နန်းဂွန်မန် ၏ မျက်လုံးထဲတွင် ဒေါသအရိပ်အယောင်များ အနည်းငယ်ထွက်ပေါ်လာခဲ့၏။

သို့သော်၊ အဆုံးတွင် သူမက စိတ်ကိုတည်ငြိမ်အောင်ထိန်းချုပ်လိုက်ကာ ပုံမှန်လေသံဖြင့်ပြောလိုက်ပါသည်။

"အစောပိုင်းကဖြစ်ပျက်ခဲ့တဲ့ကိစ္စအတွက် တောင်းပန်ခွင့်ပြုပါ။ ငါ နင်နဲ့ အဲဒီအကောင်ငယ်လေးအပေါ်မှာ

မကောင်းကြံလိုတဲ့ ရည်ရွယ်ချက် မရှိဘူး၊ သူက အရမ်းချစ်စရာကောင်းနေလို့ ငါ အရမ်း သဘောကျသွားမထတယ်။ ဒါပေမယ့် တစ်ကယ်တော့ သူက ဒီကောင်လေးဖြစ်နေမှန်း ဘယ်တုန်းကမှ မထင်ထားမိဘူး...."

"မင်းမှာ ဘာရည်ရွယ်ချက်မှ မရှိဘူးလား?"

ယန်ယဲ့က နန်းဂွန်မန်ကိုကြည့်ရင်းလှောင်ပြောင်ရယ်မောလိုက်ပြီး တစ်ဖန် လီချင်းရှူကို စိုက်ကြည့်ကာ "ဒါက မင်းမှာ ဘာရည်ရွယ်ချက်မှ မရှိဘူးလို့ ပြောတာလား။ ငါ့မှာသာ ခွန်အားမရှိရင် အခုဏလေးက သေသွားလောက်ပြီ...... မဟုတ်လား”

"ချီး.....! မင်းက တကယ်သေချင်နေတာလား။" ထိုအချိန်တွင် လီချင်းရှုက ယန်ယဲ့ကိုပြန်စိုက်ကြည့်ရင်း အေးစက်စက်အော်ငေါက်လိုက်၏။

"ဟဟ! ဒါဆိုရင် မင်းက စမ်းကြည့်လိုက်လေ!" ယန်ယဲ့သည် အေးစက်စွာ ပြုံးပြရင်း တစ်ချိန်တည်းမှာပင် သူ၏ မျက်လုံးများကသိသာစွာကျဉ်းမြောင်းသွားသည်။

အလားတူပင် လီချင်းရှု၏မျက်လုံးထဲ၌ သတ်ဖြတ်ခြင်းအငွေ့အသက်များတောက်ပလာခဲ့လေသည်။

ရုတ်တရက် နန်းဂွန်မန်က သူ့ကိုစိုက်ကြည့်ရင်း ခေါင်းယမ်းပြီး ယန်ယဲ့ကိုပြန်ကြည့်လိုက်ကာ "အရင်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်က တကယ်ပဲ ငါတို့အမှားပဲလေ။ စိတ်ထဲမထားမိဖို့ မျှော်လင့်ပါတယ်။ ကောင်းပြီ၊ အခု ဒီမှာပဲ နှုတ်ဆက်လိုက်ပါတယ်!”

သူမ၏ စကားဆုံးပြီးသည်နှင့် နန်းဂွန်မန်က

ယန်ယဲ့၏ပုခုံးထက်ရှိ

ခရမ်းရောင်မင့်ခ်ကလေးကိုရှုပ်ထွေးသောအမူအရာဖြင့်

စိုက်ကြည့်ကာ ကောင်းကင်ဝင်ပေါက်ဆီသို့

လျှောက်သွားလိုက်သည်။

လီချင်းရှုက ယန်ယဲ့ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး

"နောက်တစ်ခါ ဒီလိုထပ်ဖြစ်ရင် မင်းသေရမယ်!"

သူက ပြောပြီးသည်နှင့် ယန်ယဲ့၏စကားကိုပင်မစောင့်တော့ဘဲ

နန်းဂွန်မန်နောက်သို့ အမြန်ပြေးလိုက်သွားခဲ့သည်။

ဒီအချိန်တွင် ရှီလော့က ယန်ယဲ့ဆီသို့လျှောက်လာပြီးနောက်

“ဟီး! မင်းက တကယ့်ကောင်ပဲ။” ယန်ယဲ့ကို

အထက်အောက်စုံဆန်ကြည့်လိုက်ပြီးမှ..... "မင်းက အဆင့် ၃

ဓားစိတ်ဆန္ဒကိုနားလည်ထားလိမ့်မယ်လို့
ငါတကယ်မမျှော်လင့်ထားဘူး။ မင်းရဲ့ရုပ်ခန္ဓာခွန်အားကလည်း
ဒီလောက်အတိုင်းအတာအထိ သန်မာတယ်။
အဲဒီ့အလင်းဘောလုံးက မင်းကို ဒုက္ခမပေးနိုင်ခဲ့ဘူးပေါ့။
ကံမကောင်းစွာပဲ, မင်းက
အဲ့ဒီသောက်ရူးကောင်ကိုရန်စမိသွားပြီ။ ဒီတော့
နောင်အခါကျရင် သူက မင်းကို ပြဿနာရှာတော့မှာ
သေချာတယ်!"

"ဘာဖြစ်လဲကွာ!" ယန်ယဲ့က ပုခုံးတွန့်ပြပြီး ရှီလော့ကို
တစ်ချက်ကြည့်လိုက်သည်။ "တကယ်တော့ မင်းတို့
သုံးယောက်က အတူတူနေတာမဟုတ်ဘူးလား?"

"ချီးပဲ ဟေ့ကောင်!" ရှီလော့က မကျေမနပ်အော်ဟစ်လိုက်၏။
“ငါက အဲဒီ သောက်ရူးကောင်နဲ့မတူဘူး။ သူက အများအားဖြင့်
အေးဆေးတည်ငြိမ်တယ်လို့ထင်ရပေမယ့်

တကယ့်တကယ်ကျတော့
မရိုးသားတဲ့လှည့်ကွက်တွေနဲ့ပြည့်နေတယ်။
တကယ်လို့ ငါ့ရဲ့အစွမ်းအစကသာ မကောင်းဘူးဆိုရင်
ဒီသောက်ရူးကောင်က ငါ့ကိုစွဲဖြဲပြီးအမှောင်မှော်သားရဲတွေကို
ကျွေးပစ်မှာသေချာတယ်။”

ယန်ယဲ့က ရုတ်တရုတ်ပြောလိုက်၏။ "မင်းက
သူ့ထက်သာမယ်လို့ ငါထင်တယ်!"

"ဟီးဟီး! ဟော့ကောင်.....
ငါ့ကို လှုံ့ဆော်ဖို့ကြိုးစားနေတာလား" ရှီလော့က
တဟားဟားရယ်လိုက်ပြီး
“ဒီသခင်ငယ်ရှေ့မှာဒီလိုလှည့်ကွက်တွေကို မကစားပါနဲ့။
နတ်ဆိုးနယ်မြေ နဲ့ ငရဲနတ်ဆိုးနယ်မြေကြောင့်သာ မဟုတ်ရင်
ငါက ဒီသောက်ရူးကောင်ကို အခုရိုက်နှက်ပြီးနေလောက်ပြီ။

တစ်ခုရှိသေးတယ်၊ ငါတို့က အချင်းချင်းသိထားလို့ မင်းကို အကြံတစ်ခုတော့ပေးလိုက်မယ်။

တကယ်လို့ မင်းတစ်ယောက်တည်းရှိနေချိန်မှာ အဲဒီသောက်ရူးကောင်နဲ့ တွေ့ရင် တတ်နိုင်သမျှ ထွက်ပြေးပါ။ မင်းကို သူ့ရဲ့လျှို့ဝှက်ချက်တစ်ခုပြောပြမယ်။ သူက ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေအများကြီး သတ်ပစ်ခဲ့ပြီးပြီ။ မင်းက သူနဲ့တွေ့ရင် သတိထားပါ!"

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေလား? ယန်ယဲ့၏မျက်လုံးထဲ၌ လေးနက်သောအမူအရာပေါ်လကာ တစ်ချိန်တည်းမှာပဲ အလွန်ကျဉ်းမြောင်းသွားခဲ့သည်။

သူသည် လီချင်းရှူကို သဘောမကျသော်လည်း၊ သကောင့်သားက အလွန်အစွမ်းထက်ကြောင်းဝန်ခံရပါမည်။

အထူးသဖြင့် လီချင်းရှု၏လက်ထဲမှ
အစိမ်းရောင်အလင်းဘောလုံးပင်ဖြစ်သည်။

အစောပိုင်းကတိုက်ခိုက်မှုတွင် သူ၏ရုပ်ခန္ဓာခွန်အားသာ
လုံလောက်အောင်သန်မာမနေပါက
အစိမ်းရောင်အလင်းလုံးဖြင့်ထိမှန်ပြီးနောက်
ကျိန်းသေလျှောသွားနိုင်ပေသည်။

"ဟူး.......

လောကမှာ
တစ်စုံတစ်ယောက်ထက်ပိုပြီးထက်မြက်တဲ့သူတစ်ယောက်
အမြဲရှိတယ်။ဒီစကားက
ကျင့်ကြံခြင်းလောကမှာအတော်လေးအသုံးဝင်တဲ့အမှန်တ
ရားပဲ။"

ထို့နောက် ယန်ယဲ့က အသက်ပြင်းပြင်းရှူလိုက်သည်။

"ဒီပုံအတိုင်းဆိုရင် ငါက နဝမငရဲဘုံကိုသွားပြီး နဝမငရဲအေးမီးတောက်ကိုတတ်နိုင်သမျှအမြန်ဆုံးရှာရမယ် ထင်တယ်။

ပုန်းကွယ်နေသောနဂါးစေတီမဖွင့်ခင်မှာရယူနိုင်ရင်အကောင်းဆုံးပဲ။

မဟုတ်ရင်တော့ အခု ငါပိုင်ဆိုင်ထားတဲ့စွမ်းအားနဲ့ လီချင်းရှူကိုတိုက်ခိုက်မယ်ဆိုရင် ငရဲတစ္ဆေမီးတောက် နဲ့ အဆင့် ၅ ဓားစိတ်ဆန္ဒကိုအသုံးမပြုရင် သေချာပေါက်ရှုံးသွားမှာ။ ဒါ့အပြင် ငါ့ရဲ့ဝှက်ဖဲတွေကို အကုန်ထုတ်ပြီးသုံးရင်တောင် ဒီလီချင်းရှူကိုအနိုင်ယူဖို့မသေချာဘူး။"

နောက်ဆုံးတွင် လီချင်းရှူသည် အဆင့် ၉ မဟာဂိုဏ်းကြီးမှတပည့်တစ်ဦးဖြစ်သည်။

ယေဘုယျအားဖြင့် သူဟာ အဆင့်မြင့်ရတနာလက်နက်များနှင့် စွမ်းအားနည်းစနည်းများစွာလေ့ကျင့်ထားပေလိမ့်မည်။

ထိုကဲ့သို့ အဆင့် ၉ မဟာဂိုဏ်းကြီးတစ်ခု၏ ပါရမီရှင်က သူ့ထက် နိမ့်ကျနေပါမည်လော။

လုံးဝ မဖြစ်နိုင်ပေ။

ဤအခိုက်အတန့်တွင် မြို့ရိုးအရှေ့ရှိလူအုပ်က ကောင်းကင်ဝင်ပေါက်ကိုဖြတ်ရန်ပြင်နေသော ဗဟိုနယ်မြေ၏ အထူးချွန်ဆုံးပါရမီရှင်သုံးဦးကို စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။

ထို့ကြောင့်၊ တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော ကျင့်ကြံသူများက အပြေးအလွှားရောက်လာကြသည်။ သိပ်မကြာခင်မှာပဲ ရှေးဟောင်းဒိုမိန်းမြို့၏ ဝင်ပေါက်လေးခုရှေ့တွင်ထောင်သောင်းချီသောလူငယ်ကျင့်ကြံသူများဖြင့်ပြည့်နှက်သွားတော့သည်။

ယုတ်မာသူများသည် မြို့တွင်းမှ ထွက်လာကြပြီး မကြာမီတွင် သောင်းနှင့်ချီသော ယုတ်မာသော အကျင့်ဆိုးများ ပတ်ဝန်းကျင်သို့ ရောက်ရှိလာခဲ့ကြသည်။ ထို့အပြင်၊ ဤအရေအတွက်သည်အဆက်မပြတ်တိုးပွားလာသည်။

တစ်ဖက်တွင် နန်းဂွန်မန်သည် ကောင်းကင်ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားပြီးနောက် ဝင်ပေါက်ဘေးနားတွင် ရပ်နေသော ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူနှစ်ဦးကို ခေါင်းညိတ်ပြလိုက်ပါသည်။ပ “ ဗဟိုနယ်မြေရဲ့အဆင့် ၉ မဟာဂိုဏ်းတစ်ခုဖြစ်တဲ့ "သန့်စင်မြစ်ဂိုဏ်း"ရဲ့နန်းဂွန်မန်! ငါ့ရဲ့ လက်ရှိကျင့်ကြံမှုအဆင့်က သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကိုရောက်နေပြီ။”

ဘယ်ဖက်ရှိ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက အနည်းငယ် ခေါင်းညိတ်ပြပြီး "ကောင်းပြီ၊ အခု မင်းက စိတ်ပိုင်းဖြတ်ပြီးပြီလား?"

"ဒါပေါ့!" နန်းဂွန်မန်က ပေါ့ပေါ့ပါးပါးအမူအရာနှင့် ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင်တော့ ကျေးဇူးပြုပြီး သွားလို့ရပြီ။" ညာဖက်မှ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက ပုံမှန်အတိုင်းဖြင့် ပြောခဲ့သည်။

နန်းဂွန်မန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ရုတ်တရက် သူမ၏ လက်ဝါးကို ပွတ်သပ်လိုက်ကာ အရောင်တလက်လက်တောက်ပနေသော မှန်တစ်ချပ် ပေါ်လာသည်။

မှန်ဘောင်၏ ပတ်ပတ်လည်နှင့်နောက်ဖက်တွင်
ထူးဆန်းသောသင်္ကေတများ ရေးထိုးထားသည်။
ထို့အပြင် မှန်ဘောင်များက လျှပ်စီးကြောင်းများကဲ့သို့
သင်္ကေတ၊ အစီအရင်များစွာရှိနေပေသည်။

ထိုအချိန်တွင် နန်းဂွန်မန်၏လက်ထဲမှ
ထူးဆန်းသောမှန်ကိုကြည့်၍
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်ပညာရှင်နှစ်ဦး၏
အမူအရာများက သိသိသာသာပြောင်းလဲသွားခဲ့ပါပြီ။
ကောင်းကင်ဝင်ပေါက်၏ ဘယ်ဖက်တွင်ရပ်နေသော
ကျွမ်းကျင်သူက "မိန်းကလေး! ဒါက အဆင့်နိမ့်
ကောင်းကင်အဆင့် အမှောင်ရတနာလက်နက်,
ဝိညာဉ်အလင်းပြန်ကြေးမုံ!" ဟူ၍
အံ့အားသင့်စွာရေရွတ်လိုက်ပါတော့သည်။

နန်းဂွန်မန်က ခေါင်းညိတ်ပြလိုက်သည်။ "အဲဒါကို အသုံးပြုခဲ့တာ ခွင့်လွှတ်ပါ။ ဒါပေမယ့် ငါ့မှာလည်း တခြားရွေးချယ်စရာ မရှိတော့ဘူးလေ။ ကောင်းကင်ဝင်ပေါက်ရဲ့တိုက်ခိုက်မှုက ဒီလိုအဆင့်ကိုရောက်ရှိအောင်ပြင်ပအင်အားတွေကို ချေးငှားမယူတဲ့ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၅ ကျွမ်းကျင်သူနှင့် ညီမျှတယ်။ ဒါကြောင့် အခုငါပိုင်တဲ့ ခွန်အားနဲ့ ခုခံဖို့ဆိုတာ ကောင်းကင်အဆင့် အမှောင်ရတနာလက်နက်ကိုပဲ အားကိုးလို့ရတယ်။"

ညာဖက်ရှိ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူက ခေါင်းခါယမ်းလိုက်၏။ "မိန်းကလေး၊ မင်းက တစ်ခါတစ်ရံမှာနုံအလွန်းတယ်ထင်တယ်။ ရှေးဟောင်းစစ်မြေပြင်ရဲ့သမိုင်းတစ်လျှောက်မှာ ပြင်ပအင်အားကို အသုံးမပြုဘဲနဲ့ ကောင်းကင်ဝင်ပေါက်ကို ဖြတ်သန်းနိုင်တဲ့လူအရေအတွက်က

လက်တစ်ဆုပ်စာလောက်ပဲရှိတယ်။ ဟူး.... ပြင်ပခွန်အားကို အားမကိုးဘဲနဲ့ ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ခဲ့တဲ့သူတစ်ယောက် ပေါ်လာပြီးကတည်းက နှစ်ထောင်ချီကြာသွားပုံပဲ။ အခုအချိန်ထိ ဘယ်သူမှ မရှိခဲ့ဘူး။”

ဘယ်ဖက်ရှိ လူကလည်း ခေါင်းညိတ်သည်။ “တကယ်ပါပဲ။ အဲ့လိုလူတစ်ယောက်မှ ပေါ်မလာတာ နှစ်ထောင်ချီရှိနေပြီ! ပြင်ပအင်အားကို အားမကိုးဘဲ ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့ဆိုတာရယ် ပြင်ပက ခွန်အားနဲ့အရင်းအမြစ်တွေကို အားကိုးနေတဲ့သူတွေဆိုရင်တောင် လွန်ခဲ့တဲ့ နှစ်ထောင်အနည်းငယ်အတွင်းမှာ ဒါဇင်အနည်းငယ်ပဲ ရှိသေးတယ်။မင်းရဲ့ခွန်အားက မဆိုးပါဘူး၊ ဒါကြောင့် မင်းသာ မြေကမ္ဘာဝင်ပေါက်ကိုရွေးချယ်လိုက်ရင် သေချာပေါက်

ဖြတ်ကျော်သွားနိုင်လိမ့်မယ်။ဒါပေမယ့် တကယ်လို့ မင်းက ကောင်းကင်ဝင်ပေါက်ကို ရွေးချယ်ရင်တော့ အနည်းငယ်သတိလက်လွတ်ဖြစ်သွားရင်တောင် သေဆုံးသွားမှာ။ အဲဒါကို သေချာပြန်စဉ်းစားရမယ်။ငါတို့ရဲ့ဗဟိုနယ်မြေက အထူးချွန်ဆုံးပါရမီရှင်တစ်ယောက် ဆုံးရှုံးတာကို တကယ်မမြင်ချင်ဘူး!”

နန်းဂွန်မန်က သိမ်မွေ့စွာ ပြုံးပြီး “အခုလိုသတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အကြီးအကဲတို့။ ဒါပေမယ့် ဒီဂျူနီယာကြိုးစားကြည့်ချင်တုန်းပဲ။ မဟုတ်ရင် ကျင့်ကြံခြင်းခရီးလမ်းတစ်လျှောက်လုံးအတွင်းစိတ်ရိုင်းဖြစ် သွားလိမ့်မယ်!”

သူမ၏စကားကို ကြားလိုက်တဲ့အခါ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူနှစ်ဦးက

အကြည့်ချင်းဖလှယ်လိုက်ကြသည်။

ထို့နောက် နှစ်ဦးသား ဘေးဖက်သို့ရွှေ့လိုက်ကြရင်း
သက်ပြင်းကိုယ်စီချလိုက်ကြသည်။

မှန်ပါသည်။ နန်းဂွန်မန်ကဲ့သို့ထိပ်သီးပါရမီရှင်တစ်ဦးအား
ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်ရန်ခွင့်မပြုလိုက်ပါက
သူမ၏ နှလုံးသားထဲတွင်
ထာဝရစိတ်ရိုင်းတစ်ခုဖြစ်တည်သွားပါလိမ့်မည်။
အတွင်းစိတ်ရိုင်း(စိတ်နတ်ဆိုး)က အစပိုင်းတွင်
မသိသာသော်ငြား၊ ကေရာဇ်အဆင့်ကိုတက်လှမ်းသည်နှင့်
သေချာပေါက်သေဆုံးရလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးက မတတ်သာစွာသက်ပြင်းချလိုက်ရင်း
နန်းဂွန်မန်ကိုဂရုတစိုက်စောင့်ကြည့်နေကြတော့သည်။

နန်းဂွန်မန်သည် ကောင်းကင်ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာနေရင်း သူမ၏

အမူအရာက တဖြည်းဖြည်းလေးနက်လာခဲ့ပါသည်။

ကောင်းကင်ဝင်ပေါက်သည် ဂုဏ်သိက္ခာကို ကိုယ်စားပြုရုံသာမက သူမ၏ စိတ်အခြေအနေနှင့်လည်း သက်ဆိုင်ပါသည်။

ကျင့်ကြံခြင်းလမ်းစဉ်သည် မရေမတွက်နိုင်သော အခက်အခဲများ၊ အန္တရာယ်များနှင့် ပြည့်နှက်နေ၏။

အကယ်၍ သူမက ယုံကြည်မှုမရှိဘဲ၊ အရေးမပါသောအတားအဆီးတစ်ခုကိုဖြတ်ကျော်ခြင်းမပြုပါက အနာဂတ်ကျင့်ကြံခြင်းလမ်းစဉ်တွင် အခက်အခဲများစွာကိုကျော်ဖြတ်ပြီး သိုင်းပညာလမ်းစဉ်(သိုင်းပညာတာအို)၏ အထွတ်အထိပ်သို့ ရောက်ရှိရန်လုံးဝမဖြစ်နိုင်ပေ။

ထို့ကြောင့် သူမက အရာရာကို စိတ်ပိုင်းဖြတ်ထားပြီး ကောင်းကင်ဝင်ပေါက်ကို တိုက်ရိုက်ဖြတ်ကျော်ရန်ဆုံးဖြတ်လိုက်ခြင်းပါ။

ရှီလော့ နှင့် လီချင်းရှုနှစ်ဦးလုံးပင်တိတ်ဆိတ်သွားသည်။ သူတို့က နန်းဂွန်မန်၏ ရည်ရွယ်ချက်ကို နားလည်ထားသောကြောင့် တားဆီးခြင်းမပြုခဲ့ပေ။

ပတ်ဝန်းကျင်ရှိ မရေမတွက်နိုင်သော လူအုပ်ကြီးသည်လည်း အလွန်အမင်းစိတ်လှုပ်ရှားနေသောအမူအရာများဖြင့် နန်းဂွန်မန်ကိုစူးစိုက်ကြည့်နေခဲ့ကြသည်။

ထိုအချိန်တွင် ယန်ယွဲ့၏ အကြည့်များက နန်းဂွန်မန် အပေါ် ရောက်နေသည် ။

ကောင်းကင်ဝင်ပေါက်က ဘယ်လောက်ထိ
ကြောက်စရာကောင်းသည်ကိုအစောပိုင်းတည်းက
သူမြင်တွေ့ခဲ့ရသည်မဟုတ်ပါလား။

တကယ်တမ်းတွင် သူသည်လည်း
ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်နိုင်စွမ်းရှိမည်ဟု
သူ၏ကိုယ်ပိုင်စွမ်းအားကို အယုံအကြည်မရှိခဲ့ပေ။
အကယ်၍ ကောင်းကင်ဝင်ပေါက်သည်တစ်ကြိမ်တည်းသာ
တိုက်ခိုက်ခဲ့ပါက သူ့အနေဖြင့် ချက်ချင်း
ကျော်ဖြတ်သွားနိုင်ပါမည်။

သို့သော်၊ ပြဿနာမှာ ကောင်းကင်ဝင်ပေါက်သည်
တစ်ကြိမ်တစ်ခါတည်းသာ တိုက်ခိုက်ခြင်း မဟုတ်ပေ။

ထို့အပြင်၊ ကောင်းကင်ဝင်ပေါက်တွင် အစောပိုင်းကထက် အဆပေါင်းများစွာ ပို၍ကြောက်စရာကောင်းသော တိုက်ခိုက်မှုများ ရှိမရှိကိုဘယ်သူမှမသိနိုင်ပါ။

အတိုချုပ်ပြောရလျှင် ယန်ယွဲ့၏စိတ်ထဲ၌ ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်ရန်သူ့ကိုယ်သူ ယုံကြည်မှုသိပ်မရှိပေ။

သို့သော်ငြား၊ သူသည် ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ရန် သေချာပေါက် ကြိုးစားပါလိမ့်မည်။

သူသည်လည်း နန်းဂွန်မန် နှင့်အလားတူ အတွင်းစိတ်ရိုင်းကို ဖြစ်တည်မလာစေချင်ပေ။

မရေမတွက်နိုင်သော လူများ၏ အကြည့်များအောက်တွင် နန်းဂွန်မန်က

သူမ၏လှပသောခြေထောက်တစ်ဖက်ကိုမြှောက်ကာ ကောင်းကင်ဝင်ပေါက်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၂)] - ကောင်းကင်အဆင့်နည်းစနစ်များ၊ အမှောင်ရတနာလက်နက်များ

နန်းဂွန်မန်သည် ကောင်းကင်ဝင်ပေါက်သို့
ခြေချလိုက်သောအခါ သိပ်သည်းသော
စွမ်းအင်အတက်အကျတစ်ခုပေါ်လာသည်။

ထို့နောက် ကောင်းကင်ဝင်ပေါက်အတွင်းရှိလေထုထဲမှ
အစိမ်းရောင်အလင်းတန်းများ ထွက်ပေါ်လာခဲ့ပါသည်။
အနီးပတ်ဝန်းကျင်ရှိ လူတိုင်းပင် မတုံ့ပြန်နိုင်လောက်အောင်
အလွန်တရာမြန်ဆန်သောအရှိန်ဖြင့် နန်းဂွန်မန် ဆီသို့
တဟုန်ထိုး ပျံ့လွင့်လာခဲ့၏။

အစိမ်းရောင်အလင်းတန်းကို စူးစိုက်ကြည့်နေရင်း
နန်းဂွန်မန်၏အမူအရာက လေးနက်သွားပါသည်။

သန့်စင်မြစ်ဂိုဏ်းက သူမအား ကောင်းကင်ဝင်ပေါက်၏
ကြောက်စရာကောင်းသောအချက်အလက်များကို
ရှင်းပြထားသလို၊

ဂိုဏ်း၏အဆင့်မြင့်အာဏာပိုင်များသည်ပင်ကောင်းကင်ဝင်
ပေါက်ကိုဖြတ်ကျော်ခြင်းမပြုရန်
တားမြစ်ထားခဲ့ခြင်းဖြစ်သည်။

သို့သော် အဆုံးတွင် သူမက ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်ရန်သာဆုံးဖြတ်လိုက်၏။

မည်သို့ပင်ဆိုစေ သူမ၏ကိုယ်ပိုင်ခွန်အားအပေါ်
ကောင်းကောင်းကြီးယုံကြည်ထားသောကြောင့်ပါ။

အခုအချိန်တွင် ကောင်းကင်ဝင်ပေါက်ကို ကိုယ်တိုင်ကိုယ်ကျ
တွေ့ကြုံလိုက်ရမှသာ သူမစိတ်ထဲတွင် အမြဲတမ်း
လျှော့တွက်နေမှန်း သတိထားမိလိုက်၏။

သို့သော်ငြား၊ ပစ်လွှတ်လိုက်သော မြှားတစ်စင်းသည်
လေးကိုင်းဆီသို့ ပြန်မလာနိုင်တော့ပေ။

ဒီအခိုက်အတန့်တွင် သူမက နောက်ကြောင်းပြန်လှန့်ပြီး ဆုတ်ခွာရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ရှေ့ဆက်တိုးရုံသာ......!

ဝှမ်း.....

နန်းဂွန်မန်၏မျက်လုထဲတွင် တည်ကြည်လေးနက်သောအမူအရာတစ်ခုထွက်ပေါ်လာပြီး သူမ၏လက်ကိုခါယမ်းလိုက်သည်။

ထို့နောက် ဝိညာဉ်အလင်းပြန်ကြေးမုံသည် တဝီဝီမြည်သံများနှင့်အတူ အစိမ်းရောင်အလင်းတန်းဆီသို့ ချက်ချင်းပျံသန်းသွား၏။

ဝေါ.....ဝရော.....

လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်တွင် အစိမ်းရောင်အလင်းတန်းများက ဝိညာဉ်အလင်းပြန်ကြေးမုံ နှင့် ကြမ်းတမ်းစွာ တိုက်ချသွားတော့သည်။

သို့ရာတွင် အကြီးအကျယ်ပေါက်ကွဲသွားခြင်း (သို့) စွမ်းအင်အတက်အကျ တစ်စုံတစ်ရာပင် ထွက်ပေါ်မလာခဲ့ပေ။

အစိမ်းရောင်အလင်းတန်းများက
ဝိညာဉ်အလင်းပြန်ကြေးမုံကို
ကြမ်းတမ်းစွာပစ်ချလိုက်သော်လည်း၊ ရုတ်တရက်
ကြေးမုံအတွင်းပိုင်းသို့ စုပ်ယူခံလိုက်ရသည်။

ရိုသတ်များ တုန်လှုပ်ချောက်ချားသွားကြသည်။
ကောင်းကင်ဝင်ပေါက်ရဲ့ကြောက်စရာကောင်းတဲ့
တိုက်ခိုက်မှုက ဒီအတိုင်း ပျောက်ကွယ်သွားပြီလား?

ယန်ယဲ့လည်း ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။

အစိမ်းရောင်အလင်းတန်းက

ဘယ်လောက်ကြောက်စရာကောင်းသည်ကို

သူကိုယ်တိုင်မြင်တွေ့ခဲ့ရ၏။

၎င်းသည် ဝိညာဉ်နယ်ပယ်အလွှာအဆင့်မြင့်ကျွမ်းကျင်သူ၏

အင်အားအပြည့်တိုက်ခိုက်ခြင်းနှင့် ညီမျှသော

တိုက်ခိုက်မှုတစ်ခုဖြစ်သည်။

သို့သော်ငြား ယခုအချိန်တွင်

ထိုကဲ့သို့အလွန်အမင်းကြောက်စရာကောင်းသောတိုက်ခိုက်မှု

က ကြေးမုံထဲသို့စုပ်ယူခံလိုက်ရသည်။

“ဝိညာဉ်အလင်းပြန်ကြေးမုံက ကောင်းကင်အဆင့်ခုခံရေး

အမှောင်ရတနာလက်နက်တစ်ခုလေ။ ဒီရတနာလက်နက်က

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှာရှိတဲ့

တိုက်ခိုက်မှုတွေအားလုံးကို စုပ်ယူနိုင်တယ်လို့ ပြောကြတာပဲ။

ဟုတ်ပါတယ်၊ အဲဒါက ကြောက်စရာတော့

မဟုတ်သေးပါဘူး။

ကြောက်စရာအကောင်းဆုံးကတော့

ဒီဝိညာဉ်အလင်းပြန်ကြေးမုံက ကောင်းကင်အဆင့်အောက်

တိုက်ခိုက်ရေးနည်းစနစ်တွေ နဲ့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေရဲ့

တိုက်ခိုက်မှုတွေကိုတောင် စုပ်ယူနိုင်သေးတယ်။

ဒါ့အပြင်၊ ဒီအမှောင်ရတနာလက်နက်က

စုပ်ယူလိုက်တဲ့အရာတွေကို တန်ပြန်တိုက်ခိုက်နိုင်တယ်။

ဒါ ဝိညာဉ်အလင်းပြန်ကြေးမုံရဲ့ ကြောက်စရာအကောင်းဆုံး

စွမ်းရည်ပဲ။” ယန်ယဲ့က ပဟေဠိဖြစ်နေကြောင်း

တွက်ဆမိလိုက်ပြီးနောက် ရှီလော့က ဘေးမှ လျစ်လျူရှုကာ

ပြောလိုက်သည်။

ယန်ယဲ့က မချိုပြုံးပြုံးလိုက်မိသည်။

"ကောင်းကင်အဆင့်ခုခံရေးအမှောင်ရတနာလက်နက်!"

တစ်နည်းအားဖြင့်ဆိုရသော် သူမပိုင်ဆိုင်ထားသော ဝိညာဉ်အလင်းပြန်ကြေးမုံနှင့်ဆိုပါက အဆင့်တူတိုက်ပွဲတွင် မရှုံးနိမ့်နိုင်တော့ပေ။

တစ်ချိန်တည်းမှာပင် ကောင်းကင်အဆင့်အောက် အမှောင်ရတနာလက်နက်များအားလုံးက လုံးဝ ခုခံနိုင်လိမ့်မည်မဟုတ်ပါ။

ထိုကဲ့သို့ဆိုပါက လူငယ်မျိုးဆက်တွင်ဘယ်သူမှ သူမကို တိုက်ခိုက်နိုင်တော့မည်မဟုတ်ချေ။

ဝိညာဉ်အလင်းပြန်ကြေးမုံက အစိမ်းရောင်အလင်းတန်းကို စုပ်ယူလိုက်သည့်တိုင် နန်းဂွန်မန်၏အမူအရာက စိတ်အေးလက်အေးမရှိဘဲ၊ အလွန်လေးနက်တည်ကြည်လာခဲ့သည်။

အစိမ်းရောင်အလင်းတန်းက ဘယ်လောက်ထိအားကောင်းနိုင်ကြောင်း၊ အကယ်၍ နောက်တစ်ကြိမ်ထွက်ပေါ်လာမည့်တိုက်ခိုက်မှုကို သူမ၏လက်ထဲရှိကြေးမုံကခုခံနိုင်ခြင်းရှိမရှိကို မသိနိုင်လို့ပါပဲ။ နောက်ဆုံးတွင် ကောင်းကင်ဝင်ပေါက်၏ စွမ်းအားသည် သူမ မျှော်လင့်ထားသည်ထက်ပင် များစွာကျော်လွန်နေကြောင်းသိလိုက်ရလေတော့သည်။

ပတ်ဝန်းကျင်သည် တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက် အစိမ်းရောင်အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

ဤ၊တစ်ကြိမ်ထွက်ပေါ်လာသောအစိမ်းရောင်အလင်းတန်းများ
က မူလထက်များစွာကြီးမားနေသလို
အမြန်နှုန်းကလည်းအလွန်တရာမြန်ဆန်လာခဲ့ပါပြီ။

နန်းဂွန်မန်၏ မျက်လုံးများက
သိသိသာသာကျဉ်းမြောင်းသွားကာ သူမ၏ လှသောလက်ကို
အမြန်ဆုံးဝှေ့ယမ်းလိုက်သည်။

ဝိညာဉ်အလင်းပြန်ကြေးမုံထဲမှ အဖြူရောင်အလင်းတန်းများ
ရုတ်တရက် ထွက်ပေါ်လာပြီးနောက်
အစိမ်းရောင်အလင်းတန်းကိုတားဆီးလိုက်၏။

ဝိညာဉ်အလင်းပြန်ကြေးမုံအတွင်းမှပေါက်ကွဲထွက်လာသော
အဖြူရောင်အလင်းတန်းများက
အစိမ်းရောင်အလင်းတန်းများနှင့်လေထဲတွင်တွေ့ဆုံသွားလေ
တော့သည်။

ခရက်!

ခဏအကြာတွင် အစိမ်းရောင်အလင်းတန်းက
အစောပိုင်းကလိုပင် ထူးဆန်းစွာပျောက်ကွယ်သွားခဲ့ပြန်သည်။

သို့သော်၊ ဤတစ်ကြိမ်တွင် လူတိုင်း
ကျယ်လောင်သောအက်ကွဲသံကို အနီးကပ်ကြားလိုက်ရသည်။
တစ်ချိန်တည်းမှာပင် လူတိုင်း၏အကြည့်များက
ဝိညာဉ်အလင်းပြန်ကြေးမုံ၏ဘောင်ပေါ်တွင် သေးငယ်သော
အက်ကြောင်းအချို့ပေါ်လာသည်ကို
သတိပြုမိလိုက်ကြသည်...။

ဘာ!

ကောင်းကင်ဝင်ပေါက်မှ ဒုတိယအကြိမ် တိုက်ခိုက်မှုသည်
ကောင်းကင်အဆင့်အမှောင်ရတနာလက်နက်ကိုပင်ပျက်စီးစေ
နိုင်သည့်အထိ ကြောက်မက်ဖွယ်ကောင်းနေသောကြောင့်
ပတ်ဝန်းကျင်ရှိလူတိုင်းအလွန်အမင်း
တုန်လှုပ်ချောက်ချားသွားခဲ့ပါသည်။

"တကယ်လို့ ငါတို့သာ ကောင်းကင်ဝင်ပေါက်ရဲ့တိုက်ခိုက်မှုကို
ခုခံဖို့ ကောင်းကင်အဆင့်
အမှောင်ရတနာလက်နက်တွေကိုမပိုင်ဆိုင်ခဲ့ရင်......."
ဒီအချက်ကိုတွေးလိုက်မိတဲ့အခါ လူအုပ်ကြီးထံမှ
အေးစက်သော ချွေးစေးများ စီးကျလာတော့သည်။

ကောင်းကင်အဆင့် အမှောင်ရတနာလက်နက်ကို
ပိုင်ဆိုင်ထားခြင်းမရှိလျှင် အစောပိုင်းတုန်းက ဝမ်ဂျင်ဒေါင်
ကဲ့သို့ပင် ချက်ချင်း ငရဲရောက်သွားပေလိမ့်မည်။

တစ်ချိန်တည်းမှာပင်
မမျှော်လင့်ထားသောအဖြစ်အပျက်ကြောင့် ရှိလော့ နှင့်
လီချင်းရှုတို့၏ မျက်လုံးထဲတွင် စိုးရိမ်ပူပန်မှုများကိုယ်စီ
ပေါ်လာခဲ့သည်။

ကောင်းကင်ဝင်ပေါက်၏ စွမ်းအားသည်
သူတို့၏မျှော်လင့်ချက်များထက် လုံးဝကျော်လွန်သွားခဲ့ပြီ
ဖြစ်သည်။

သို့ရာတွင် ယခင်တည်းက
နန်းဂွန်မန်အပေါ်အပြည့်အဝယုံကြည်ထားသူများသာ
လက်ရှိမြင်ကွင်းကိုကြည့်၍
အနည်းငယ်ပင်တုန်လှုပ်မနေခဲ့ပေ။

တစ်ဖန် ဒီအခိုက်အတန့်တွင် ယန်ယဲ့သည်
သူ၏နှလုံးသားထဲတွင် အလွန်ကံကောင်းသွားသည်ဟု
ခံစားမိလိုက်သည်။

မှန်ပါသည်၊ အကယ်၍ သူသာဘာတစ်ခုမှသိမထားဘဲ
ကောင်းကင်ဝင်ပေါက်ထဲသို့ဝင်ရောက်သွားပါက
အစောပိုင်းတိုက်ခိုက်မှုဖြင့်ပင် တန်းပြီးလျှောသွားပါလိမ့်မည်။
ပြောစရာမလိုအောင်ပင် ကောင်းကင်ဝင်ပေါက်၏
စွမ်းအားသည် သူ့စိတ်ကူးထက် လုံးဝကိုကျော်လွန်သွားပါပြီ။

သိုင်းဘုရင်အထွတ်အထိပ်အဆင့် ကျွမ်းကျင်သူများ နှင့်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူအချို့ပင်
ကျိန်းသေအသတ်ခံရနိုင်သည်။

ရှီ.....

ဤအခိုက်အတန့်တွင် ကောင်းကင်ဝင်ပေါက်မှ နောက်ထပ် စွမ်းအင်အတက်အကျလှိုင်းတစ်ခု ထပ်မံထွက်ပေါ်လာခဲ့၏။

ဘန်း

ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ

လေဟာနယ်ထဲကနေ
အစိမ်းရောင်အလင်းတန်းတစ်ခုသည်ထွက်ပေါ်လာပါတော့သ
ည်။

ဒီတစ်ကြိမ်မှာတော့ နန်းဂွန်မန်၏ မျက်လုံးများသည် အစိမ်းရောင်အလင်းတန်းမှသိပ်သည်းသောစွမ်းအင်များကိုခံ စားမိပြီးအလွန်ကျဉ်းမြောင်းသွားလေသည်။

ထို့အပြင် အစိမ်းရောင်အလင်းတန်း၏ အရှိန်သည် အလွန်တရာလျင်မြန်လွန်းသဖြင့် ရှင်းရှင်းလင်းလင်း မမြင်နိုင်ခဲ့ပေ။

နန်းဂွန်မန်၏တုံ့ပြန်မှုသည် လုံးဝမနှေးကွေးဘဲ သူမ၏ဆန်းကြယ်ချီစွမ်းအင်များက ဝိညာဉ်အလင်းပြန်ကြေးမုံထဲသို့တဟုန်ထိုးစီးဝင်သွားကာ တလက်လက်တောက်ပနေသောအဖြူရောင်အလင်းတန်းများ ဖြာထွက်လာပါပြီ။

ထို့နောက်တွင် နောက်ထပ် အစိမ်းရောင်အလင်းတန်းတစ်ခုက ဝိညာဉ်အလင်းပြန်ကြေးမုံထဲကနေ လျင်မြန်စွာထွက်ပေါ်လာခဲ့လေသည်။

အစိမ်းရောင်အလင်းတန်းများ လေထုအလယ်တွင်
တွေ့ဆုံသွားသည်နှင့် တစ်ပြိုင်နက်
ဝိညာဉ်အလင်းပြန်ကြေးမုံထဲမှ ချက်ချင်းပြန့်ကျဲသွား၏။
တစ်ဖန် ကောင်းကင်ဝင်ပေါက်မှ
အစိမ်းရောင်အလင်းတန်းများက
ဝိညာဉ်အလင်းပြန်ကြေးမုံပေါ်သို့ ကျရောက်လာသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်း၏
အံ့အားသင့်နေသောအကြည့်များအောက်၌
ဝိညာဉ်အလင်းပြန်ကြေးမုံက အနည်းငယ်တုန်ခါလာပြီး......
ဘန်း
ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူအပိုင်းအစများအဖြစ်
ကွဲကြေသွား၏။

သို့သော်လည်း အစိမ်းရောင်အလင်းတန်းများ က ပျောက်ကွယ်မသွားဘဲ၊ ပြင်းထန်သောအရှိန်အဟုန်ဖြင့် နန်းဂွန်မန်ဆီသို့ဆက်လက်တိုးဝင်လာပါသည်။

ဤမြင်ကွင်းကြောင့် ရှီလော့ နှင့် လီချင်းရှုတို့နှစ်ဦးလုံး သိသိသာသာပင် မျက်နှာပျက်သွားကြသည်။

ထို့နောက် သူတို့နှစ်ဦးက စတင်လှုပ်ရှားရန်ပြင်လိုက်စဉ် ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူနှစ်ဦးက ရုတ်ချည်း ထွက်ပေါ်လာကာ သူတို့၏လမ်းကြောင်းကို ပိတ်ဆို့လိုက်ကြသည်။

"ချိုးဖျက်!"

ထိုအချိန်တွင် ကောင်းကင်ဝင်ပေါက်မှ အလင်းရောင်ခြည်များနှင့်အတူဟစ်ကြွေးသံတစ်ခုထွက်လာသည်ကိုကြားလိုက်ရ၏။

လူတိုင်းက အပေါ်ကိုမော့ကြည့်လိုက်ရာ နန်းဂွန်မန်က
သူမ၏လက်ဝါးကိုအဆက်မပြတ်ဝှေ့ယမ်းနေကြောင်းမြင်တွေ့
လိုက်သည်။

တစ်ချိန်တည်းမှာပဲ
အလွန်ကြောက်မက်ဖွယ်ရာအငွေ့အသက်များနှင့်
လက်သီးစုပ်အရွယ်ခန့် အနက်ရောင်တွင်းနက်ကြီးတစ်ခု
ရုတ်တရက် ပေါ်လာခဲ့၏။

အနက်ရောင်တွင်းနက်ကြီးက တဖြည်းဖြည်း
ကျယ်ပြန့်လာကာ အစိမ်းရောင်အလင်းတန်းများကို
ဝါးမြိုပစ်လိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါ ပတ်ဝန်းကျင် လူအုပ်ထဲရှိ
တစ်စုံတစ်ယောက်က ထအော်လိုက်သည်။

"ကောင်းကင်အလယ်အလတ်အဆင့်
တိုက်ခိုက်ရေးနည်းစနစ်!"

ကောင်းကင်အလယ်အလတ်အဆင့်လား?
ဤစကားကိုကြားသောအခါ
ယန်ယွဲ့၏အမူအရာလည်းပြောင်းသွားသည်။

ဒီအခြေအနေသည် သူ့အနေဖြင့် ကောင်းကင်
အလယ်အလတ်အဆင့် နည်းစနစ်ကို
ပထမဆုံးအကြိမ်မြင်တွေ့ဖူးခြင်းသာ။

ကောင်းကင်အဆင့်နိမ့်နည်းစနစ် နှင့်
ကောင်းကင်အလယ်အလတ်အဆင့်နည်းစနစ် ကြား
ကွာဟချက်မှာ အနည်းငယ်မျှသာမဟုတ်ပေ။

၎င်းသည် ပမာဏများစွာ(သို့) အဆင့်ကြီးတစ်ခုလုံးနီးပါးထိ ကွာဟနေသည်ကိုလက်တွေ့မြင်လိုက်ရပြီမဟုတ်ပါလား။

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ အချို့ပင် ကောင်းကင်ဝင်ပေါက်၏ တတိယမြောက်တိုက်ခိုက်မှုကိုမခုခံနိုင်ပေ၊ သို့သော်ပြား ကောင်းကင်အလယ်အလတ်အဆင့်နည်းစနစ်က ၎င်းကို တိုက်ရိုက် ဝါးမြိုပြစ်ခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၃)] မျှော်လင့်မထားသောဖြစ်ရပ်

လက်ရှိတွင် ယန်ယွဲ့သည် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို ပူးပေါင်းသတ်ဖြတ်ခဲ့သော နန်းဂွန်မန်၊ လီချင်းရှူ နှင့် ရှီလော့တို့၏ ကောလဟာလများကိုအနည်းငယ်ယုံကြည်လာခဲ့သည်။

နန်းဂွန်မန်သည် သူမ၏တိုက်ခိုက်မှုကအစိမ်းရောင်အလင်းတန်းအား လုံး၀ ဖျက်ဆီးပစ်လိုက်သည်ကိုမြင်လိုက်မှသာ ချက်ချင်း ပင် သက်ပြင်းချကာ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားသည်။

အစောပိုင်းက တိုက်ခိုက်မှုသည် သူမ၏ ခန္ဓာကိုယ်အတွင်းမှ ဆန်းကြယ်ချီစွမ်းအင်များကို လုံးလုံးလျားလျား ကုန်ဆုံးသွားစေခဲ့သည်။

လက်ရှိအချိန်တွင် သူမ၏ခန္ဓာကိုယ်ထဲ၌ ဆန်းကြယ်ချီစွမ်းအင် တစ်စက်မျှ မကျန်တော့ပေ။

ဤအခိုက်အတန့်တွင် သာမာန်လူသားတစ်ဦးကပင် သူမကိုအသာလေးသတ်ပစ်နိုင်ပေသည်။

သို့ရာတွင် ကံကောင်းစွာဖြင့် သူမကကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်ခဲ့၏။

အဘယ်ကြောင့်ဆိုသော် ကောင်းကင်ဝင်ပေါက်သည် ဖြတ်ကျော်မည့်သူကို သုံးကြိမ်သာ တိုက်ခိုက်ဖူးသောကြောင့်ဖြစ်သည်။

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက် ပတ်ဝန်းကျင်တွင် လက်ခုပ်သံများက မိုးခြိမ်းသံကဲ့သို့ အဆက်မပြတ် ထွက်ပေါ်လာတော့၏။

နောက်ဆုံးတွင် မည်သည့်နယ်မြေက ထွက်ပေါ်လာသည် ဖြစ်စေ အင်အားကြီးသူများကိုသာ လေးစားထိုက်သည်မဟုတ်ပါလား။

မှန်ပါသည်။ တစ်ချိန်တည်းတွင် လူငယ်အများစုက အလွန် ထိတ်လန့်ပြီး ခွန်အားမဲ့သလို ခံစားလိုက်ရသည်။

၎င်းတို့သည် သက်ဆိုင်ရာ နယ်မြေများတွင် အထူးချွန်ဆုံး ပါရမီရှင်များ ဖြစ်သည်။

သက်ဆိုင်ရာနယ်မြေအသီးသီးတွင်တလက်လက်တောက်ပ နေသောကြယ်ပွင့်များဟုဆိုနိုင်ပါသည်။

သို့သော်ငြား၊ လက်ရှိအချိန်တွင် နန်းဂွန်မန်နှင့်နိုင်းယှဉ်ပါက လူတိုင်း "ကြီးကျယ်ခမ်းနားသောပါရမီရှင်များ"ဟူ၍ ဂုဏ်ပုဒ်နှင့်မထိုက်တန်သလိုခံစားလိုက်ရပါသည်။

စစ်မှန်သော ထိပ်ဆုံးရောက်ပါရမီရှင်တစ်ဦးက ဘယ်လိုတည်ရှိမှုမျိုးလဲ။

သူတို့ရှေ့မှ နန်းဂွန်မန်လိုလူတစ်ယောက်ကသာထိပ်သီးပါရမီရှင်ဟူသော ဘွဲ့ဂုဏ်ပုဒ်နှင့်ထိုက်တန်ပေသည်။

ယန်ယဲ့သည်ပင် အချိန်တော်တော်ကြာတိတ်ဆိတ်သွား၏။

သူလည်း နန်းဂွန်မန်၏အစစ်အမှန်ခွန်အားကြောင့် အနည်းငယ် ထိတ်လန့်သွားကြောင်း ဝန်ခံရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။အထူးသဖြင့် နောက်ဆုံးတွင် သူမထုတ်ဖော်ခဲ့သော ကောင်းကင်အလယ်အလတ်အဆင့်နည်းစနစ်က

အလွန်ကြောက်စရာကောင်းပြီး၊
ပြီးပြည့်စုံသောအခြေအနေထိပင်ကျင့်ကြံထားကြောင်းသိသာ
နေပေသည်။

နန်းဂွန်မန်၏ တိုက်ခိုက်မှုသည် လူတိုင်း၏အမြင်တွင်
အလွန်အမင်းကြောက်စရာကောင်းနေသော်ငြား
ညာဏ်အလင်းရစားနှလုံးသားကိုပိုင်ဆိုင်ထားသောယန်ယဲ့အ
တွက် ချိုယွင်းချက်အနည်းငယ်ကိုသတိပြုမိလိုက်သည်။
သို့သော်၊ ဤချိုယွင်းချက်သည်
အလွန်သေးငယ်လှသောကြောင့် အမှားအယွင်းတစ်ခုဟု
ပင်မယူဆနိုင်ပေ၊ ထို့ကြောင့်အားနည်းချက်က
ခဏတာပေါ်လာပြီးနောက် ချက်ချင်းပင်
ပျောက်ကွယ်သွား၏။

တစ်နည်းဆိုရသော် နန်းဂွန်မန်၏တိုက်ခိုက်မှုတွင်
အားနည်းချက်အနည်းငယ်ကို သတိပြုမိသော်လည်း
ယန်ယဲ့အနေဖြင့် ချိုးဖျက်နိုင်စွမ်းမရှိပေ။
ဒီအချက်ဟာ ဉာဏ်အလင်းရစားနှလုံးသားကို
သူပိုင်ဆိုင်ပြီးကတည်းက
ထိုကဲ့သို့အခြေအနေနှင့်ပထမဆုံးအကြိမ် ကြုံတွေ့ရခြင်းပါ။

ယန်ယဲ့သည် အတွေးနက်နေချိန်တွင် သူ့ပုခုံးပေါ် ရှိ
ခရမ်းရောင်မင့်ခ်ကလေး၏ခန္ဓာကိုယ်မှ
အလင်းဖျော့ဖျော့တောက်ပလာသည်ကိုသတိပြုမိလိုက်သည်
။

သူမလေး၏
မှိတ်တုတ်မှိတ်တုတ်လင်းလက်နေသောမျက်လုံးများက
ကောင်းကင်ဝင်ပေါက်ကို အကြည့်ရောက်နေခဲ့သည်။

နန်းဂွန်မန်၏အောင်မြင်မှုသည်
ဗဟိုနယ်မြေကိုဂုဏ်တက်စေသောကြောင့်
ကောင်းကင်ဝင်ပေါက်ဘေးနားရှိ
ဝိညာဉ်နယ်ပယ်အလှအဆင့်ကျွမ်းကျင်သူနှစ်ဦးက
ခေါင်းညိတ်ပြလိုက်သည်။

ထို့ကြောင့် အလားတူပင်
ဗဟိုနယ်မြေမှရောက်ရှိလာသောလူတိုင်း
အလွန်အမင်းစိတ်လှုပ်ရှားပျော်ရွှင်နေကြပါသည်။

နန်းဂွန်မန် အောင်မြင်စွာဖြတ်ကျော်နိုင်သောမြင်ကွင်းကြောင့်
လီချင်းရှု နှင့် ရှီလော့တို့နှစ်ဦးလုံး စိတ်သက်သာရာရစွာ
သက်ပြင်းချလိုက်ကြသည်။

နောက်ဆုံးတွင် ကောင်းကင်ဝင်ပေါက်၏

အဆုံးသတ်တိုက်ခိုက်မှုသည် သူတို့မျှော်လင့်ထားသည်ထက်

များစွာကျော်လွန်သွားပြီဖြစ်သည်။

အကယ်၍ နန်းဂွန်မန်သည် ကောင်းကင်အဆင့်နည်းစနစ်ကို

အသုံးပြုနိုင်ခြင်းမရှိပါက

ကျိန်းသေပေါက် သေဆုံးသွားရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ကောင်းကင်ဝင်ပေါက်၏

အဆုံးသတ်တိုက်ခိုက်မှုသည်လက်ရှိသူတို့ပိုင်ဆိုင်သောစွမ်း

အားဖြင့်ခုခံနိုင်စွမ်းမရှိသောကြောင့်ပင်။

ထိုအချိန်တွင် ရှီလော့ နှင့် လီချင်းရှူက"မင်းအရင်သွားမှာလား

ဒါမှမဟုတ် ငါသွားရမှာလား" တစ်ယောက် နှင့်

တစ်ယောက်အကြည့်ချင်းဖလှယ်လိုက်ကြသည်။

"ဒါက မင်းအပေါ်မူတည်တယ်!" လီချင်းရှုက အနည်းငယ် အေးစက်စက်လေသံဖြင့်ပြောလိုက်၏။

ရှီလော့က အသာအယာ ခေါင်းညိတ်လိုက်သည်။
"ကောင်းကြီ၊ ဒီလိုဆို ငါအရင်သွားလိုက်မယ်!"

လီချင်းရှုက ရှီလော့၏ အမူအရာကိုဂရုမစိုက်ဘဲ ကောင်းကင်ဝင်ပေါက်ကိုကြည့်နေရင်းအနည်းငယ် စိတ်လှုပ်ရှားသွားသည်။

သို့သော် ထိုအချိန်တွင်
ယန်ယဲ့၏ပုခုံးပေါ် ရှိခရမ်းရောင်မင့်ခ်ကလေးက ခရမ်းရောင်အလင်းတန်းတစ်ခုအသွင်ဖြင့် ရုတ်ချည်းပျောက်ကွယ်သွား၏။

နောက်အခိုက်အတန့်တွင်
ခရမ်းရောင်ဖျော့ဖျော့အလင်းများတောက်ပလာပြီးကောင်းက
င်ဝင်ပေါက်ရှေ့တွင်ပြန်ပေါ်လာခဲ့သည်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါ ပတ်ဝန်း ကျင်ရှိ
လူအုပ်ကြီးလည်း အလွန်အမင်း အံ့အားသင့်သွားကြသည်။

တစ်ဖက်တွင် ယန်ယဲ့၏အမူအရာသည်
ပြင်းထန်စွာပြောင်းလဲသွားပြီး
ရှေ့သို့တဟုန်ထိုးခုန်ထွက်လိုက်ကာ
ကောင်းကင်ဝင်ပေါက်ဆီသို့ ပျံသန်းသွားလေတော့သည်။

"ချီး! ဒါ ယန်ယဲ့ ပဲ!" ယန်ယဲ့သည် လူအုပ်ထဲမှ
ပြေးထွက်သွားချိန်တွင် တောင်ပိုင်းနယ်မြေရှိ လူတိုင်းက
အံ့အားသင့်စွာ အော်ဟစ်လိုက်သည်။

ထိုစကားကိုကြားသောအခါ၊ တောင်ပိုင်းနယ်မြေ၏ အခြားလူငယ်ကျွမ်းကျင်သူများအားလုံး ကောင်းကင်ဝင်ပေါက်ဆီသို့ဦးတည်နေသော ယန်ယဲ့ကို တစ်ပြိုင်နက် စိုက်ကြည့်လိုက်ကြသည်။

ယန်ယဲ့၏ အောင်မြင်မှု နှင့် စွန့်စားမှုများကိုအခြေခံပါက သူသည် တောင်ပိုင်းနယ်မြေ၏ လူငယ်မျိုးဆက်တွင် "ထိပ်ဆုံးရောက်ပါရမီရှင်"အဖြစ် သတ်မှတ်ခံရရန် ထိုက်တန်ပါသည်။

သူသည် တောင်ပိုင်းနယ်မြေ၏ အကြိုသိုင်းနတ်ဘုရားကို အနိုင်ယူပြီး၊ အဆင့်သတ်မှတ်ချက်လူငယ်ဘုရင်နေရာကို ရယူခဲ့သည်။ ထို့အပြင် အဆင့် ၄ ဓားစိတ်ဆန္ဒ နှင့် ဉာဏ်အလင်းရဓားနှလုံးသားကိုပါပိုင်ဆိုင်ထား၏။

သို့ရာတွင်၊ တောင်ပိုင်းနယ်မြေ၏ လူငယ်မျိုးဆက်အားလုံးက အဆင့်တောင်တန်းမှဖြစ်ရပ်ကြောင့် ယန်ယဲ့ကိုအလွန်မုန်းတီးနေကြသည်။

မည်သို့ပင်ဆိုစေ သူတို့အတွက် ယန်ယဲ့၏ အစစ်အမှန်ခွန်အားသည် အလွန်ကြောက်စရာကောင်းကြောင်း ဝန်ခံရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။

လူတိုင်းက သိသာနေသော်ငြား၊ ယန်ယဲ့သည် တောင်ပိုင်းနယ်မြေ၏ လူငယ်မျိုးဆက်တွင် ထိပ်ဆုံးရောက်ပါရမီရှင်ဖြစ်ကြောင်းဝန်ခံလိုစိတ်မရှိခဲ့ချေ။

အခုအချိန်တွင် ယန်ယဲ့သည် ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ရန်ရည်ရွယ်နေကြောင်း မြင်တွေ့လိုက်တဲ့အခါ တောင်ပိုင်းနယ်မြေရှိလူတိုင်းအလွန်တုန်လှုပ်သွားကြလေသ ည်။

အဘယ်ကြောင့် စိတ်လှုပ်ရှား၊ တုန်လှုပ်နေပါသနည်း။
ဒီအချိန်တွင် ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်ရှိနေသော
တောင်ပိုင်းနယ်မြေမှလူငယ်မျိုးဆက်များ၏
လက်ရှိအခြေအနေများကြောင့်ပင်။

ဤနေရာတွင်ရောက်ရှိနေသူအားလုံးသည်
တောင်ပိုင်းနယ်မြေ၏ အထက်တန်းလွှာများပင်ဖြစ်သည်။
သူတို့သည် လူငယ်မျိုးဆက်တွင်
အထူးချွန်ဆုံးပါရမီရှင်များဟုတစ်ချိန်က
ကိုယ့်ကိုယ်ကိုယူဆထားခဲ့ကြသည်။

သို့သော် ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်ရှိလာပြီးနောက်မှသာ
တောင်ပိုင်းနယ်မြေက ကယနယ်မြေအသီးသီးတွင်
အနိမ့်ကျဆုံးဖြစ်ကြောင်း သဘောပေါက်သွားလေတော့သည်။

ရှုတ်စွအဆုံး တောင်ပိုင်းနယ်မြေ၏လူငယ်မျိုးဆက်တွင် ဝင်ပေါက်လေးခုအနက်မှ မြေကမ္ဘာဝင်ပေါက်ကိုပင် ဘယ်သူမှဖြတ်ကျော်နိုင်ခဲ့ခြင်းမရှိပေ။

တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူများက လူသားဝင်ပေါက်ကိုဖြတ်ကျော်ရန်သာ ယုံကြည်မှုရှိသည်။

သို့သော်လည်း ထိုအရာက ယွမ်ထုံ၊ ဝမ်းရန်ယွဲ့နှင့် လန်းရှင်းရန်တို့အပေါ်တွင်သာမျှော်လင့်ထားကြသည်။

အခြားလူများက လက်ရှိအချိန်တွင် ခွေးတိုးပေါက်ကနေသာ မြို့အတွင်းသို့ဝင်ရောက်သွားခဲ့ကြသည်။

ထို့ကြောင့်၊ တောင်ပိုင်းနယ်မြေ၏ ကျွမ်းကျင်သူတိုင်းက ရှေးဟောင်းဒိုမိန်းမြို့အတွင်း ခေါင်းမော့ပြီးမနေနိုင်ခဲ့ပေ။

အကျိုးဆက်အနေဖြင့် တစ်ချိန်တည်းမှာပင်သူတို့အားလုံးက ရှေးဟောင်းဒိုမိန်းမြို့တွင် အနိမ့်ကျဆုံးလူများ ဖြစ်လာပေလိမ့်မည်။

၎င်းတို့သည် တောင်ပိုင်းနယ်မြေတွင် အတောက်ပဆုံးကြယ်ပွင့်များဖြစ်သော်လည်း၊ ရှေးဟောင်းဒိုမိန်းမြို့တွင် အောက်ခြေအဆင့်သာရှိသည်။ မည်သို့ပင်ဖြစ်စေ နိမ့်ကျသောအင်အားကိုပိုင်ဆိုင်ရခြင်းမှာ တောင်ပိုင်းနယ်မြေ၏ အင်အားနိမ့်ကျနေသောကြောင့်သာ။

ထို့ကြောင့် ရှေးဟောင်းဒိုမိန်းမြို့၏စည်းမျဉ်းများသည် မည်သို့ချိုးဖျက်နိုင်မည်နည်း။ ထို့အပြင်၊ အရေးကြီးဆုံးမှာ တောင်ပိုင်းနယ်မြေ၏ လူငယ်မျိုးဆက်များက ရှေးဟောင်းဒိုမိန်းမြို့တွင် လူတကာအနိုင်ကျင့်ခံများဖြစ်လာခဲ့သည်။

ဘာကြောင့် အနိုင်ကျင့်ခံရသနည်း။

ကျင့်ကြံမှုအဆင့်နိမ့်ကျလွန်းသောကြောင့်ပါ။

အဘယ်ကြောင့်ဆိုသော် တောင်ပိုင်းနယ်မြေ၏

ဘယ်လူငယ်ကျွမ်းကျင်သူမှမြေကမ္ဘာဝင်ပေါက်ကိုဖြတ်ကျော်

နိုင်ခဲ့ခြင်းမရှိလို့ပါပဲ။

တစ်ဖန် အခုအချိန်တွင် ယန်ယွဲ့က ကောင်းကင်ဝင်ပေါက်ကို

ဖြတ်ကျော်ရန် ကြိုးစားနေပါပြီ။

ဤအခိုက်အတန့်တွင်၊ တောင်ပိုင်းနယ်မြေမှ

မရေမတွက်နိုင်သောလူငယ်ကျွမ်းကျင်သူများအားလုံး

ယန်ယွဲ့နှင့်အတိတ်ကဆက်ဆံရေးကိုပင်

မေ့လျော့သွားလေတော့သည်။

တစ်ချိန်တည်းတွင် သူတို့က ယန်ယဲ့ကိုကြည့်၍
အလွန်အားတက်သွားကာ
လက်ခုပ်တီးအားပေးလိုက်ကြပါသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်
အံ့အားသင့်ဖွယ်ရာတစ်ခုကို ထပ်မံဖန်တီးခဲ့သည်။ သူသည်
တောင်ပိုင်းနယ်မြေတွင် ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်နိုင်သော ပါရမီရှင်တစ်ဦးရှိစေရန်အတွက်
လူတိုင်းကအလွန်မျှော်လင့်နေကြ၏။

လူအုပ်အတွင်း၌မူ
ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်ရန်ပြင်နေသော
ယန်ယဲ့ကို စိုက်ကြည့်ရင်း ဝမ်းရန်ယွဲ့၊ လန်းရှင်းရန် နှင့် ယွမ်ထုံ
တို့၏ မျက်လုံးများတွင် ရှုပ်ထွေးသောအမူအရာတစ်ခု
ထွက်ပေါ်လာသည်။

အထူးသဖြင့် ယွမ်ထုံ၏မျက်နှာအမူအရာက
သိသိသာသာရှုပ်ထွေးနေပုံရသည်။
ရိုးရှင်းစွာပြောရမည်ဆိုပါက ယန်ယွဲ့သည် သူ့ကိုအနိုင်ယူပြီး
သိုင်းနတ်ဘုရားလမ်းကြောင်းကိုဖျက်ဆီးပစ်လိုက်သောကြော
င့် သူ့စိတ်ထဲတွင် အလွန်အမင်း မုန်းတီးနေခဲ့၏။

သို့သော် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲပြီးဆုံးသည့်နောက်
ယန်ယွဲ့အားရှုံးနိမ့်မှုကနေ ဉာဏ်အလင်းတစ်ခုရရှိသွားခဲ့သည်။

ယန်ယွဲ့၏လက်ထဲတွင် ရှုံးနိမ့်သွားပြီးနောက် သူ၏ခွန်အား
မလုံလောက်မှုကိုကောင်းစွာနားလည်သွားပါပြီ။
ထို့အပြင် ကမ္ဘာပေါ်၌
တစ်ယောက်ထက်တစ်ယောက်ပို၍အစွမ်းထက်သောတစ်စုံ
တစ်ယောက် အမြဲရှိနေကြောင်းနားလည်စေခဲ့သည်။

အတိုချုပ်ပြောရလျှင် သူ၏အင်အားက
လုံးဝကိုနိမ့်ကျနေဆဲဖြစ်ကြောင်းသိရှိသွားပါပြီ။

သူသည် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲအဆုံးသတ်ပြီးနောက်
စိတ်ကိုပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါသည်။

ထို့နောက် သူ၏ကျင့်ကြံမှုအတားအဆီးကိုချိုးဖျက်ကာ
သိုင်းဘုရင်အဆင့်သို့တိုက်ရိုက်တက်လှမ်းသွားနိုင်လေသည်။

ဤအချက်ကြောင့်ပင် မူလကျောင်းတော်က သူ့ကို ထပ်မံ
အခွင့်အရေးပေးခဲ့ပြီး ကံကြမ္မာစွမ်းအားကို ရယူရန်အတွက်
ရှေးဟောင်းဒိုမိန်းမြို့သို့ စေလွှတ်လိုက်သည်။

တစ်ဆက်တည်း သူသည်
သိုင်းဘုရင်အဆင့်သို့တက်လှမ်းပြီးနောက် ယန်ယွဲ့ကို

ရှာဖွေကာ အတိတ်က သူ၏ ရှုံးနိမ့်မှုကို လက်စားချေရန် ရည်ရွယ်ထားခဲ့သည်။

သို့သော်လည်း၊ ယန်ယဲ့သည် မဟာတောင်တန်းများကို တစ်ယောက်တည်းဖြတ်ကျော်ကာ ရှေးဟောင်းဒိုမိန်းမြို့သို့ ခရီးထွက်သွားသောကြောင့် သူ့စိတ်ထဲ အလွန်စိတ်ဓာတ်ကျသွားခဲ့ပါသည်။

ယန်ယဲ့၏ လုပ်ရပ်သည် သူ့အကြံအစည်များကို ပျက်စီးသွားစေကာ၊ လက်ရှိတွင်ယန်ယဲ့ကိုတွေ့ပြီးနောက် တိုက်ရိုက်စိန်ခေါ်ရန်ကလွဲလို့ အခြားရွေးချယ်စရာမရှိတော့ပေ။

သို့ရာတွင် ယန်ယဲ့သည် ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်လာသောအခါ

သူကိုယ်တိုင်ကအလွန်အားနည်းနေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၄)] ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်ခြင်း

တစ်ဖက်တွင် မူလကျောင်းတော်က ဝင်ပေါက်လေးခုအနက်မှ ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ရန် ခွင့်မပြုထားပေ။

ထို့ကြောင့် သူသည် မြေကမ္ဘာဝင်ပေါက်ကို ဖြတ်ကျော်ရန်သာ ရွေးချယ်ခဲ့၏။

သို့သော် တစ်ချိန်က တောင်ပိုင်းနယ်မြေ၏ အကြီးကျယ်ဆုံး ပါရမီရှင်ဟု သတ်မှတ်ခံရသော ယွမ်ထုံက သူ့ကိုယ်သူအယုံအကြည်မရှိသောကြောင့် မြေကမ္ဘာဝင်ပေါက်ကိုဖြတ်ကျော်ခြင်းမပြုခဲ့ပေ။

ထို့အပြင် မူလကျောင်းတော်ကသာ သူ့ကို ကောင်းကင်အဆင့်ခုခံရေးရတနာလက်နက်ပေးအပ်မထားပါက ချက်ချင်းပင်သေဆုံးသွားနိုင်ပါသည်။

တစ်ဖန် သူ မအောင်မြင်ခဲ့သည့်အချိန်တွင်

တောင်ပိုင်းနယ်မြေမှ လူငယ်မျိုးဆက်များ ၏
လေးစားအားကျမှုကိုဆုံးရှုံးသွားကာ
ပေါ်တင်ကျိန်ဆဲသူအချို့ပင် ရှိနေခဲ့ပေသည်။

သူသည် တောင်ပိုင်းနယ်မြေမှ လူငယ်မျိုးဆက်များ၏
အရေးပေးမှုကိုပြန်လိုချင်သော်ငြား၊ အဆုံးသတ်တွင်
မအောင်မြင်ခဲ့ပေ။

ထို့ကြောင့် သူ၏ ကျရှုံးမှုသည်
ကိုယ်ပိုင်အဆင့်အတန်းအတွက်သာမက၊
တောင်ပိုင်းနယ်မြေ၏
လူငယ်မျိုးဆက်တွင်ခေါင်းမထောင်နိုင်အောင်ဖြစ်စေခဲ့သည်။

အခုအချိန်မှာတော့ ယန်ယွဲ့က ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်ရန်ကြိုးစားနေသည်ကို သူသတိထားမိတဲ့အခါ
မုန်းတီးစိတ်များပင်ပျောက်ကွယ်သွား၏။

ဒီအခိုက်အတန့်တွင် သူသည်လည်း အခြားသူများနှင့်အတူ ယန်ယဲ့အား ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်နိုင်မည်ဟု မျှော်လင့်ထားသည်။

၎င်းသည် အနည်းငယ်မဖြစ်နိုင်သော်လည်း၊ အခြားသူများကဲ့သို့ ခံစားနေပြီး နောက်ထပ်အံ့အားသင့်ဖွယ်ရာတစ်ခုကို ဖန်တီးနိုင်လိမ့်မည်ဟု စိတ်ရင်းမှန်ဖြင့် မျှော်လင့်နေမိ၏။

ထို့အပြင် ယန်ယဲ့သည် တောင်ပိုင်းနယ်မြေ၏ လူငယ်ကျင့်ကြံသူများ လက်ရှိရင်ဆိုင်နေရသော အခြေအနေကို ပြောင်းလဲနိုင်သည့် တစ်ဦးတည်းသော တည်ရှိမှုဟု ဆိုနိုင်သည်။

"အိုး! သူက တောင်ပိုင်းနယ်မြေရဲ့ ယန်ယဲ့! အကြိုစားအင်ပါယာလို့သတ်မှတ်ခံထားရတဲ့လူလား? အဆင့်

၄ ဓားစိတ်ဆန္ဒ နဲ့ ညဏ်အလင်းရဓားနှလုံးသား?
တကယ်ပဲသူလား?" အခြားနယ်မြေတစ်ခုမှ လူငယ်တစ်ဦးက
တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူများထံမှ
အော်ဟစ်အားပေးသံကိုကြားသောအခါချက်ချင်းပင်
အံ့သြသွားမိသည်။

"သူက အဆင့် ၄ ဓားစိတ်ဆန္ဒ ကို နားလည်ထားပြီ၊ မဟုတ်ရင်
လီချင်းရှူကိုစိန်ခေါ် ရဲဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့်
ညဏ်အလင်းရဓားနှလုံးသားက ကောလဟာလတစ်ခုသာ
ဖြစ်နိုင်တယ်။ ဟာသလား! ဗဟိုနယ်မြေမှာတောင်
ဘယ်သူကမှ ညဏ်အလင်းရဓားနှလုံးသားကိုရှိတဲ့
ပိုင်ဆိုင်တယ်လို့မကြားခဲ့ဖူးဘူး။တောင်ပိုင်းနယ်မြေမှာ
ဒီလိုပါရမီရှင်တစ်ယောက် ဘယ်လိုပေါ်လာနိုင်မှာလဲ။"

“သူက ဉာဏ်အလင်းရစားနှလုံးသားကို မပိုင်ဆိုင်ထားဘူးဆိုရင်တောင် အဆင့် ၄ ဓားစိတ်ဆန္ဒနဲ့တင် ကြောက်စရာကောင်းနေပြီ။

အဆင့် ၄ ဓားစိတ်ဆန္ဒကိုပိုင်ဆိုင်ထားတဲ့ဓားပညာရှင်တစ်ဦးက မျိုးဆက်တူတွေကြားမှာထိပ်ဆုံးရောက်ပါရမီရှင်လို့တောင် ပြောနိုင်တယ်။ ဒါပေမယ့် သူက အဆင့် ၄ ဓားစိတ်ဆန္ဒကို အားကိုးပြီး ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့ ရည်မှန်းထားရင်တော့အိပ်မက်မက်နေတာပဲ!”

"ယန်ယဲ့ ဆိုတာလား?" ရှီလော့က အပြုံးဖြင့်ရေရွတ်လိုက်၏။ "အဆင့် ၄ ဓားစိတ်ဆန္ဒ?

ဉာဏ်အလင်းရစားနှလုံးသား? အကြိုးစားအင်ပါယာ။ ဟားဟား! ဘယ်လောက်တောင်

စိတ်ဝင်စားဖို့ကောင်းလဲ!"

ခရမ်းရောင်မင့်ခ်ကလေးက ကောင်းကင်ဝင်ပေါက်သို့ ပျံသန်းသွားသောကြောင့်
ယန်ယဲ့၏အမြင်အာရုံတစ်ခုလုံးမှောင်မိုက်သွားခဲ့သည်။

ကောင်းကင်ဝင်ပေါက်က ဘယ်လောက်ထိ
ကြောက်စရာကောင်းသည်ကိုသူကိုယ်တိုင်မြင်တွေ့နေရသော်ငြား ခရမ်းရောင်မင့်ခ်ကလေးက
အကြောက်အလန့်မရှိဝင်ရောက်လိုပုံပင်။

ထို့ကြောင့် သူသည် တုံ့ဆိုင်းမနေနိုင်တော့ဘဲ၊
ခရမ်းရောင်မင့်ခ်ကလေးနှင့်အတူလိုက်ပါဝင်ရောက်ရန်သာတတ်နိုင်တော့သည်။

ဒီအချိန်တွင် ယန်ယဲ့က ကောင်းကင်ဝင်ပေါက် ၏
ကြောက်စရာကောင်းပုံကို တွေးတောမနေတော့ပေ။

သူ့စိတ်ထဲတွင် အတွေးတစ်ခုသာရှိ၏၊
ခရမ်းရောင်မင့်ခ်ကလေးကို
အန္တရာယ်ကင်းအောင်ကာကွယ်ပေးရန်သာ။

ကောင်းကင်ဝင်ပေါက်သို့ရောက်နေသောခရမ်းရောင်မင့်ခ်က
လေးက ယန်ယဲ့ကိုမြင်တဲ့အခါ မျက်လုံးသေးသေးလေးများက
ချက်ချင်းကျဉ်းမြောင်းသွားကာ
ချစ်စဖွယ်အပြုံးတစ်ခုပေါ်လာသည်။
သိသာစွာပင် ယန်ယဲ့က
သူမနှင့်အတူကစားပေးရန်လိုက်လာနေသည်မဟုတ်ပါလား။

ချီး....!
ယန်ယဲ့၏ ပါးစပ်ထောင့်များ အဆက်မပြတ်
လှုပ်ယမ်းသွားသည်။

ရုတ်တရက် သူ၏လက်ကိုဆန့်ကာ
ခရမ်းရောင်မင့်ခ်ကလေးကိုဆုပ်ကိုင်ရန်ပြင်လိုက်စဉ်မှာပဲ
ကောင်းကင်ဝင်ပေါက်မှ စွမ်းအင်အတက်အကျ လှိုင်းလုံးကြီး
ထွက်ပေါ်လာသည်ကိုသတိပြုမိလိုက်ပါသည်။

ထို့နောက်တွင် အလွန်လျင်မြန်သောအရှိန်ဖြင့်
အစိမ်းရောင်အလင်းတန်းတစ်ခု ထပ်မံထွက်ပေါ်လာပြီး
ခရမ်းရောင်မှိုင်းလေးနှင့်
သူ့ထံသို့တည့်တည့်တိုးဝင်လာသည်ကိုမြင်လိုက်လေသည်။

ဤမြင်ကွင်းကိုမြင်သောအခါ ယန်ယဲ့၏ အမူအရာသည်
ချက်ချင်းပြောင်းလဲသွားပြီး ခရမ်းရောင်မင့်ခ်ကလေးရှေ့တွင်
လျင်မြန်စွာကာကွယ်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပဲ အဆင့် ၄
ဓားစိတ်ဆန္ဒနှင့်ပေါင်းစပ်ထားသော

မြေကမ္ဘာအဆင့်ဓားကိုလျှင်
မြန်စွာဆွဲထုတ်ပြီးအစိမ်းရောင်အလင်းတန်းကို
ခုတ်ပိုင်းလိုက်၏။

ဒီအချိန်မှသာ သူက အစိမ်းရောင်အလင်းတန်း၏
ကြောက်မက်ဖွယ်ရာစွမ်းအားကို
ကောင်းစွာခံစားမိလိုက်ပါတော့သည်။

သို့ရာတွင် သူသည်
လုံးဝသတိလက်လွတ်ဖြစ်သွားခြင်းမရှိပေ။ အဆင့် ၄
အထွတ်အထိပ် ဓားစိတ်ဆန္ဒကိုပြီးပြည့်စုံစွာထုတ်လွှတ်ပြီး
ဆန်းကြယ်ရွှေချီစွမ်းအင်နှင့် ပေါင်းစပ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ မလုံလောက်သေးဟုခံစားမိလိုက်သဖြင့်
သူ၏ရုပ်ခန္ဓာခွန်အားကိုပါ
တိုက်ရိုက်ထုတ်ဖော်လိုက်လေသည်။

ဤ၊တစ်ကြိမ်တွင် သူသည်
ခွန်အားအပြည့်နှင့်တိုက်ခိုက်လိုက်ခြင်းဖြစ်ပြီး
အလွန်ကြောက်မက်ဖွယ်ရာစွမ်းအားများပတ်ဝန်းကျင်အထိပ
င် ဖြာထွက်လာခဲ့၏။

ဘန်း

ဓားပိုင်းဖြတ်သွားရာလမ်းတစ်လျှောက်ရှိ လေထုတစ်ခုလုံး
အဆက်မပြတ်အက်ကွဲသံများ ထွက်ပေါ်လာပါသည်။

လီချင်းရှု ၏ ဘေးနားတွင်ရပ်နေသော ရှီလော့ပင်
ဒီမြင်ကွင်းကို မြင်လိုက်တဲ့အခါ မျက်ခုံးများ အနည်းငယ်
ပင့်တက်သွားသည်။ “ဒါ....ဒါက တကယ်ကို အဆင့် ၄
ဓားစိတ်ဆန္ဒပဲ။ ဟားဟား! သောက်ရူးကောင်၊ မူလကသူဟာ
မင်းနဲ့ ပြိုင်ဖက် မဟုတ်ဘူးလို့ ငါထင်ခဲ့တာ။ ဒါပေမယ့် အခု

သူပိုင်ဆိုင်ထားတဲ့ အဆင့် ၄ ဓားစိတ်ဆန္ဒနဲ့ဆိုရင်တော့ သချောပေါက် မင်းကို ယှဉ်တိုက်နိုင်လိမ့်မယ်။ ”

သို့သော်ငြား၊ လီချင်းရှုသည် သူ၏အကြည့်ကိုပြန်ရုတ်လိုက်ပြီး ရှီလော့ကို တစ်ချက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

ရှီလော့က ကျယ်လောင်စွာရယ်မောလိုက်ရင်းကောင်းကင်ဝင်ပေါက်ကို ကြည့်လိုက်သည် ။

သူတို့ဘေးနားတွင်ရပ်နေသော နန်းဂွန်မန်သည်လည်း ခရမ်းရောင်မင့်ခ်ကလေးကိုစူးစိုက်ကြည့်ရင်း မျက်လုံးထဲတွင် အံ့သြမှုအရိပ်အယောင်များပြည့်နှက်နေသည်...။

လူတိုင်း၏အကြည့်များအောက်မှာပဲ ယန်ယဲ့၏
အင်အားအပြည့်တိုက်ခိုက်မှုက အစိမ်းရောင်အလင်းတန်းနှင့်
အပြင်းအထန်တိုက်မိသွားလေတော့သည်။

တစ်ခဏလေးအတွင်းမှာပဲ ယန်ယဲ့၏ဓားက
မရေမတွက်နိုင်အောင် အစိတ်စိတ်အမွှာမွှာကွဲသွားသလို
ကြည်လင်ပြတ်သားသော သတ္တုကွဲအက်သံကို
လူတိုင်းကြားလိုက်ရပါသည်။

ထို့နောက် တိုက်မိသည့်နေရာမှ
အလွန်ကြောက်စရာကောင်းသော လေလှိုင်းကြီးတစ်ခု
ရုတ်တရက် ထွက်ပေါ်လာ၏။

အုန်း!

မရေမတွက်နိုင်တဲ့ ကျောက်တုံးများက မြှားမိုးရွာချလိုက်သလို
ပတ်ဝန်းကျင်တွင် ပြင်းထန်စွာ
ကျဆင်းလာပြီးနောက်မြေပြင်သည်
ပင့်ကူမျှင်ကွဲသို့ကွဲအက်သွားခဲ့သည်။

မျက်စိတစ်မှိတ်အတွင်း ပတ်ဝန်းကျင်တစ်ခုလုံးက ရှုပ်ထွေး
သောအပျက်အစီးနှင့်ဖုံးလွှမ်းသွား၏။

တောင်ပိုင်းနယ်မြေမှ လူတိုင်း ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါ ချက်ချင်းပင် လည်ချောင်းထဲမှ
သွေးများအန်ထွက်လာသလိုခံစားလိုက်ရသည်။

အတိတ်ကဆိုပါက
ယန်ယဲ့သေဆုံးသွားသည်ကိုပျော်ရွှင်စွာထိုင်ကြည့်နေကြပေ
လိမ့်မည်။ သို့ရာတွင်အခုအချိန်ကား......!
ယန်ယဲ့သာကျရှုံးသွားပါက

ရှေးဟောင်းဒိုမိန်းမြို့တွင်သူတို့ကြုံတွေ့ရမည့်အခက်အခဲများ
ကိုစိတ်ကူးကြည့်နိုင်ပေမည်။

ထိုအချိန်တွင် ယန်ယဲ့သည် လူများစွာက သူ့အတွက်
စိတ်ပူနေကြကြောင်း လုံးဝမသိခဲ့ပေ။

ခဏအကြာတွင် အပျက်အစီးများရှင်းလင်းသွားပြီးနောက်
လူတိုင်း ကောင်းကင်ဝင်ပေါက်အတွင်းမှ အခြေအနေကို
ရှင်းရှင်းလင်းလင်း မြင်လိုက်ကြသည်။

ဒီအချိန်တွင် သူတို့မြင်လိုက်ရသော ယန်ယဲ့ ၏ အခြေအနေက
အလွန်ဆိုးဆိုးရွားရွားဖြစ်နေပုံပါ။

ယန်ယဲ့၏ခေါင်းရှိ ဆံပင်များကဖွာကျနေသလို
ခန္ဓာကိုယ်တစ်ခုလုံးမှဝတ်ရုံရှည်ပင်စုတ်ပြတ်သက်နေခဲ့သည်။

သိပ်မကြာခင်မှာပဲ လူတိုင်း၏ အကြည့်များက
ယန်ယဲ့၏ညာဖက်လက်ပေါ် ကျဆင်းသွားကြသည်။ ထိုအခါ
ယန်ယဲ့ညာလက်မှ
သွေးစီးကြောင်းအနည်းငယ်သာစီးကျနေသည်ကို
သတိထားမိလိုက်သည် ။

သူ့ညာဖက်လက်မောင်းမှ သွေးများအဆက်မပြတ်
စီးဆင်းကျနေသလို၊ လက်မောင်းတစ်လျှောက်
ပင့်ကူမျှင်ကဲ့သို့ အက်ကွဲကြောင်းများ ပြန့်နှံ့သွား၏။

နန်းဂွန်မန်၏အကြည့်များသည် ယန်ယဲ့၏
ညာလက်မောင်းပေါ်သို့ ကျဆင်းသွားပြီးနောက် အလွန်
လေးနက်သွားလေသည်။

သူမသည် ကောင်းကင်ဝင်ပေါက်မှ ပထမဆုံးတိုက်ခိုက်မှု၏ စွမ်းအားကို ကိုယ်တိုင်ခံစားခဲ့ရသည်။ သူမက ကောင်းကင်အဆင့်ရတနာကိုအသုံးပြုနိုင်ခြင်းကြောင့်သာ ထိုတိုက်ခိုက်မှုကို ခုခံနိုင်ခဲ့သည်။

သို့သော်လည်း အခုအချိန်တွင် ယန်ယဲ့သည် ကောင်းကင်ဝင်ပေါက်၏တိုက်ခိုက်မှုကို ခုခံရန် မြေကမ္ဘာအဆင့်ဓားတစ်လက်ကိုသာအသုံးပြုခဲ့ပေသည်။ ထို့အပြင် ယန်ယဲ့သည် ဓားတစ်ချက်တည်းဖြင့် အစိမ်းရောင်အလင်းတန်းကို အပိုင်းပိုင်းခွဲ ထုတ်ပစ်ခဲ့သည်။

"ဒီလူ! ယန်ယဲ့ရဲ့ခွန်အားက တကယ်ကို ကြောက်စရာကောင်းနေပြီလား?"

လီချင်းရှူ၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားလေသည်။

သူသည်လည်း ယန်ယွဲ့က
မြေကမ္ဘာအဆင့်ဓားကိုအသုံးပြုပြီးဒီကြောက်စရာကောင်းတဲ့
တိုက်ခိုက်မှုကို ခုခံနိုင်လိမ့်မယ်လို့မမျှော်လင့်ထားခဲ့ပေ။

မှန်ပါသည်။ သူကိုယ်တိုင်ပင် အဆင့် ၄
ဓားစိတ်ဆန္ဒတစ်ခုတည်းကိုသာအသုံးပြုပြီး
အစိမ်းရောင်အလင်းတန်းကိုအပိုင်းပိုင်းခွဲချပစ်ရန်
မဖြစ်နိုင်သောကြောင့်အလွန်ပဟေဠိဖြစ်နေခဲ့၏။တစ်နည်းဆို
ရသော် ယန်ယွဲ့သည် သူ၏ အစစ်အမှန်စွမ်းအားကို အခုမှသာ
သေချာပေါက် အသုံးချခဲ့ပုံရသည်။

ဒါပေမယ့် ဘာလဲ? လီချင်းရှူ၏ မျက်နှာကသိသာစွာပင်
လေးနက်တည်ကြည်သွားတော့ သည်။

သို့သော်၊ ယခုအချိန်တွင် ပတ်ဝန်းကျင်ရှိလူအုပ်ထဲတွင်
အပျော်ဆုံးမှာ တောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူများဖြစ်သည်။

ယန်ယွဲ့သည် ကောင်းကင်ဝင်ပေါက်၏
ပြင်းထန်သောတိုက်ခိုက်မှုကို အမှန်တကယ်
ခုခံနိုင်ကြောင်းတွေ့လိုက်မှသာသူတို့၏နှလုံးသားများ
တည်ငြိမ်သွားကြသည်။

အစောပိုင်းတွင်၊ သူတို့ထင်ထားသည်ကား ယန်ယွဲ့သည်
ကောင်းကင်ဝင်ပေါက်ကို ဖြတ်သန်းနိုင်မည်ဟု
မျှော်လင့်ရုံမျှသာ။
ယန်ယွဲ့က ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်နိုင်လိမ့်မည်ဟု
လုံးဝမယုံကြည်ရဲပေ။

သို့သော် အခုအချိန်တွင်
ယန်ယဲ့ထုတ်ဖော်ပြသခဲ့သောစွမ်းအားက
ဖြစ်နိုင်သည်ဟုယုံကြည်နေခဲ့ပါပြီ။

တစ်ဖန် ယန်ယဲ့သည်
နောက်ထပ်အံ့အားသင့်ဖွယ်ရာတစ်ခုကိုပါ
ဖန်တီးနိုင်လိမ့်မည်ဟု ယူဆလိုက်ကြသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၅)] –ကောင်းကင်ဝင်ပေါက် ၏ ကြောက်စရာကောင်းသောတိုက်ခိုက်မှု

ဤအခိုက်အတန့်တွင် ယန်ယဲ့၏ အမူအရာသည် အလွန်လေးနက်နေခဲ့ပါပြီ။

ကောင်းကင်ဝင်ပေါက်မှ ကြောက်မက်ဖွယ်ကောင်းသော တိုက်ခိုက်မှုက သူ့လက်တစ်ဖက်လုံးကို ပေါက်ကွဲလုနီးပါးပင်ဖြစ်သွား၏။

သူ၏ရုပ်ခန္ဓာခွန်အားသည် သာမန် ဝိညာဉ်နယ်ပယ်အလွှာအဆင့် အမှောင်မှော်သားရဲနှင့်ကောင်းစွာ နှိုင်းယှဉ်နိုင်သည်။

ထို့အပြင်၊ သူသည် အဆင့် ၄ ဓားစိတ်ဆန္ဒ နှင့် ဆန်းကြယ်ရွှေချီစွမ်းအင်ကို ပေါင်းစပ်အသုံးပြုထားခဲ့သေးသည်။

သို့သော်ငြား၊ ကောင်းကင်ဝင်ပေါက်၏ တိုက်ခိုက်မှုကိုခုခံနိုင်ရုံသာဖြစ်ပြီးလက်တစ်ဖက်လုံး ပေးဆပ်ရလုနီးပါးပင်။

"ချီး....၊ ဒီကောင်းကင်ဝင်ပေါက်ရဲ့တိုက်ခိုက်မှုက တကယ့်ကိုကြောက်စရာကောင်းလွန်းတယ်။"

ဤအခိုက်အတန့်တွင် ကောင်းကင်ဝင်ပေါက်အတွင်းမှ နောက်တစ်ကြိမ်လေပြင်းများတိုက်ခတ်လာပြီးနောက်စွမ်းအင်အတက်အကျ ပေါ်လာလေသည်။

ဒီမြင်ကွင်းကိုမြင်သောအခါ ယန်ယဲ့၏ မျက်လုံးများက သိသိသာပင်ကျဉ်းမြောင်းသွားလေတော့သည်။

သူက အဆင့် ၅ ဓားစိတ်ဆန္ဒကိုအသုံးပြုရန်ပြင်လိုက်စဉ်မှာပဲ ကောင်းကင်ဝင်ပေါက်အတွင်းကနေ အစိမ်းရောင်အလင်းတန်းတစ်ခု လျှပ်စီးတန်းကဲ့သို့အရှိန်ဖြင့်ထွက်ပေါ်လာသည်ကိုမြင်လိုက်ရ၏။

ယန်ယဲ့က အလွန်တုန်လှုပ်သွားကာ လှုပ်ရှားရန်ပြင်လိုက်သော်ငြား အစိမ်းရောင်အလင်းတန်းက သူ့ရင်ဘတ်ကို ထိမှန်သွားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏မျက်လုံးများ က ချက်ချင်းပင် ပြူးကျယ်လာကာ ဆိုးဆိုးရွားရွား မျက်နှာပျက်သွားတော့သည်။

အုန်း

ခဏတာတိတ်ဆိတ်သွားပြီးနောက် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့၏ ဝတ်ရုံရှည်က ပြာအဖြစ်ပြောင်းလဲကာ ခန္ဓာကိုယ်တစ်ခုလုံး မိုးကြိုးထိမှန်သွားသည့်အလား အပြင်းအထန်တွန့်လိမ်သွား၏။

ဘန်း

ဤအခိုက်အတန့်တွင် ယန်ယဲ့၏ခန္ဓာကိုယ်တစ်ခုလုံး စက္ကူရုပ်တစ်ခုလိုစုတ်ပြဲနေပြီးသွေးများဖုံးလွှမ်းနေပေသည်။

မှန်ပါသည်။ ကောင်းကင်ဝင်ပေါက်၏
ဒုတိယအကြိမ်မြောက်တိုက်ခိုက်မှုကယန်ယွဲ့၏ခန္ဓာကိုယ်တစ်ခုလုံးကွဲအက်သွားစေသည်။

သူ့ခန္ဓာကိုယ်ကနေ သွေးများပန်းထွက်လာကာ အရိုးဖြူများပင်ပေါ်နေသည်အထိနက်ရှိုင်းသောဒဏ်ရာများပင်ရှိနေခဲ့၏။

သိပ်မကြာခင်မှာပဲ ယန်ယွဲ့၏ပုံရိပ်က သွေးချီများဖြင့်ဖန်တီးထားသော ရုပ်တုတစ်ခုလိုဖြစ်သွားကာ ကြည့်နေသူများပင်အလွန်ကြောက်စရာမြင်ကွင်းတစ်ခုကိုမြင်တွေ့လိုက်ပုံရသည်။

နန်းဂွန်မန်သည်ပင် ဒီမြင်ကွင်းကို မြင်လိုက်ရသောအခါ အနည်းငယ် ခေါင်းယမ်းလိုက်မိသည်။

ကောင်းကင်အဆင့်ရတနာလက်နက်များမပိုင်ဆိုင်ထားဘဲ၊ စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုမရှိသလို တိုက်ရိုက်ဝင်ရောက်ပါက သေလမ်းသာကြုံတွေ့ရနိုင်ပေသည်။

ကံကောင်းထောက်မစွာဖြင့် သူမကကောင်းကင်ဝင်ပေါက်၏တိုက်ခိုက်မှုသုံးကြိမ်ကိုခုခံနိုင်ခဲ့သည်။

အလားတူ နန်းဂွန်မန်၏ ညာဖက်တွင် ရပ်နေသော ရှီလော့လည်း ခေါင်းကို အနည်းငယ် ခါလိုက်ပြီး ယန်ယွဲ့ကို စူးစိုက်ကြည့်နေရင်းအနည်းငယ်သနားနေသောအမူအရာက ထွက်ပေါ်လာသည်။

ဒီအချိန်တွင် သိသိသာသာစိတ်ဓာတ်ကျနေသူများမှာ တောင်ပိုင်းနယ်မြေ၏လူငယ်ကျွမ်းကျင်သူများဖြစ်သည်။

မကြာသေးမီကပင် ယန်ယွဲ့က

သူတို့ကိုမျှော်လင့်ချက်ရောင်ခြည်တစ်ခုပေးခဲ့၏။ သို့ရာတွင်

ကံဆိုးစွာဖြင့် နောက်ဆုံးအခိုက်အတန့်တွင်

သူတို့၏မျှော်လင့်ချက်က လုံးဝပျက်စီးသွားပါပြီ။

ရှေးဟောင်းဒိုမိန်းမြို့တွင် အခြားနယ်မြေများမှ

လူငယ်မျိုးဆက်များ၏ရှေ့တွင်ရင်ဆိုင်ရမည့်အခြေအနေများ

ကိုတွေးတောမိတဲ့အခါ လူတိုင်း စိတ်မထိန်းနိုင်တော့ပေ၊

သူတို့ကကောင်းကင်ဝင်ပေါက်ရှေ့တွင်လူသေတစ်ယောက်အ

လားဖြစ်နေသောယန်ယွဲ့ကိုကျိန်ဆဲလိုက်မိပါတော့သည်။

"ချီး....၊ ယန်ယွဲ့! မင်းသေလို့မရဘူးလေ။

မင်းက တောင်ပိုင်းနယ်မြေရဲ့ကြီးကျယ်ခမ်းနားဆုံး

ပါရမီရှင်မဟုတ်ဘူးလား။ မင်းက အနာဂတ်ရဲ့ဓားအင်ပါယာ

မဟုတ်လား?

ဉာဏ်အလင်းရစားနှလုံးသားကို
မင်းတစ်ယောက်ပဲပိုင်ဆိုင်ထားတာလေ။ မဟုတ်ဘူး၊
မင်း....မင်းက ဘယ်လိုသေနိုင်မှာလဲ?
မင်းသေလို့မရသေးဘူးလေ!"

"ယန်ယဲ့! ဘောပဲပေါ့။ ဒီလှုပ်ရှားမှုတစ်ခုတည်းနဲ့
ကျရှုံးသွားတာလား? မင်းက တကယ် အရူးပဲ။ မင်းမှာ
အရမ်းကြောက်စရာကောင်းတဲ့
ခန္ဓာကိုယ်ရှိတယ်မဟုတ်လား? မင်းရဲ့ရုပ်ခန္ဓာခွန်အားက
သိုင်းဘုရင်အဆင့် အမှောင်မှော်သားရဲနဲ့ ယှဉ်နိုင်တယ်လေ။
ကောင်းကင်ဝင်ပေါက်ရဲ့တိုက်ခိုက်မှုတစ်ခုတည်းကိုတောင်
ဘာလို့ မခုခံနိုင်တာလဲ?"

"ဟားဟား! သူသေသွားတာလား? ကောင်းတယ်! ဟားဟား!
အကြိုးအင်ပါယာ။ ဉာဏ်အလင်းရစားနှလုံးသား? သူက

ငါတို့လိုပါပဲ။ တောင်ပိုင်းနယ်မြေမှာ
ထိပ်ဆုံးရောက်ပါရမီရှင်လို့ယူဆထားပေမယ့်
ရှေးဟောင်းဒိုမိန်းမြို့ကိုရောက်တာနဲ့ အမှိုက်ဖြစ်သွားပြီ။ အား!
ငါတို့အားလုံးက အမှိုက်တွေချည်းပဲ။ ဟားဟား!!"

"သူတကယ်သေသွားပြီလား?" ယွမ်ထုံက
လူအုပ်ကြားတွင် မတ်တပ်ရပ်နေရင်း
သွေးရုပ်တုတစ်ခုလိုဖြစ်နေသော ယန်ယဲ့ကို စိုက်ကြည့်ရင်း
စိတ်ပျက်အားလျော့သော အသံဖြင့် ရေရွတ်လိုက်သည်။
"ဒီအတိုင်း မင်းဘယ်လိုသေသွားရတာလဲ?
မင်းသာသေသွားခဲ့ရင် မင်းဆီမှာ ရှုံးနိမ့်ခဲ့ရတဲ့
သိုင်းနတ်ဘုရားဖြစ်ဖို့
ငါ့ရဲ့လမ်းကြောင်းကိုဘယ်လိုလုပ်ပြန်လည်ရယူနိုင်မှာလဲ?"

အနီးနားပတ်ဝန်းကျင်ရှိလူများကြားတွင်အလွန်ပျော်ရွှင်နေသော အခြားအုပ်စုတစ်စုလည်းရှိနေသေး၏။ ထိုအုပ်စုကား ဆေဘာစားဂိုဏ်း၏လူငယ်တပည့်အုပ်စုဖြစ်သည်။

ဒီအချိန်တွင် ဂျန်ဝူဂျိ၏ မျက်နှာပေါ်၌ နှလုံးသားကင်းမဲ့သော အပြုံးတစ်ခု ပေါ်လာသည်။

ယန်ယွဲ့သည် ဆေဘာစားဂိုဏ်း၏ တပည့်မဟုတ်တော့ဘဲ ဂိုဏ်းမှ ထုတ်ပယ်ခံခဲ့ရသော တပည့်တစ်ဦးသာ။

ထို့ကြောင့် ယန်ယွဲ့ ပို၍ အားကောင်းလာလေလေ၊ ဆေဘာစားဂိုဏ်း၏ ဂုဏ်သိက္ခာကို အနှိမ်ခံရလေလေဖြစ်သည်။

သူသည် ဆေဘာစားဂိုဏ်း၏ တပည့်တစ်ဦးဖြစ်သောကြောင့် ဂိုဏ်းကို အခြားသူများ၏ လှောင်ပြောင်ရယ်မောခြင်း မခံလိုသည်မှာ သဘာဝပင်မဟုတ်ပါလား။

အရေးကြီးဆုံးအချက်မှာ ယန်ယဲ့သည်
ကောင်းကင်ဝင်ပေါက်ကို အမှန်တကယ်ဖြတ်ကျော်နိုင်ပါက
ယန်ယဲ့လုပ်ဆောင်ခဲ့သော
အရာများနှင့် တွဲလျက် ဆေဘာဓားဂိုဏ်းတစ်ခုလုံး
အကြီးအကျယ်အရှက်ရသွားလိမ့်မည်ဖြစ်သည်။

တစ်ဖန် အကယ်၍ ယန်ယဲ့သည်
ကောင်းကင်ဝင်ပေါက်ကိုဖြတ်ကျော်ပြီး
ရှေးဟောင်းဒိုမိန်းမြို့ထဲသို့ရောက်ရှိသွားပါက
ဆေဘာဓားဂိုဏ်းဝင်များအတွက် အဆုံးအဖြတ်ဖြစ်မည်မှာ
မလွဲပေ။

အခုအချိန်တွင် ယန်ယဲ့က သေဆုံးသွားပြီ ဖြစ်သောကြောင့်
အရာအားလုံးအတွက် စိတ်ပူစရာမလိုတော့ဟုယူဆနိုင်ပါပြီ။

"တကယ်သေသွားပြီလား?" ဝမ်းရန်ယွဲ့က ယန်ယွဲ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း “နင်သေရင် နင့်ရဲ့ညီမက ဘာလုပ်နိုင်တော့မလဲ။ အန်တီယုက ဘယ်လိုနေရတော့မှာလဲ။ နင်...နင်က ဒီလိုမျိုးသေလို့မရသေးဘူးလေဟာ!"

"ယန်ယွဲ့ တကယ်သေသွားပြီလား? ဟုတ်တယ်.... သူက မသေသေးဘူး! ဒါပေမယ့် သူက သေခါနီးနေပြီ။"
တစ်ဖက်တွင် ဒီအချိန်မှာ ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်တစ်ခုလုံးအစိတ်စိတ်အမြွာမြွာ ပေါက်ကွဲသွားမည်ကိုကြောက်လန့်နေသောကြောင့် အသက်ကိုပင်ပြင်းပြင်းမရှူရဲပေ။

သူ၏လက်ရှိဒဏ်ရာ အတိုင်းအတာသည် သူ့ဘဝ တစ်လျှောက်လုံး ရင်ဆိုင်တွေ့ဖူးသမျှ အပြင်းထန်ဆုံးဟု ဆိုနိုင်သည်။

အကယ်၍

သူ၏ခန္ဓာကိုယ်သာလုံလောက်အောင်သန်မာမှုမရှိပါက
အခုအချိန်တွင်အသားတစ်ပုံကြီးတစ်ခုအဖြစ်ပြောင်းလဲသွားနို
င်ပါသည်။

တစ်ဆက်တည်း

သူ၏ရုပ်ခန္ဓာခွန်အားကိုအစွမ်းကုန်ထုတ်ဖော်ထားပြီးတောင့်ခံ
နေသော်ငြားအချိန်မရွေးသေဆုံးသွားနိုင်သည်။

အဘယ်ကြောင့်ဆိုသော် သူ၏ခန္ဓာကိုယ်တစ်ခုလုံး
သွေးများဖုံးလွှမ်းနေသလို ခန္ဓာကိုယ်အနှံ့
အက်ကွဲကြောင်းများအဆက်မပြတ်ပျံ့နှံ့နေသောကြောင့်ပါ။

ရုတ်တရက် ကောင်းကင်ဝင်ပေါက်၏ ဒုတိယအကြိမ်မြောက်
တိုက်ခိုက်မှုထွက်ပေါ်လာသောအခါ

ခရမ်းရောင်မင့်ခ်ကလေးကချက်ချင်းပင် လေထဲ၌
တန့်သွားသည်။

ယန်ယဲ့၏အခြေအနေဆိုးနေပုံကိုကြည့်ရင်းသူမလေး၏မျက်
လုံးသေးသေးလေးများကနေ မျက်ရည်စီးကြောင်းနှစ်ခု
စီးကျလာခဲ့ပါသည်။

သူမ၏
လက်သည်းသေးသေးလေးကိုဆန့်ပြီးယန်ယဲ့ကိုပွတ်သပ်ရန်ပြ
င်လိုက်သော်လည်း၊
ယန်ယဲ့နာကျင်သွားမည်ကိုစိုးရိမ်နေသည့်အလား သူမ၏
လက်သေးသေးလေးကိုနောက်သို့ပြန်ရုတ်သွားသည်။

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့၏
ပတ်ပတ်လည်လေထုကိုအဆက်မပြတ်တုန်ခါသွားအောင်ပြု
လုပ်လိုက်ပါတော့သည်။

ဒီမြင်ကွင်းကိုမြင်လိုက်တဲ့အခါ ပတ်ဝန်းကျင်ရှိ လူတိုင်း၏ အမူအရာများက ချက်ချင်းပြောင်းလဲသွားကြသည်။

“အဲဒါ... တယ်လီပို့တာ....” ရှီလော့က ပါးစပ်ကနေ အလိုအလျောက် အော်ဟစ်လိုက်သည်။ "အဲ....အဲဒါက နတ်ဆိုးသားရဲတစ်ကောင်ပဲ!"

သူ၏ထိတ်လန့်တကြားရေရွတ်သံကြောင့် လီချင်းရှုပင် ပထမဆုံးအကြိမ်အဖြစ် တုန်လှုပ်ချောက်ချားသောအမူအရာများထွက်ပေါ်လာခဲ့သည်။

သူက စကားမပြောဘဲ ခရမ်းရောင်မင့်ခ်ကလေးကို စူးစိုက်ကြည့်ရင်း အစောပိုင်းကဖမ်းဆီးရန်ပြင်နေသောမြင်ကွင်းကိုသတိရလိုက်တဲ့အခါ.........။

..

ဟူး……။

နန်းဂွန်မန်က အသက်ပြင်းပြင်းရှူရင်း သူမ၏ မျက်လုံးများထဲမှ ထိတ်လန့်တုန်လှုပ်မှုကို လုံးဝဖုံးကွယ်ထားနိုင်ခြင်းမရှိပေ။ သူမက အလွန်တုန်လှုပ်နေသောအသံဖြင့်ရေရွတ်လိုက်မိသည်။
“တ…..တကယ်ကိုပဲ အဲဒီမျိုးနွယ်စုကဖြစ်နေတယ်။ ဒါပေမယ့် ဘာကြောင့် လူသားတစ်ဦးနဲ့ယှဉ်တွဲနေရတာလဲ?"

သူ့ရှေ့မှ အရောင်တဖျပ်ဖျပ်တောက်နေတဲ့ ခရမ်းရောင်မင့်ခ်ကလေးကို ငေးကြည့်နေရင်းနဲ့ ယန်ယဲ့၏ နှုတ်ခမ်းများက တစ်ခုခုကို ပြောချင်နေသည့်အလား ဟသွား၏။

သို့သော် သူက
စကားပြောရန်ပြင်လိုက်တိုင်းသွေးများအဆက်မပြတ်အန်ထွက်လာပြီးမတတ်နိုင်ဘဲ ပြန်ပိတ်လိုက်ရသည်။

တစ်ချိန်တည်းတွင် ဒီလှုပ်ရှားမှုသည် သူ့ခန္ဓာကိုယ်အနှံ့ ဒဏ်ရာများကို ထိခိုက်စေပြီး
အလွန်အမင်းနာကျင်လွန်းသောခံစားချက်ကြောင့်
ယန်ယဲ့၏မျက်နှာတစ်ပြင်လုံးရှုံ့မဲ့သွားလေတော့သည်။

ခရမ်းရောင်မင့်ခ်ကလေးသည် ယန်ယဲ့၏ရှေ့တွင်
ရောက်ရှိလာပြီး
သူ့မျက်နှာဆီသို့လက်သည်းသေးသေးလေးများကိုဆန့်ထုတ်လိုက်သော်လည်း ချက်ချင်းပင် ပြန်ရုတ်လိုက်သည်။
သူမလေး၏မျက်လုံးများက ထိတ်လန့်မှုများနှင့်
ပြည့်နှက်နေပြီး

ချစ်စဖွယ်အသွင်၊ဖောင်းကားနေသောမျက်နှာသေးသေးလေးက မျက်ရည်များဖြင့် ဖုံးလွှမ်းနေသည်။

ထိုအချိန်တွင် ကောင်းကင်ဝင်ပေါက်မှ စွမ်းအင်အတက်အကျ ရှုတ်ချည်းထွက်ပေါ်လာပြီးနောက်
အစိမ်းရောင်အလင်းတန်းတစ်ခု
ထပ်မံထွက်ပေါ်လာပြန်သည်။

ထို့နောက် အစိမ်းရောင်အလင်းတန်းက
မျက်စိဖြင့်ပင်မမြင်နိုင်သောအမြန်နှုန်းဖြင့်ယန်ယွဲ့ဆီသို့
နောက်တစ်ကြိမ်ပစ်ချလာခဲ့ပါပြီ။

ယန်ယွဲ့သည် နောက်ထပ်
အစိမ်းရောင်အလင်းတန်းတစ်ခုပေါ်လာသည်ကို
မြင်လိုက်သောအခါ သူ့စိတ်ထဲတွင်
ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိသည်။

"ချီး! -္ိုးမ ကောင်းကင်ဘုံ။
ငါ့ကိုသေအောင်သတ်နေတာလား?"

ရုတ်တရက် ယန်ယဲ့က တစ်ခုခုကို တွေးမိသွားသည့်အလား ခရမ်းရောင်မင့်ခ်ကလေးကို စိုက်ကြည့်ပြီးနောက် သူ၏ဒဏ်ရာများကိုပင် ဂရုမစိုက်အားဘဲ ပါးစပ်ကို အတင်းအကျပ်ဖွင့်ကာ “ဝေါ့...ထားခဲ့... ပြေး....” ဟုဆိုလိုက်သည်။
သို့ရာတွင်
ယန်ယဲ့ကစကားပင်ဆုံးအောင်မပြောနိုင်ဘဲပါးစပ်ထဲမှသွေးများအန်ထွက်လာသောကြောင့်ရပ်တန့်သွားရသည်။

သူ၏အခြေအနေကြောင့် ခရမ်းရောင်မင့်ခ်ကလေးက အလွန်ထိတ်လန့်နေသောအမူအရာများထွက်ပေါ်လာလေသည်။

တစ်ချိန်တည်းတွင် မျက်နှာဝိုင်းဝိုင်းနှင့် ဖောင်းကားနေသော ချစ်စဖွယ်မျက်နှာငယ်လေးက အေးစက်ခက်ထန်သွား၏။

ထို့နောက် သူမ၏ မျက်လုံးသေးသေးလေးနှစ်လုံးကနေ အလွန်စူးရှသော ခရမ်းရောင်အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

ခရမ်းရောင်မင့်ခ်ကလေး၏ခန္ဓာကိုယ်ကလည်း ချက်ချင်းဆိုသလို အရွယ်အစား နှစ်ဆတိုးလာပြီး နောက်ကျောတွင် ခရမ်းရောင်အတောင်ပံလေးတစ်စုံက ထွက်ပေါ်လာခဲ့ပါပြီ။

ထူးခြားချက်မှာ
သူမ၏ချစ်စဖွယ်မျက်လုံးသေးသေးလေးနှစ်လုံးက လုံးဝကိုခရမ်းရောင်အတိပြောင်းသွားခြင်းပင်။

"ခရမ်းရောင်မျက်လုံးနဲ့ လေဟာနယ်မင့်ခ် တစ်ကောင်!"
နန်းဂွန်မန်၏မျက်လုံးအစုံကအလွန်တရာ ပြူးကျယ်သွားကာ

သူမရှေ့မှမြင်ကွင်းကြောင့်
တုန်လှုပ်ခြောက်ခြားစွာအော်ဟစ်လိုက်မိသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၆)] – ခရမ်းရောင်မင့်ခ်ကလေး၏ ဒေါသ

နန်းဂွန်မန်၏စကားကို ကြားလိုက်တဲ့အခါ
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူနှစ်ဦး၊ ရှီလော့ နှင့်

လီချင်းရှု တို့ပင် မယုံနိုင်လောက်အောင်အမူအရာများဖြင့်
ခရမ်းရောင်မင့်ခ်ကလေးကိုကြည့်လိုက်ကြသည်။

ဤအခိုက်အတန့်တွင်
ယန်ယဲ့အသက်ရှင်နေသေးသည်ဟုတ်မဟုတ်ကိုဂရုမစိုက်နိုင်
ဘဲ အလွန်ဒေါသထွက်နေသော
ခရမ်းရောင်မင့်ခ်ကလေးကိုသာ
သူတို့၏အမြင်အာရုံတွင်ဆွဲထင်နေခဲ့သည်။

ခရမ်းရောင်မင့်ခ်ကလေးက ချက်ချင်းဆိုသလိုပင်
သူမ၏လက်သည်းလေးကိုဝှေ့ယမ်းလိုက်ရာ
ခရမ်းရောင်အလင်းတန်းတစ်ခုက ယန်ယဲ့ရှေ့တွင်
ပေါ်လာခဲ့၏။

ခရမ်းရောင်အလင်းတန်းက
ကောင်းကင်ဝင်ပေါက်မှပစ်လွှတ်လိုက်သောအစိမ်းရောင်အ

လင်းတန်းနှင့်တိုက်မိသွားကာ
အရောင်တဖျပ်ဖျပ်တောက်ပလာပြီးနောက်ရုတ်ချည်းပင်ပျော
က်ကွယ်သွား၏။

နောက်အခိုက်အတန့်တွင်
ကောင်းကင်ဝင်ပေါက်အတွင်းဖက်ရှိ နံရံပေါ်မှာ
တိုက်ရိုက်ပေါက်ကွဲသွားလေတော့သည်။

ဘန်း!
ကမ္ဘာတုန်လှုပ်စေသော ရောမပေါက်ကွဲသံကြီးက
မိုးခြိမ်းသံကဲ့သို့ အဆက်မပြတ် ပဲ့တင်ထပ်နေသည်။

ကောင်းကင်ဝင်ပေါက် အပြင်ဖက်ရှိ လူအုပ်ကြီးပင်
အလွန်အံ့အားသင့်နေခဲ့၏။

လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်တွင်
ကောင်းကင်ဝင်ပေါက်သည် ပြင်းထန်စွာ တုန်လှုပ်သွားကာ
ခဏတာတိတ်ဆိတ်သွားပြီးနောက်
အစိမ်းရောင်အလင်းတန်းတစ်ခု
ချက်ချင်းဆိုသလိုထွက်ပေါ်လာလေသည်။

စတုတ္ထအကြိမ်မြောက်တိုက်ခိုက်မှု။ ကောင်းကင်ဝင်ပေါက်၏
ဘေးနားမှ ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူနှစ်ဦးက ထိတ်လန့်တကြား
အော်ဟစ်လိုက်ကြသည်။

ကောင်းကင်ဝင်ပေါက်သည်
ဖြတ်ကျော်ရန်စစ်ဆေးသည့်အခါတိုင်း အမြဲတမ်း တိုက်ခိုက်မှု
သုံးခုသာ လုပ်ဆောင်ခဲ့၏။

အခုအချိန်တွင် စတုတ္ထမြောက် တိုက်ခိုက်မှုသည်
အမှန်တကယ် ထွက်ပေါ်လာခဲ့ပါပြီ။

"ဘာဖြစ်နေတာလဲ? ဘာမှားသွားတာလဲ။"
လူတိုင်း၏စိတ်ထဲတွင် မေးခွန်းများ၊သိလိုစိတ်များသာ
ကြီးစိုးနေခဲ့ပေသည်။

အစောပိုင်းကလိုပါပဲ။
အစိမ်းရောင်အလင်းတန်းက
တတိယအကြိမ်ထက်ပင်အလွန်မြန်ဆန်သောအရှိန်ဖြင့်ယန်
ယွဲ့ဆီသို့တရကြမ်းပစ်ချလာခဲ့၏။

"ချီး....၊ ယန်ယွဲ့သည်
ခန္ဓာကိုယ်တစ်ခုလုံးမှအမွေးအမျှင်များထောင်ထသွားသလိုခံ
စားလိုက်ရလေသည်။

ယန်ယဲ့က

အစိမ်းရောင်အလင်းတန်းကိုခုခံရန်ပြင်လိုက်သော်ငြား၊

ဘယ်လိုမှမတတ်နိုင်တော့ဘဲ

သူ့ခန္ဓာကိုယ်အားထိမှန်သွားသည်ကို

စောင့်နေရုံသာရှိတော့၏။

သို့သော် ကံကောင်းထောက်မစွာ၊ ခရမ်းရောင်မင့်ခ်ကလေးက

လက်သည်းလေးကို ဝှေ့ယမ်းလိုက်ရာ

အလွန်ကြောက်စရာကောင်းသော

အစိမ်းရောင်အလင်းတန်းကသူ့ရှေ့မှာပင်ချက်ချင်းပျောက်ကွ

ယ်သွားခဲ့သည်။

အုန်း

တစ်ချိန်တည်းတွင် အစိမ်းရောင်အလင်းတန်းက ကောင်းကင်ဝင်ပေါက်အပြင်ဖက်ရှိ လူအုပ်ထဲသို့ဖြာကျသွား၏။

မှန်ပါသည်။ ဒီအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးက လေဟာနယ်လမ်းကြောင်းကိုလွှဲယူပြီး အစိမ်းရောင်အလင်းတန်းအား ကောင်းကင်ဝင်ပေါက်အပြင်ဖက်ရှိလူအုပ်ထံသို့ ပို့ဆောင်ပေးလိုက်ခြင်းပင်။

သူမက ရည်ရွယ်ချက်ရှိရှိနှင့်လုပ်ဆောင်ခဲ့သည်ဟုတ်မဟုတ် ဘယ်သူမှမသိနိုင်သော်ငြား၊ အစိမ်းရောင်အလင်းတန်းကျဆင်းသွားသောနေရာက တောင်ပိုင်းနယ်မြေ၏လူအုပ်စုရပ်နေသောနေရာဖြစ်နေပါသည်။

ရုတ်ချည်းထွက်ပေါ်လာသော အစိမ်းရောင်အလင်းတန်းက တောင်ပိုင်းနယ်မြေ၏ လူငယ်အုပ်စုကို အလွန်အမင်း ထိတ်လန့်တုန်လှုပ်စေခဲ့သည်။

အုန်း!

ကမ္ဘာတုန်စေသော
ပေါက်ကွဲသံနှင့်အတူတောင်ပိုင်းနယ်မြေ၏
လူငယ်ကျွမ်းကျင်သူ ၁၀၀ နီးပါးက အစိမ်းရောင်အလင်းတန်း
မပေါက်ကွဲခင် တုံ့ပြန်ရန် အချိန်မရှိခဲ့ပေ။

ဖုန်မှုန့်များနှင့် အပျက်အစီးများရှင်းလင်းသွားပြီးနောက်
အောက်ခြေအနက်ကိုပင်မခန့်မှန်းနိုင်သော
ရောမတွင်းနက်ကြီးတစ်ခုက ရှေးဟောင်းဒိုမိန်းမြို့၏
အပြင်ဖက်တွင် ဖြစ် ပေါ်လာခဲ့ပါသည်။

ထိုရောမတွင်းပေါက်ကြီးကို စိုက်ကြည့်နေကြရင်း မရေတွက်နိုင်သော လူအုပ်ကြီးလည်းချက်ချင်းပင် အသက်ရှူကြပ်သွားသလိုခံစားလိုက်ရလေသည်။

လီချင်းရှူ နှင့် ရှီလော့ တို့၏ မျက်ခွံများပင် အဆက်မပြတ် လှုပ်ယမ်းသွားကြသည်။ကောင်းကင်ဝင်ပေါက်၏ တိုက်ခိုက်မှုသည် အမှန်တကယ်ပင် ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။

သူတို့နှစ်ဦးသည် ဤတိုက်ခိုက်မှုကို မြင်တွေ့ပြီးနောက် အလွန်ကြောက်လန့်လာကြသည်။

မကြာခင်မှာပဲ လူအုပ်ကြီးက ထိတ်လန့်တုန်လှုပ်မှုကနေ သတိပြန်ဝင်လာကာ ခရမ်းရောင်မင့်ခ်ကလေးဆီသို့ တစ်ပြိုင်နက် စူးစိုက်ကြည့်လိုက်မိကြသည်။

ဒီအချိန်တွင် သူမလေး၏မျက်လုံးများသည်
ကြက်သွေးရောင်နှင့် ခရမ်းရောင် ရောယှက်နေပြီး
အတွင်းပိုင်းမှ ပြင်းထန်သော
ခရမ်းရောင်ချီလှိုင်းများအဆက်မပြတ်ဖြာထွက်နေပေသည်။
သူမ၏နောက်ကျောရှိ ခရမ်းရောင်အတောင်ပံတစ်စုံက
တဟုန်ထိုးအဆက်မပြတ်ရိုက်ခတ်နေပြီး
လေထဲတွင်လွင့်မျောနေသည်ကိုမြင်လိုက်ရ၏။

လူအချို့က ခရမ်းရောင်မင့်ခ်ကလေး၏ ပတ်ပတ်လည်တွင်
အဆုံးမဲ့လေဟာနယ်တစ်ခုရှိနေကြောင်းသတိပြုမိလိုက်ကြသ
ည်။

ထိုအချိန်တွင် ကောင်းကင်ဝင်ပေါက်အတွင်းမှ နောက်ထပ်
အစိမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြန်သည်။

အဆိုပါမြင်ကွင်းကို မြင်လိုက်ရသောအခါတွင် လူအားလုံး၏ အမူအရာများ ပြင်းထန်စွာ ပြောင်းလဲသွားကာ ပတ်ဝန်းကျင်ဆီသို့ ကမန်းကတန်း ဆုတ်ခွာထွက်ပြေးလိုက်ကြလေသည်။

လီချင်းရှူ ၊ ရှီလော့ နှင့် နန်းဂွန်မန်တို့သည်လည်း နောက် မီတာ ၃၀ ကျော်အကွာသို့ ဆုတ်ခွာသွားလိုက်ကြသည်။

သူတို့သုံးဦး၏ လက်ရှိစုပေါင်းအင်အားများဖြင့် ကောင်းကင်ဝင်ပေါက်မှ တိုက်ခိုက်မှုကို ကျိန်းသေခုခံနိုင်မည်ဖြစ်သည်။

သို့သော် ယင်းသည် အမှန်တကယ် မလိုအပ်ပါ။

ထို့အပြင် သူတို့သုံးဦးလုံးက ခရမ်းရောင်မင့်ခ်ကလေး၏ အသွင်ပြင်ကိုသတိပြုမိသောကြောင့် တမင်သက်သက် မစော်ကားချင်ကြပေ။

ဒီတစ်ကြိမ်မှာတော့ အစိမ်းရောင်အလင်းတန်းက ယန်ယဲ့ကို ဦးတည်မနေဘဲ၊ ခရမ်းရောင်မင့်ခ်ကလေးဆီသို့ ပစ်လွှတ်လိုက်ပါသည်။

သို့သော်လည်း အစိမ်းရောင်အလင်းတန်းသည် ထူးထူးခြားခြားပျောက်ကွယ်သွားကာ ခရမ်းရောင်မင့်ခ်ကလေး၏ရှေ့သို့ပင် မရောက်နိုင်ခဲ့ပေ။

နောက်အခိုက်အတန့်တွင် ကောင်းကင်ဝင်ပေါက်အပြင်ဖက်တွင် ကမ္ဘာတုန်လှုပ်စေသော ရောမပေါက်ကွဲသံကြီးထွက်ပေါ်လာတော့သည်။

အချိန်မီထွက်မပြေးနိုင်သော လူအချို့က အစိမ်းရောင်အလင်းတန်း၏ပေါက်ကွဲမှုအောက်တွင် စိစိညက်ညက်ကြေမွသွားရသည်။

မရေမတွက်နိုင်သော ကျွမ်းကျင်သူအုပ်စုကြီးက
ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
အလွန်အံ့အားသင့်သွားပြီး ရှေးဟောင်းဒိုမိန်းမြို့အနားမှ
အလျင်အမြန်ပြေးထွက်လိုက်ကြသည်။

ဒီအချိန်တွင် ထူးဆန်းသော ခရမ်းရောင်မင့်ခ်က
အလွန်အမင်းကြောက်စရာကောင်းနေသောကြောင့်
သူတို့အားလုံး အသက်မသေလိုကြသေးပေ။

သို့သော် ကောင်းကင်ဝင်ပေါက်၏ တိုက်ခိုက်မှုသည်
အဆုံးသတ်ဟန်မပြသေးပါ။

၎င်းသည် အလွန်ဒေါသထွက်သွားပုံရပြီး တစ်ချက်
ပြင်းထန်စွာ တုန်ခါသွား၏။

တစ်ချိန်တည်းတွင် အစိမ်းရောင်အလင်းတန်းငါးခု ထွက်ပေါ်လာပြီး အရောင်တဖျပ်ဖျပ် တောက်ပသွားကာ ယန်ယွဲ့ နှင့် ခရမ်းရောင်မင့်ခ်ကလေးဆီသို့ ဦးတည်ပျံသန်းလာခဲ့သည်။

၎င်းသည် အလွန်လျင်မြန်သောကြောင့် လေတိုးသံပင်မကြားလိုက်ရပေ။

ဒီအချိန်တွင် ယန်ယွဲ့သည် မလှုပ်ရှားနိုင်သော်လည်း သတိအပြည့်ရှိနေဆဲဖြစ်၏။
ထိုအစိမ်းရောင်အလင်းတန်းငါးခုကို မြင်လိုက်ရသောအခါ သူက ချက်ချင်းပင် ထိတ်လန့်သွားသည်။
"အငယ်လေးက အဲဒါကို ဘယ်လို ခုခံနိုင်မှာလဲ?"

ဒီအချက်ကို တွေးမိလိုက်တဲ့အခါ သူ့ဒဏ်ရာများကို
ဂရုမစိုက်တော့ဘဲ၊
မူလဒန်တျန်ထဲရှိလက်ကျန်ချီစွမ်းအင်များကို
အပြင်းအထန်ထုတ်ဖော်လိုက်၏။

ထို့နောက် သူ၏လက်ဝါးကိုလှန်ချလိုက်ရာ
မမြင်နိုင်သောဓားကလက်ထဲတွင် ချက်ချင်းပေါ်လာသည်။

ယန်ယွဲ့သည် မမြင်နိုင်သောဓားကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်ထားပြီး
အံကြိတ်လိုက်ကာရှေ့သို့တဟုန်ထိုးခုန်ထွက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူက
ကျယ်လောင်စွာအော်ဟစ်လိုက်ပြီး အစိမ်းရောင်
အလင်းတန်းငါးခုဆီသို့ လျင်မြန်စွာ ခုတ်ပိုင်းလိုက်သည်။

တရှိုရှိုလေချွန်သံများထွက်ပေါ်လာပြီးနောက်ရွှေရောင်ဓားချို ကြိုးတစ်ချောင်းက ရှေ့သို့လျှင်မြန်စွာ ပြေးထွက်သွား၏။

သို့သော်လည်း
ရွှေရောင်ဓားချိုကြိုးသည်အစိမ်းရောင်အလင်းတန်းငါးခုမှ
ထွက်ပေါ်လာသော
အရှိန်အဝါကြောင့်ရှေ့ဆက်မတိုးနိုင်တော့ပေ။

ဟူး.....။ ယန်ယဲ့သည်ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ အကူအညီမဲ့စွာ ရယ်မောလိုက်ပါသည်။ " ငါ ယန်ယဲ့ ဒီနေ့ ဒီနေရာမှာတကယ်သေရတော့မှာလား?"

ရွှေရောင်ဓားချိုကြိုးကိုထုတ်ဖော်လိုက်သည့်အခါ
သူ့ခန္ဓာကိုယ်တစ်ခုလုံးက တဖြည်းဖြည်း ကွဲထွက်သွားပြီး၊
အရေပြားအောက်ရှိ အရိုးများနှင့်
နီရဲနေသောအသားနုများပါထွက်ပေါ်လာသည်။

ယန်ယဲ့၏

လက်ရှိအခြေအနေသည်အလွန်ဆိုးဆိုးရွားရွားဖြစ်နေကာ

ပတ်ဝန်းကျင်ရှိလူအုပ်ကိုပင် ဂရုမစိုက်အားနိုင်တော့ပေ။

သူ့ခန္ဓာကိုယ်အရေပြားက ဆိုးရွားစွာစုတ်ပြဲသွားပြီး

သွေးများအဆက်မပြတ်စီးကျလာခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ခန္ဓာကိုယ်အတွင်းမှ

ဆန်းကြယ်ချီစွမ်းအင်များက

တစ်ကိုယ်လုံးသို့စတင်လောင်ကျွမ်းလာပါပြီ။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏နှလုံးသားက သူ့ကိုယ်သူ

သေဆုံးရန်နီးကပ်နေပြီဟုခံစားမိလိုက်သည်။

အကယ်၍ သူသည်
ကောင်းကင်ဝင်ပေါက်ကိုမိုက်မဲစွာဝင်ရောက်ခြင်းမပြုပါက
သေခြင်းနှင့်ရင်ဆိုင်ရမည်မဟုတ်ပေ။

သို့ရာတွင် ယန်ယဲ့သည် သူ၏လုပ်ရပ်များအတွက်
နောင်တရမနေပေ။

ကောင်းကင်ဝင်ပေါက်ကို မဝင်ရောက်မီအချိန်တည်းက
ရလာဒ်ကို သိထားခဲ့လျှင်ပင် သူသည် အနည်းငယ်ပင်
တုန့်ဆိုင်းမနေဘဲဆက်လျှောက်သွားပါလိမ့်မည်။

တစ်ဖက်တွင် ခရမ်းရောင်မင့်ခ်ကလေးကို
သူ၏အချစ်ဆုံးသူအဖြစ်သတ်မှတ်ထားသောကြောင့်
သူမလေး အန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါ
သာမန်အတိုင်းကြည့်မနေနိုင်ခဲ့ပေ။

သူသည် အစိမ်းရောင်အလင်းတန်းကို မခုခံနိုင်ကြောင်း သိထားသော်လည်း၊ ခရမ်းရောင်မင့်ခ်ကလေးကို မထိခိုက်စေချင်ပေ။

မည်သို့ပင်ဖြစ်စေကာမူ အဆိုးရွားဆုံးအကျိုးဆက်မှာ သေခြင်းတရားသာ မဟုတ်ပါလာယ?

သူ၏အမေကို ကယ်တင်ပြီး ညီမလေးဖြစ်သူကို ပြုစုစောင့်ရှောက်လိုသောကြောင့် မသေချင်သေးသည်မှာ သဘာဝပင်။

သို့သော် ဘယ်လိုအကြောင်းများပင်ရှိနေပါစေ၊ မလုပ်ဆောင်နိုင်သောအရာများစွာလည်းရှိနေပေသည်။

ယန်ယဲ့သည် ခရမ်းရောင်မင့်ခ်ကလေးအား တွန့်ဆုတ်စွာ စိုက်ကြည့်လိုက်ရင်း အမြန်ထွက်ပြေးရန် ပြောဆိုချင်သောကြောင့်

နှုတ်ခမ်းများ အနည်းငယ် အာသွားသည်။

သို့သော်လည်း ယခုအချိန်တွင် သူမည်မျှပင် ကြိုးစားနေပါစေ ပါးစပ်ကို မဖွင့်နိုင်တော့ဘဲ အသိစိတ်အာရုံသည်ပင် တဖြည်းဖြည်း မှုန်ဝါးလာခဲ့၏။

ခရမ်းရောင်မင့်ခ်ကလေးသည် ယန်ယဲ့၏ မျက်လုံးများ ဖြည်းညှင်းစွာမှိတ်သွားသည်ကို သတိပြုမိပြီး အလွန်အမင်း ဒေါသထွက်သွားလေသည်။

ဟောက်!

သူမလေးက ဒေါသတကြီးအော်ဟစ်လိုက်ကာ၊ တစ်ချိန်တည်းမှာပင် သူမ၏ခန္ဓာကိုယ်မှ အလွန်စူးရှသောအလင်းရောင်များနှင့်အတူ ရောမခရမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာခဲ့သည်။

ပတ်ဝန်းကျင်ရှိ လူတိုင်း၏ခရမ်းရောင်အလင်းတန်းကို မြင်လိုက်ရသောအခါငင်းတို့၏ မျက်လုံးအိမ်များမှ မျက်လုံးများ ပြုတ်ထွက်ကျလုနီးပါး ဖြစ်သွားသည်အထိ ထိတ်လန့်သွားကြသည်။

ထိုအချိန်တွင် ခရမ်းရောင်အလင်းတန်းကလေဟာနယ်ကိုထိုးခွဲသွားကာတဝု န်းဝုန်းပြိုကျသွားစေသည်။

ဂျိန်း

အာကာသပြင်တစ်ခုလုံးသည် အကြီးအကျယ် တုန်ခါသွားကာ ကြီးမားသောအက်ကြောင်းကြီးတစ်ခုဖြစ်ပေါ်လာသည်။

ထို့နောက် အစိမ်းရောင်အလင်းတန်းငါးခုသည်
အာကာသပြင်အက်ကွဲကြောင်းထဲသို့တိုးဝင်သွားကာ
အနည်းငယ်တုန်ခါနေရင်း
ပျောက်ကွယ်သွားခဲ့သည်။

မှန်ပါသည်။ အလွန်ကြောက်စရာကောင်းသော
အစိမ်းရောင်အလင်းတန်းငါးခုကသာမန်အတိုင်းပင်
ပျောက်ကွယ်သွား၏။

ဆက်ရန်

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၇)] –ကောင်းကင်ဝင်ပေါက်ပြိုကျခြင်း

"နတ်ဆိုးနယ်မြေရဲ့လျှို့ဝှက်ဆန်းကြယ်ပြီး ထိတ်လန့်စရာအကောင်းဆုံး လေဟာနယ်မင့်ခ်ကလန်က မျှော်လင့်ထားတဲ့အတိုင်းပါပဲ!"

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါ နန်းဂွန်မန်က အသက်ပြင်းပြင်းရှူပြီး "ဒီလို သဘာဝစွမ်းရည်နဲ့ ကြောက်စရာကောင်းတဲ့ အာကာသပြင်ဖန်တီးခြင်းစွမ်းရည်က...... ဟူး! နတ်ဆိုးနယ်မြေရဲ့ထူးခြားတဲ့ မျိုးနွယ်စုတွေတောင် သူတို့ကို ရိုင်းရိုင်းစိုင်းစိုင်း မစော်ကားဝံ့တာ အံ့သြစရာတော့ မရှိပါဘူး။ ဒါပေမယ့် ဘာကြောင့် လူသားတစ်ယောက်နဲ့

ရှိနေရတာလဲ။ဒါ့ပြင်၊ သူက သိုင်းဘုရင်အဆင့် ၁ ပဲ ရှိတဲ့ လူသားတစ်ယောက်လေ…”

ဤအခိုက်အတန့်တွင် ကောင်းကင်ဝင်ပေါက်မှ နောက်တစ်ကြိမ် စွမ်းအင်အတက်အကျထွက်ပေါ်လာသည်။ ထို့နောက် အစိမ်းရောင်အလင်းတန်း ၁၀ ခုက လေဟာနယ်အတွင်းကနေ စုပြုံထွက်ပေါ်လာပါတော့သည်။

ခရမ်းရောင်မင့်ခ်ကလေးသည်ပင် ဒီမြင်ကွင်းကိုမြင်လိုက်ရတဲ့အခါ အနည်းငယ်ဝမ်းနည်းနေသောအမူအရာများဖြစ်ပေါ်လာ၏။

အစောပိုင်းက ထုတ်ဖော်ခဲ့သော အာကာသပြင်ဖန်တီးခြင်းစွမ်းရည်က သူမ၏နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

တစ်နည်းဆိုရသော် ဒီအချိန်တွင်
ရုတ်တရက်ထွက်ပေါ်လာသော အစိမ်းရောင်အလင်းတန်း ၁၀
ခုကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိတော့ပေ။

သူမ၏ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး
ယန်ယဲ့၏ပုခုံးပေါ်တွင် ထိုင်နေလိုက်ကာ
သူမ၏သေးသွယ်သောခေါင်းလေးကိုယန်ယဲ့၏မျက်နှာဘေး
တွင် မှီလိုက်သည်။ထို့နောက် သူမ၏
မျက်လုံးသေးသေးလေးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပါပြီ။

သူမအနေဖြင့် အစကနေ အဆုံးအထိ
လွတ်မြောက်အောင်ထွက်ပြေးသွားနိုင်ပေသည်။
သို့မဟုတ် ကောင်းကင်ဝင်ပေါက်ထဲသို့
ဝင်ရောက်လိုက်သည်နှင့် တိုက်ခိုက်မှုများကိုခုခံနိုင်သလို၊
ပို၍ပြင်းထန်လာပါကကောင်းစွာထွက်ပြေးနိုင်ပါသည်။

အစိမ်းရောင်အလင်းတန်းက အလွန်မြန်ဆန်နေသော်ငြား၊
သူမ၏လေဟာနယ်ဖြတ်ကျော်ခြင်းစွမ်းရည်ကို
လိုက်မှီရန်မဖြစ်နိုင်ပေ။

သို့သော်လည်း ယန်ယဲ့က သူမကို
အလွန်စိုးရိမ်ပြီးပြေးလိုက်လာလိမ့်မည်ဟုမထင်ထားခဲ့ပေ။
အစိမ်းရောင်အလင်းတန်းက သူမ၏အရှိန်ကို
အမီလိုက်ရန်မဖြစ်နိုင်သော်လည်း၊
ယန်ယဲ့ကိုလုံးဝတိုက်ခိုက်နိုင်ပေသည်။

ဒီအခိုက်အတန့်တွင် သူမကထိုအစိမ်းရောင်အလင်းတန်း ၁၀
ခုလုံးကို ခုခံနိုင်စွမ်းမရှိသော်လည်း ၎င်းတို့ထံမှ
ထွက်ပြေးနိုင်သေး၏။
သို့သော်လည်း ယန်ယဲ့နှင့်ထပ်တူခံစားမိသောကြောင့်
ထွက်ပြေးရန် မရွေးချယ်ခဲ့ပေ။

အတူမွေးဖွားလာခြင်းမရှိသော်ငြား
အတူတူသေရန်ဆုံးဖြတ်လိုက်ပါသည်။

"ခွေးကောင်လေး! ခွေးမလေး! သေနာကောင်!
ခွေးမိုက်နှစ်ကောင်.... နင်တို့နှစ်ယောက်လုံး ရပ်လို့
မရဘူးလား !

အား.....အား....အား....အား....!!!

နှစ်ပေါင်း ၁၀,၀၀၀ ရှိသွားပြီ။ ဒီမင်းသမီးက နောက်ဆုံးမှာ
အကန့်သတ်ကိုဖြတ်ကျော်လုနီးနေပြီဖြစ်ပေမယ့်
နင်တို့နှစ်ယောက်ကြောင့် နောက်တစ်ကြိမ်
အိပ်စက်သွားရတော့မယ်။

အား!! သေးငယ်တဲ့ အမှိုက်ပစ္စည်းတွေရဲ့ဝိညာဉ်က
ဒီမင်းသမီးပိုင်တဲ့အရာတွေကိုလုယူဖို့ ဘယ်လိုတောင်
သတ္တိရှိတာလဲ? ကောင်းပြီ..... ဒီမင်းသမီးက
နင့်လိုအမှိုက်ဝိညာဉ်ကို ချေမှုန်းပစ်မယ်။ ဂါး!!!"

ယန်ယဲ့က သတိလစ်နေချိန်တွင်
ကျိန်ဆဲသံများကိုကြားလိုက်ရသည်။ တစ်ချိန်တည်း
သူ့ခန္ဓာကိုယ်အတွင်းရှိ ဆန်းကြယ်ရွှေချီကန်အတွင်းမှ
သေးငယ်သော ရွှေချီစီးကြောင်းများရုတ်တရက်
ပျံ့လွင့်သွားသည်ကို မသိမသာ ခံစားမိလိုက်သည်။

ဤအချိန်တွင် အစိမ်းရောင်အလင်းတန်း ၁၀ ခုသည် ယန်ယဲ့
နှင့် ခရမ်းရောင်မင့်ခ်ကလေးဆီသို့ လျင်မြန်စွာ
ရောက်ရှိလာခဲ့၏။

ရုတ်တရက်ဆိုသလိုပင်
ခရမ်းရောင်စွမ်းအင်ကြိုးတစ်ချောင်းက ယန်ယဲ့ရှေ့၌
ပေါ်လာပြီး အစိမ်းရောင်အလင်းတန်း ၁၀ ခုကို
ချက်ချင်းပေါက်ကွဲထွက်သွားစေသည်။

ထို့နောက် လူအုပ်၏ အံ့အားသင့်တုန်လှုပ်နေသော အကြည့်များအောက်တွင် မမြင်နိုင်သော အရှိန်ဖြင့် ကောင်းကင်ဝင်ပေါက်ဆီသို့ တန်ပြန်ရိုက်ခတ်သွားလေသည်။

ဂျိန်း!

မီတာ ၃၀၀ ကျော်မြင့်မားသော ကောင်းကင်ဝင်ပေါက်၏ တံတိုင်းသည် ချက်ချင်းပင် တုန်လှုပ်သွားသည်။

ကောင်းကင်ဝင်ပေါက်အတွင်းမှ သနားစရာကောင်းပြီး ကျယ်လောင်သောအော်ဟစ်သံနှစ်ခု ထွက်ပေါ်လာပြီးနောက် လူတိုင်း၏ အကြည့်များအောက်မှာပင် ကောင်းကင်ဝင်ပေါက်က တဝုန်းဝုန်းပြိုကျလာသည်။

သို့မဟုတ်ပေ၊ ကောင်းကင်ဝင်ပေါက်သည် ပြိုကျရုံသာမကဘဲ အမှုန့်အဖြစ်အသွင်ပြောင်းသွားပါတော့သည်။

ထိုကဲ့သို့ မမျှော်လင့်သောအဖြစ်အပျက်က

ကောင်းကင်ဝင်ပေါက်တစ်ခုတည်းသာမဟုတ်ပေ၊ မြေကမ္ဘာဝင်ပေါက်သည်လည်းအလားတူပေါက်ကွဲထွက်သွား၏။

ထိုအချိန်တွင် ရှေးဟောင်းဒိုမိန်းမြို့တွင်းကနေ လူလတ်ပိုင်းတစ်ဦး ရုတ်တရက်ပေါ်လာခဲ့သည်။ လူလတ်ပိုင်းအရွယ်က အသက် ၄၀ ဝန်းကျင်ရှိပြီး မျက်ခုံးတွေထူထူနှင့် ရှည်လျားသောမျက်နှာသွင်ပြင်ကိုပိုင်ဆိုင်ထား၏။

သူက လေထဲတွင် ရပ်နေရင်းဖြင့် ကောင်းကင်ဝင်ပေါက်နှင့်မြေကမ္ဘာဝင်ပေါက်ပျက်စီးသွားသောမြင်ကွင်းကိုစိုက်ကြည့်နေရင်း

ကြောက်မက်ဖွယ်ရာအငွေ့အသက်များဖြာထွက်နေခဲ့ပေသည်
။

ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူနှစ်ဦး၏
အမူအရာများသည် လူလတ်ပိုင်းအရွယ်ကို မြင်သောအခါ
ချက်ချင်းပြောင်းလဲသွားကြသည်။

သူတို့နှစ်ဦးက တုံ့ဆိုင်းမနေဝံ့ဘဲ၊ လူလတ်ပိုင်းအဘိုးအိုထံ
အလျင်အမြန်ပြေးလာပြီး ရိုသေစွာ ဦးညွှတ်လိုက်ကြသည်။

ထို့နောက် လက်ယာဖက်ရှိ ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူက "မဟာအကြီးအကဲ၊ ဒီမှာ
ဘာတွေဖြစ်နေတာလဲ?"

သက်လတ်ပိုင်းအဘိုးအိုသည် ခေါင်းကို ဖြည်းညှင်းစွာ
ခါလိုက်ပြီး ပတ်ဝန်းကျင်ကို ငေးကြည့်နေမိသည်။

ကောင်းကင်ဝင်ပေါက်နှင့် မြေကမ္ဘာဝင်ပေါက်ကို မြင်သောအခါ သူ၏အမူအရာသည် ချက်ချင်းပင် လေးနက်သွားခဲ့သည်။

အခြားသူများ သတိမထားမိကြသော်လည်း ကောင်းကင်ဝင်ပေါက်နှင့် မြေကမ္ဘာဝင်ပေါက်သည် တာအိုရတနာလက်နက်များဖြစ်သည်။

ဤ တာအိုရတနာလက်နက်များ၏ လက်နက်ဝိညာဉ်က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နှင့် တန်းတူယှဉ်နိုင်ပေသည်။

ယခုမူကား ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နှင့် ယှဉ်နိုင်သော တာအိုရတနာလက်နက်က တစ်စုံတစ်ဦး၏ ဖျက်ဆီးခြင်းကိုခံလိုက်ရသည်။

ထို့အပြင် တာအိုရတနာလက်နက်နှစ်ခုလုံးက အမှုန့်များဖြစ်သည်အထိပင်ပြောင်းလဲသွား၏။

"မဟုတ်သေးပါဘူး၊
ဒီတာအိုရတနာလက်နက်ကိုဖျက်ဆီးပစ်ဖို့အတွက်
အရမ်းကြောက်စရာကောင်းတဲ့ခွန်အားရှိနေမှပဲရမယ်။
ကေရာဇ်အဆင့် ၅ စွမ်းအားရှင်တစ်ယောက်မှသာ ဒါကို
အပြီးတိုင်ဖျက်ဆီးပစ်နိုင်မှာပဲ။" သက်လတ်ပိုင်းအဘိုးအိုက
ဒီအချက်ကိုတွေးတောရင်း အသက်ပြင်းပြင်းရှူလိုက်ကာ
"ဒီလူအိုကြီးက ရှေးဟောင်းဒိုမိန်းမြို့ရဲ့တရားစီရင်ရေးအဖွဲ့က
မာယီပင်း ပါ။ မိတ်ဆွေ! မင်းက ကောင်းကင်ဝင်ပေါက်နဲ့
မြေကမ္ဘာဝင်ပေါက်ကို ဖျက်ဆီးပစ်ဖို့ သတ္တိရှိတဲ့အတွက်
ဒီလူအိုကြီးကို လူလုံးထွက်ပြသင့်တယ် မဟုတ်လား?"

အချိန်တော်တော်ကြာသွားသည့်တိုင်
ဘယ်သူမှ ပြန်ဖြေသံထွက်မလာခဲ့ပေ။

အဘိုးအိုမာယီပင်းက မျက်မှောင်ကြုတ်ကာ သူ၏
နတ်ဘုရားစိတ်အာရုံအသိကိုထုတ်လွှတ်လိုက်သည်။

ခဏအကြာတွင် သူ၏နဖူးနှင့် မျက်ခုံးများက ပို၍ပင်
တင်းကျပ်လာခဲ့သည်။အဘယ်ကြောင့်ဆိုသော်
သူပိုင်ဆိုင်သော ခွန်အားဖြင့် နတ်ဘုရားစိတ်အာရုံအသိက
ကီလိုမီတာ ၅၀၀ ကျော် ဧရိယာကို ချက်ချင်း
လွှမ်းခြုံနိုင်သောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ ပြုမူခြင်းသည် အလွန်ကောင်းမွန်သော်ငြား
မမြင်နိုင်သောပုဂ္ဂိုလ်၏
ကြောက်မက်ဖွယ်ရာစွမ်းအားကိုသတိပြုမိပြီးနောက်
နတ်ဘုရားစိတ်အာရုံအသိကိုပြန်ရုတ်သိမ်းလိုက်သည်။

တစ်ဖန် ထိုလူက ထွက်ပေါ်လာရန်အသာထား
သူ့ကိုပင်ပြန်မဖြေသောကြောင့်အနည်းငယ်ဒေါသထွက်လာခဲ့
၏။

သို့သော်ပြား၊ သူ၏နတ်ဘုရားစိတ်အာရုံအသိက ဘယ်အရာကိုမှအာရုံခံမိခြင်းမရှိသောကြောင့် အလွန်ပဟေဠိဖြစ်နေခဲ့သည်။

ဒါ.....ဒါက....။

ရုတ်တရက်
မာယီပင်း၏နှလုံးသားကပြင်းထန်စွာတုန်လှုပ်သွားပြီး
နောက်ကျောကနေချွေးများစီးကျလာသည်။

ဖြစ်နိုင်ချေမှာ ထိုလူ၏ခွန်အားက
သူ့ထက်များစွာကျော်လွန်နေပြီး
သူ၏နတ်ဘုရားစိတ်အာရုံအသိကို
ရှောင်ထွက်သွားခြင်းကြောင့်ဖြစ်ပေလိမ့်မည်။

သို့ရာတွင် ရှေးဟောင်းဒိုမိန်းမြို့တွင်သာမက၊
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင်ပင်သူ့ထက်များစွာသာလွန်
သောခွန်အားရှိသူကို လက်ချိုးရေတွက်နိုင်သည်။

ရုတ်တရက် စကားစရန်ပြင်လိုက်စဉ်မှာပဲ သူ၏အမူအရာက
သိသိသာပြောင်းလဲသွားပြီး
မြောက်ဖက်တည့်တည့်သို့စူးစိုက်ကြည့်လိုက်ပါသည်။

ခဏအကြာတွင် သူက
အနည်းငယ်အံ့သြနေသောလေသံဖြင့်ပြောလိုက်၏။
"နတ်ဆိုးနယ်မြေရဲ့အပေါင်းအပါတွေက
ဒီတစ်ကြိမ်မှာတော်တော်လေးမြန်နေပါလား?"
အဘိုးအိုမာယီပင်းက
ခဏအကြာလေးလေးနက်နက်စဉ်းစားပြီးနောက်
လူအုပ်ကိုကြည့်ကာပြောလိုက်တော့သည်။

"မင်းတို့တွေ မသေချင်ရင် မြို့ထဲကိုမြန်မြန်ဝင်ကြ!"
စကားဆုံးသည်နှင့် သူ့ပုံရိပ်က
တဖျပ်ဖျပ်တောက်ပသွားပြီးနေရာမှာပင်ပျောက်ကွယ်သွား၏
။

ဒီလူငယ်မျိုးဆက်များအကြားတိုက်ပွဲတွင်
သူဝင်ရောက်စွက်ဖက်နိုင်စွမ်းမရှိပေ၊
အခုထုတ်ဖော်လိုက်သောသတိပေးချက်သည်ပင်စည်းမျဉ်း
များကို အနည်းငယ်ဆန့်ကျင်နေပြီဖြစ်သည်။

ရှေးဟောင်းဒိုမိန်းမြို့နှင့် ကီလိုမီတာ ၅၀၀
အကွာတွင် တောင်တန်းကြီးတစ်ခုတည်ရှိ၏၊
ထိုတောင်တန်းကြီးသည် တစ်ချိန်လုံး မြူခိုးများ၊ တိမ်များ
ထူထပ်စွာ ဖုံးအုပ်နေသည်။

အဝေးကနေ လှမ်းကြည့်လိုက်သည့်အခါ
တောင်တန်းကြီးသည် ကောင်းကင် နှင့် မြေပြင်ကို
ထောက်ကန်ထားသော
ရောမထောက်တိုင်ကြီးတစ်ခုလိုပင်ထင်ရ၏။

မှန်ပါသည်။ ထိုတောင်တန်းကြီးကား
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင်နာမည်ကျော်ကြားသော
"ကောင်းကင်မျှော်စင်တောင်တန်း"ပင်ဖြစ်ပေတော့သည်။

ကောင်းကင်မျှော်စင်တောင်တန်းသည် နတ်ဆိုးနယ်မြေ နှင့်
တောင်ပိုင်းနယ်မြေတို့ကြား ပိုင်းခြားထားသော စည်းတံဆိပ်
အတားအဆီးတစ်ခုဖြစ်သည်။

အကယ်၍ ကောင်းကင်မျှော်စင်တောင်တန်းသာရှိမနေပါက
တောင်ပိုင်းနယ်မြေတစ်ခုလုံးလူသားမျိုးနွယ်အပိုင်ဖြစ်ရန်အ
ကြောင်းမရှိပေ။

သို့သော် နတ်ဆိုးနယ်မြေမှ လူငယ်များအတွက်
စစ်မှန်သောအတားအဆီးမှာ ကောင်းကင်မျှော်စင်တောင်တန်း
မဟုတ်ပဲ၊ တောင်တန်းပေါ်တွင်
တည်ဆောက်ထားသည့်ချိတ်ပိတ်စည်းတံဆိပ်ပင်ဖြစ်သည်။

ဤကောင်းကင်မျှော်စင်တောင်တန်းပေါ်တွင်
အလွန်တရာလျှို့ဝှက်ဆန်းကြယ်ပြီး
ကြောက်မက်ဖွယ်ကောင်းသော
စည်းတံဆိပ်တစ်ခုရှိနေခဲ့ပေသည်။

စည်းတံဆိပ်သည် လူတစ်ဦးအား ပို၍ ကြီးသောဆွဲငင်အားကို
ခံနိုင်ရည်ရှိစေသော အင်အားတစ်မျိုးဖြစ်သည်။
အကယ်၍ ဆွဲငင်အားကို
တွန်းလှန်နိုင်ပါကအနာဂတ်တွင်အဆင့်မြင့်နယ်ပယ်တစ်ခုကို

ရောက်ရှိရန်အလားအလာကောင်းများကိုပိုင်ဆိုင်နိုင်ပါလိမ့်မ
ည်။

ယေဘုယျအားဖြင့်
ကောင်းကင်လွှာအဆင့်ကျွမ်းကျင်သူများသည်
ကောင်းကင်မျှော်စင်တောင်တန်းပေါ်သို့တက်ရောက်ပါက
သာမန်ဆွဲငင်အားထက် ၁၀ ဆ ပိုသောအားလှိုင်းကို
ခုခံနိုင်ရပါမည်။

သို့သော်ငြား သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများဆိုပါက ပုံမှန်
ဆွဲငင်အားထက် အဆ ၃၀ ခန့်သာလွန်သော
အင်အားကိုခုခံနိုင်ရန်လိုအပ်ပေသည်။

ထို့အပြင် လူတစ်ဦး၏ ကျင့်ကြံမှုအဆင့်ပိုမြင့်မားလေလေ
ဆွဲငင်အား အတိုင်းအတာမြင့်တက်လာလေလေဖြစ်သည်။

သို့သော်၊ နတ်ဆိုးမျိုးနွယ်မှ လူငယ်များသည်
ကောင်းကင်မျှော်စင်တောင်တန်းပေါ် ရှိ ဆွဲငင်အားကို
တွန်းလှန်ပြီး တောင်ပိုင်းနယ်မြေသို့ ရောက်ရှိလာပါက
မမျှော်မှန်းနိုင်သော
အကျိုးအမြတ်များကိုရရှိနိုင်မည်ဖြစ်သည်။

၎င်းတို့သည် ပုံမှန်ထက် အဆပေါင်းများစွာ ပို၍ပြင်းထန်သော
ဆွဲငင်အားကို ခုခံနိုင်သောကြောင့် ရုပ်ခန္ဓာခွန်အား၊
စိတ်အာရုံအသိပင်ဖြစ်စေ
အလွန်ကောင်းမွန်သောတိုးတက်မှုကိုရရှိသွားပါလိမ့်မည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၈)] နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ၊ နတ်ဘုရားသားရဲနယ်မြေ။

နတ်ဆိုးမျိုးနွယ်သည် သန်မာသူများကိုသာအလေးထားသော မျိုးနွယ်ခြားတစ်စုဖြစ်သည်။

ခွန်အားသည် နတ်မျိုးနွယ်ဝင်များအတွက် အလွန်အရေးကြီးသည်ဟုသတ်မှတ်ထားသောအရာဖြစ်သည်။

သူတို့က မူလထက် ပိုပြီးသန့်မာလာသရွေ့
ဘဝတစ်လျှောက်လုံး အရာအားလုံးကိုကျော်ဖြတ်ပြီး
အထွတ်အထိပ်သို့တက်လှမ်းနိုင်မည်ဟုယုံကြည်ထားကြလေသည်။

ထို့ကြောင့် နတ်ဆိုးမျိုးနွယ်၏ မရေမတွက်နိုင်သော
လူငယ်များသည် ကောင်းကင်မျှော်စင်တောင်တန်းကို
ဖြတ်ကျော်ရန် နှင့် ပုန်းကွယ်နေသောနဂါးစေတီရှိ
ကံကြမ္မာစွမ်းအားကို ရယူရန်အတွက်ကြိုးစားကြခြင်းပင်။
သို့သော်၊ ဝမ်းနည်းဖွယ်ကောင်းသည်မှာ
နတ်ဆိုးမျိုးနွယ်၏လူငယ်အနည်းစုကသာ
ကောင်းကင်မျှော်စင်တောင်တန်းကို ဖြတ်ကျော်နိုင်ခဲ့သည်။

ဤအခိုက်အတန့်တွင် အရပ်ရှည်ရှည်နှင့်
ခန္ဓာကိုယ်ထွားကြိုင်းသော လူငယ်ရာပေါင်းများစွာသည်

ကောင်းကင်မျှော်စင်တောင်တန်း၏ တောင်စောင်းမှ တောင်ထိပ်ဆီသို့ တစ်လှမ်းချင်း လျှောက်လာနေကြသည်။ ထိုလူငယ်များ၏ အသွင်အပြင်သည် လူသားများနှင့် အလွန်ဆင်တူသည်။ ကွာခြားချက်မှာ သူတို့၏ခန္ဓာကိုယ်က လူသားများထက် သိသိသာသာ ပိုမိုထွားကြိုင်းနေပြီးခေါင်းမှချိုတစ်စုံစီပါရှိနေခြင်းဖြစ်သည်။ ထိုဦးချိုတစ်စုံကြောင့်သာ မဟုတ်ပါက ၎င်းတို့ကို လူသားမျိုးနွယ်ဟု အထင်မှားလောက်ပေမည်။

အထူးသဖြင့် လက်ရှိလူငယ်အုပ်စုရှေ့တွင် ထူးထူးခြားခြားပေါ်လွင်နေသောလူငယ်တစ်ယောက်ရှိနေပါသည်။

လူငယ်၏အသွင်အပြင်ကအလွန်ထူးခြားနေရခြင်းမှာ,

အခြားလူငယ်အားလုံး၏ ခေါင်းများတွင် ဦးချိုများက အနက်ရောင်ဖြစ်သော်ငြား သူက ခရမ်းရောင်ဦးချိုတစ်စုံကိုပိုင်ဆိုင်ထားသည်။ ထို့အပြင် သူ့နောက်မှ လူငယ်များသည် ရံဖန်ရံခါ လူငယ်လေးကို စိုက်ကြည့်နေပြီး သူတို့၏ အကြည့်များအားလုံးတွင် အလွန်အမင်းလေးစားမှုအပြည့်နှင့် ပြည့်နေပါသည်။

ထိုအချိန်တွင် လူငယ်တစ်ဦးသည် ခရမ်းရောင်ဦးချိုနှင့်လူငယ်၏ နံဘေးသို့ လျှောက်လာကာ "အစ်ကို မိုခေး၊ ခဏနေပါဦး! ငါတို့အတွက် ဆွဲငင်အားကို မတားဆီးနဲ့။"

"ဟုတ်တယ် အစ်ကိုကြီး မိုခေး။ ငါတို့ ခံစားနေရတဲ့ ဆွဲငင်အားကို လျော့ပါးအောင် ကူညီခဲ့ရင်

ကောင်းကင်မျှော်စင်တောင်တန်းကိုဖြတ်ကျော်နိုင်မှာမဟုတ်ဘူး။

ငါတို့ကို မေ့လိုက်တော့၊ မဟုတ်ရင် မင်းကို ငါတို့နဲ့အတူဆွဲချလိုက်တဲ့အတွက် နတ်ဆိုးမျိုးနွယ်တစ်ခုလုံးရဲ့အပြစ်သားတွေဖြစ်သွားလိမ့်မယ်!”

“ငါတို့ကို မေ့ထားလိုက်ပါ။ အစ်ကိုကြီး ဆက်လုပ်ပါ...."

မိုခေး ဟုခေါ်သော လူငယ်က ခြေလှမ်းများကို ခဏတာရပ်လိုက်ပြီး သူ့နောက်ကိုလှည့်ကြည့်လိုက်၏။

သူသည် နီရဲနေသော မျက်လုံးအစုံများကို စိုက်ကြည့်ရင်းအသက်ပြင်းပြင်းရှူကာ “ဒီတစ်ခါ ငါတို့နဲ့အတူကောင်းကင်မျှော်စင်တောင်တန်းကို ဖြတ်ကျော်ဖို့ဘယ်နှစ်ယောက်ပါလာတာလဲ?”

ထိုစကားကိုကြားသောအခါ လူတိုင်း၏ အမူအရာက
ချက်ချင်း မှိန်ဖျော့သွားသည်။

တစ်စုံတစ်ယောက်က မိုခေး၏စကားကို ပြန် မဖြေခင်
အချိန်တော်တော်ကြာ နှုတ်ဆိတ်နေခဲ့သည်။
“ငါတို့နဲ့အတူပါလာတာ ညီအစ်ကို ၁၃၀၀ လောက်ရှိတယ်!”

"အခုကော ဘယ်လောက်ရှိသေးလဲ?" မိုခေးက
နောက်တစ်ကြိမ်ထပ်မေးလိုက်၏။

အားလုံးက ခေါင်းငုံ့ပြီး ငြိမ်သက်သွားကြသည်။

"အခု ၄၃၂ ယောက်ပဲရှိတော့တယ်။" မိုခေး ၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားကာ “ငါနဲ့အတူ
နတ်ဆိုးမျိုးနွယ်ထဲက အထက်တန်းလွှာ ၁,၃၀၀ လောက်

ပါလာပေမယ့် ပုန်းကွယ်နေသောနဂါးစေတီကို
မရောက်သေးခင်မှာ ၄၃၂ ယောက်ပဲ ကျန်တော့တယ်။

တကယ်လို့ မင်းတို့အားလုံး
ကောင်းကင်မျှော်စင်တောင်တန်းမှာ သေဆုံးသွားရင် ငါမိုခေး
ပုန်းကွယ်နေသောနဂါးစေတီမှာ အဆင့် ၁ နေရာနဲ့
ကံကြမ္မာစွမ်းအားကို မျိုးနွယ်စုအတွက်ရယူနိုင်ရင်တောင်
လုံးဝအဓိပ္ပါယ်မဲ့သွားလိမ့်မယ်။

အားလုံး ဒီအထိရောက်လာနိုင်တာက

မင်းတို့မှာ
ကောင်းမွန်တဲ့အနာဂတ်အလားအလာတွေပိုင်ဆိုင်ထားတယ်
ဆိုတာလုံလောက်တဲ့သက်သေတွေပဲ။

ဒါ့အပြင် မင်းတို့အားလုံး အသက်ရှင်နေသရွေ့
ငါတို့နတ်ဆိုးမျိုးနွယ်ကနေ မရေမတွက်နိုင်တဲ့ ပညာရှင်တွေ
ထွက်ပေါ်လာလိမ့်မယ်။

ဒါပေမယ့် အားလုံး သေသွားရင်တော့
ငါတို့ရဲ့နတ်ဆိုးမျိုးနွယ်က
အနာဂတ်မျိုးဆက်တွေမွေးထုတ်ပေးတဲ့နေရာမှာ
အတော်လေးအားနည်းသွားနိုင်တယ်။
အဲ့ဒီအချိန်ရောက်ရင် နတ်ဆိုးမျိုးနွယ်တစ်ခုလုံး
ကပ်ဘေးတစ်ခုကျရောက်လာမှာအသေအချာပဲ။”

"ဒါတွေအားလုံးကို ငါတို့နားလည်တယ်!" မိုခေး၏ဘေးနားရှိ
လူငယ်က “ဒါပေမယ့် ကောင်းကင်မျှော်စင်တောင်တန်းက
တကယ့်ကို ကြောက်စရာကောင်းလွန်းတယ်။ အခုငါတို့
ခုခံရမဲ့ ဆွဲငင်အားက သာမန်အင်အားထက် ၄၆
ဆလောက်ဖြစ်နေပြီ။ တကယ်လို့အစ်ကိုမိုခေးသာ
ငါတို့အတွက်ဆွဲငင်အားကိုခေါင်းထိုးခံမပေးခဲ့ရင်
ဒီအချိန်မှာငါတို့အားလုံးခုခံနိုင်မှာမဟုတ်တော့ဘူး။

ဒါပေမယ့် ငါတို့က အခုမှ ကောင်းကင်မျှော်စင်တောင်တန်းရဲ့ တောင်စောင်းကို ရောက်ရုံပဲရှိသေးတယ်....”

မိုခေးသည် အသက်ပြင်းပြင်းရှူရင်း ရုတ်တရက် တောင်တန်းကြီးကို ငေးကြည့်နေလိုက်၏။

သူသည် ကောင်းကင်သို့ထိုးဖောက်လုမတတ်မြင့်မားလှသော ကောင်းကင်မျှော်စင်တောင်တန်းကြီးကို စိုက်ကြည့်ရင်း မျက်လုံးထဲတွင် ကြီးကျယ်ခမ်းနားသော အမှုအရာများထွက်ပေါ်လာခဲ့သည်။

ရုတ်တရက် သူ၏ လက်ကိုဆန့်ကာ ကောင်းကင်မျှော်စင်တောင်ထိပ်ဆီသို့ လက်ညှိုးထိုးရင်း ဒေါသတကြီးအော်ဟစ်လိုက်သည်။ "ဘာလို့လဲ? ဘာကြောင့်လဲ? ငါ့ရဲ့နတ်ဆိုးမျိုးနွယ်က ဘာကြောင့် ဒီလိုဆိုးရွားတဲ့ ပတ်ဝန်းကျင်မှာနေရတာလဲ?

ငါတို့နတ်ဆိုးမျိုးနွယ်ကို ဘာကြောင့် လူသားကမ္ဘာထဲကို
ခြေချခွင့်မပြုရတာလဲ?"

မိုခေး၏ဒေါသတကြီးအော်သံကြောင့်
သူ့နောက်ကွယ်မှလူငယ်အားလုံးတိတ်ဆိတ်သွားကြသည်။
မိုခေး၏
ဒေါသတကြီးမေးခွန်းကိုသူတို့လည်းကောင်းစွာနားလည်ထား
ကြသည်မဟုတ်ပါလား။
၎င်းသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာတည်းက
ကောင်းကင်မျှော်စင်တောင်တတန်းပေါ် ရှိ စည်းတံဆိပ်ကို
ဖန်တီးခဲ့သော ဒေသကြီး၏အုပ်ချုပ်သူကိုပါ။

နတ်ဆိုးနယ်မြေသည် တစ်နှစ်ပတ်လုံး နှင်းများနှင့်
ရေခဲများဖုံးလွှမ်းနေပြီး
အလွန်ဆိုးရွားသောပတ်ဝန်းကျင်အနေအထားဖြစ်သည်။

ထို့အတွက်ကြောင့် နတ်ဆိုးမျိုးနွယ်ဝင်အများစုသည် နယ်မြေတွင်အသက်ရှင်အောင်အသည်းအသန်ကြိုးစားရုန်းကန်နေရသည်။

ယေဘုယျအားဖြင့် နတ်ဆိုးနယ်မြေရှိ မွေးကင်းစ ကလေးငယ် ၁၀ ဦးတွင် ကြီးပြင်းရန် မဖြစ်နိုင်သော ကလေးငယ် အနည်းဆုံး ၄ ဦးခန့်ရှိသည်ဟု ဆိုနိုင်သည်။ လက်တွေ့အားဖြင့် ကျန်ကလေးငယ် ၄ ယောက်က အမျိုးမျိုးသောဒုက္ခကပ်ဘေးများကြောင့် သေဆုံးသွားကြ၏။

ဤအချက်ကြောင့်ပင် နတ်ဆိုးနယ်မြေရှိ လူငယ်မျိုးဆက်တိုင်းက သိုင်းပညာလမ်းစဉ်ကို အလွန်အမင်း စိတ်အားထက်သန်စွာလျှောက်လှမ်းခဲ့ကြသည်။

အမှန်ပင်၊ သူတို့တွင်
အရာအားလုံးကိုလွှမ်းမိုးချုပ်ကိုင်နိုင်သော ခွန်အားရှိနေပါက
ဆင်းရဲဒုက္ခမျိုးစုံကို အသည်းအသန်ရင်ဆိုင်နေစရာမလိုပေ။
ထိုကဲ့သို့ အခြေအနေများကြောင့် နတ်ဆိုးနယ်မြေ၏
လူငယ်မျိုးဆက်များက ခွန်အား
သန်မာလာစေရန် တတ်နိုင်သမျှ နည်းလမ်းမျိုးစုံဖြင့်
ကျင့်ကြံခဲ့ကြသည်။

လူသားမျိုးနွယ်သည် အမျိုးမျိုးသော စိတ်ဆန္ဒများနှင့်
အကြောင်းအရင်းများကြောင့်
အဆင့်မြင့်ပညာရှင်များဖြစ်ချင်သည်။
တစ်ဖက်တွင် နတ်ဆိုးမျိုးနွယ်သည် မျိုးနွယ်ဝင်များ၏
အသက်ရှင်သန်ရေးအတွက်သာ
အဆင့်မြင့်ပညာရှင်များဖြစ်လိုကြသည်။

ထိုအချက်မှာ နတ်ဆိုးမျိုးနွယ်၏ စွမ်းအားက
လူသားမျိုးနွယ်ထက် များစွာ သာလွန်သွားရသည့်
အကြောင်းရင်းပင်။

သို့တိုင်အောင် နတ်ဆိုးမျိုးနွယ်သည်
ကောင်းကင်မျှော်စင်တောင်တန်း၏ စည်းတံဆိပ်ကို
ချိုးဖျက်ရန် လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ကတည်းက
ထိုကဲ့သို့ ပညာရှင်ကို
မွေးထုတ်နိုင်ခဲ့ခြင်းမရှိသေးပေ။

ကောင်းကင်မျှော်စင်တောင်တန်း၏ ဆွဲငင်အားသည်
ပိုမိုအားကောင်းလာပြီး၊

နတ်ဆိုးမျိုးနွယ်မှ လူငယ်များ ပိုင်ဆိုင်ထားသော
ကြောက်မက်ဖွယ်ရာ ရုပ်ခန္ဓာခွန်အားဖြင့်ပင်
ခုခံနိုင်စွမ်းမရှိသော အတိုင်းအတာအထိ
ပြင်းထန်လာခဲ့ပါသည်။

ခဏတာတိတ်ဆိတ်သွားပြီးနောက် မိုခေးသည် အသက်ပြင်းပြင်းရှူကာ ကောင်းကင်ဆီသို့ လက်ညိုးထိုးလိုက်သည်။ “ငါ မိုခေး၊ ကောင်းကင်မျှော်စင်တောင်တန်းကို ဒီကမ္ဘာကနေ အပြီးတိုင်ဖယ်ရှားပစ်မယ်လို့ ငါ့ရဲ့နတ်ဘုရားစိတ်ဝိညာဉ်ကိုတိုင်တည်ပြီးကျိန်ဆိုတယ်။ သိပ်မကြာတော့တဲ့အချိန်မှာ ငါ့ရဲ့နတ်ဆိုးမျိုးနွယ်ကို နတ်ဆိုးနယ်မြေရဲ့အခက်အခဲတွေအားလုံး ခုခံနိုင်စွမ်းရှိအောင် ကြိုးစားပြမယ်။”

သူပြောပြီးသည်နှင့် မိုခေးက သူ့နောက်မှ လူငယ်များကို လှည့်ကြည့်ကာ “လူသားကမ္ဘာက ငါတို့မျက်စိရှေ့မှာ ရှိနေပြီလေ။ငါတို့က ဒီတောင်တန်းကို ကျော်တက်နိုင်ရင် လူသားတွေရဲ့အသွေးအသားကို မြည်းစမ်းနိုင်လိမ့်မယ်။ မင်းတို့အားလုံးက ဘာမှမလုပ်ဘဲ လက်နှစ်ချောင်းတည်းနဲ့ နှစ်

၁၀,၀၀၀ သက်တမ်းရှိတဲ့ ရန်ပြိုးကို
လက်စားချေချင်ကြမှာလား?"

"ဟုတ်တယ်! ငါတို့က လူသားတွေရဲ့သွေးကိုသောက်မယ်။
ပြီးရင်သူတို့ရဲ့အသားကိုတစ်စစီကိုက်ဖဲ့စားသောက်ပစ်မယ်ယ
”

"မှန်တယ်.... လူသားတွေရဲ့အသားကိုကိုက်ဖဲ့ပြီးစားပစ်မယ်!"

“လာ၊ အကိုကြီးမိုခေး နောက်ကိုလိုက်ရအောင်။
ငါတို့သေရင်တောင် လူသားတွေရဲ့အသားကို စားနိုင်ရမယ်။”

အချိန်က ၆ နာရီ နီးပါးပင်ကုန်လွန်သွားပါပြီ။

ဒိုင်း!

မိုခေး၏ ခြေထောက်များသည် မြေပြင်ပေါ်သို့ လျင်မြန်စွာ ကျဆင်းသွားကာ သူ့ခြေထောက်အောက်ရှိ မြေပြင်သည် ချက်ချင်းပင် ပြင်းထန်စွာ တုန်ခါလာတော့သည်။

တစ်ချိန်တည်းပင် မရေမတွက်နိုင်အောင် ထူထဲသော အက်ကွဲကြောင်းများက မြေပြင် ပတ်ပတ်လည်ကို အရှိန်ပြင်းပြင်းနှင့် ပြန့်နှံ့သွား၏။

အသက်ရှူနှစ်ရှိုက်စာအတွင်းမှာပင် မိုခေး နှင့်အနီးပတ်ဝန်းကျင် ၃ ကီလိုမီတာကျော်မြေပြင်က ပင့်ကူမျှင်ကဲ့သို့ အက်ကွဲသွားခဲ့ပါသည်။

ဤအချိန်တွင် ကျယ်လောင်သောပေါက်ကွဲသံများနှင့်အတူ မိုခေး၏နောက်ကွယ်၌ လူ ၂၀၀ ထက်မနည်း ထွက်ပေါ်လာကြသည်။

အဝေးမှ ရှေးဟောင်းဒိုမိန်းမြို့၏ တည်နေရာကို လှမ်းမျှော်ကြည့်လိုက်ရင်း မိုခေး၏မျက်နှာထက်တွင် ထူးဆန်းသောအပြုံးတစ်ခု ပေါ်လာခဲ့သည်။

"လူသားကမ္ဘာ...., ရှေးဟောင်းဒိုမိန်းမြို့! ငါ မိုခေး ရောက်လာပြီ!"

စကားဆုံးသည်နှင့် သူက နတ်ဆိုးမျိုးနွယ်၏ လူငယ်များကို ဦးဆောင်ကာ ရှေးဟောင်းဒိုမိန်းမြို့ဆီသို့ တဟုန်ထိုး ပျံသန်းသွားလေတော့သည်။

တစ်ချိန်တည်းမှာပင်၊ အရှေ့ဘက်မှ ကီလိုမီတာ ၁၀၀၀ ကျော်အကွာရှိ လွင်ပြင်တစ်ခုတွင် အနက်ရောင်လေဝဲတစ်ခု ထွက်ပေါ်လာခဲ့သည်။ လွင်ပြင်အထက်တွင် ဤအနက်ရောင်ရေဝဲများ ပေါ်လာသောအခါ ကောင်းကင်သည် ရုတ်တရက် မှိန်မှိန်သွားပြီး

တစ်ချိန်တည်းတွင် အနက်ရောင်ရေဝဲပတ်လည်ရှိ
မြေပြင်ကျယ်ကြီးသည် မြုံသောမြေအဖြစ်သို့
ပြောင်းလဲသွားသည်…။

ပတ်ဝန်းကျင်သည် ခဏတာတိတ်ဆိတ်သွား၏။

ထို့နောက် လေဟာနယ်ဝဲကတော့အတွင်းကနေ
အနက်ရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည့်
မရေမတွက်နိုင်သော အနက်ရောင်အရိပ်များ
ထွက်ပေါ်လာကြသည်။

အနက်ရောင်အရိပ်များသည် လေထဲတွင်
လွင့်မျောနေကာ မြေပြင်ပေါ်တွင်
အရိပ်များကျန်မနေသောကြောင့် အလွန်ထူးဆန်းနေပေသည်။

ထိုအချိန်တွင် လက်ထဲ၌

အနက်ရောင်သံကြိုးများကိုင်ဆောင်ထားသည့်

အနက်ရောင်အရိပ်တစ်ခုက လောဘကြီးစွာ

အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး၊

“လူသားဝိညာဉ်တွေအများကြီးရှိနေတယ်ဆိုတာ

ငါရှူရှိုက်မိတယ်။

ဟီးဟီး.... လူသားဝိညာဉ်တွေရဲ့အနံ့ကို ငါဘယ်လိုများ

တောင့်ခံနိုင်တော့မှာလဲ....?"

ထိုအနက်ရောင်အရိပ်၏စကားဆုံးသည်နှင့်ရာနှင့်ချီသောအန က်ရောင်အရိပ်များက ရှေးဟောင်းဒိုမိန်းမြို့သို့ လျင်မြန်စွာ ပျံသန်းသွားလေသည်။

အဘိုးမိုမာယီပင်းက

ရှေးဟောင်းဒိုမိန်းမြို့အပြင်ကနေပျောက်ကွယ်သွားပြီးနောက် လူအုပ်ကြီးက အလွန် ပဟေဠိဖြစ်သွားကြသည်။

ထိုအချိန်မှာပဲ ကြောက်မက်ဖွယ်ကောင်းသော ဖိအားတစ်ခု ရုတ်တရက်ပေါ်လာပြီး ထိုဖိအားက မရေတွက်နိုင်သော လူငယ်ကျွမ်းကျင်သူများကို မြေပြင်ပေါ်သို့ ချက်ချင်းလဲကျသွားစေသည်။

လူတိုင်း အလွန်အံ့သြတုန်လှုပ်သွားကြ၏။

ဤအခိုက်အတန့်တွင် ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်ရေိယာ၏ အထက် ကောင်းကင်ယံ၌ ၃ ကီလိုမီတာ ရှည်လျားသော ရောမအစိမ်းရောင်နဂါးကြီး ၁၀ ကောင်ကျော် ထွက်ပေါ်လာခဲ့သည်။

ရောမနဂါးစိမ်း ၁၀ ကောင်ကျော်က လေထဲတွင်လျင်မြန်စွာပျံသန်းနေကာ

တဟုန်ထိုးဖြာထွက်နေသော နဂါးချီဖိအားက မြေပြင်ရှိလူအုပ်ကို အလွန်ထိတ်လန့်သွားစေခဲ့၏။

"ဒါက နတ်ဆိုးနယ်မြေရဲ့နတ်ဘုရားသားရဲလေးပါးထဲက တစ်ပါးဖြစ်တဲ့ နဂါးစိမ်းကလန် ပဲ!" ရှီလော့က ကောင်းကင်ထက်တွင်ပျံဝဲနေသော ရောမနဂါးစိမ်းများကိုမြင်သောအခါ လေးနက်သောအမူအရာဖြင့် ရေရွတ်လိုက်ပါတော့သည်။

"သူတို့က တအား မောက်မာလွန်းတယ်!" ရှီလော့၏ဘေးတွင်ရပ်နေသော လီချင်းရှူက ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် နတ်ဆိုးအလင်းစက်လုံးက သူ့ရှေ့တွင်ထွက်ပေါ်လာပြီး အဆက်မပြတ်လှည့်ပတ်နေခဲ့၏။

နန်းဂွန်မန်က ခေါင်းခါလိုက်သည်။ "မြို့ထဲကို အရင်ပြန်ဆုတ်ကြရအောင်။ ဒီနေရာကို နတ်ဆိုးနယ်မြေနဲ့ တခြားနယ်မြေက လူငယ်မျိုးဆက် အပေါင်းအပါတွေလည်း ရောက်လာကြပြီ။"

လီချင်းရှု နှင့် ရှီလော့တို့နှစ်ဦးလုံး ချက်ချင်းမျက်မှောင်ကြုတ်သွားကြသည်။

အကယ်၍ နတ်ဆိုးနယ်မြေမှ နဂါးစိမ်းများသာရှိနေပါက သူတို့သုံးယောက်၏ပူးပေါင်းတိုက်ခိုက်မှုကြောင့် လုံး၀ နောက်ဆုတ်ရန် မလိုအပ်ပါ။

သို့သော်ငြား၊ နတ်ဆိုးနယ်မြေ၏ နတ်ဆိုးမျိုးနွယ်စုနှင့် ငရဲတစ္ဆေမျိုးနွယ်စုသာထပ်မံပါ၀င်လာပါက အခြေအနေသိပ်မကောင်းနိုင်ပေ။

ထိုအခါ
သူတို့သုံးယောက်စလုံးနောက်ဆုတ်ရှောင်တိမ်းရန်သာတတ်နို
င်သည်။

တစ်ဖက်တွင် လူသားမျိုးနွယ်ဝင်များမရှိပါကထို
နတ်ဆိုးနယ်မြေ၏ မျိုးနွယ်စုသုံးခုစလုံး
အချင်းချင်း တိုက်ခိုက်ကြပါလိမ့်မည်။

သို့သော် လူသားကျွမ်းကျင်သူများရှိနေပါက သူတို့ဟာ
လူသားမျိုးနွယ်ကို ရှင်းပစ်နိုင်ရန့်အရင်ဦးဆုံး
ပူးပေါင်းသွားလိမ့်မည်ဖြစ်သည်။
ထိုအချိန်ရောက်ပါက သေချာပေါက် အကူအညီမဲ့မှုကို
ကြုံတွေ့ရနိုင်ပေသည်။

လူသားမျိုးနွယ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ အတွင်း မျိုးနွယ်ခြားများကို အရေအတွက်အသာဖြင့် အနိုင်ယူဖိနှိပ်ခဲ့သော ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး၏ မျိုးနွယ်စုများကြားတွင် ကျော်ကြားခဲ့သည်။

ပတ်ဝန်းကျင်မှ မရင်းနှီးသော အသွင်အပြင်မျိုးစုံ၊ ဖိအားများ ချဉ်းကပ်လာသည်ကို ခံစားမိသောအခါ၊ လီချင်းရှူ နှင့် ရှီလော့နှစ်ဦးလုံးက ခဏတာတုံ့ဆိုင်းသွားကြသည်။

ထိနောက် ရှီလော့သည် နောက်လှည့်ကာ လူအုပ်ကြီးကိုစိုက်ကြည့်ရင်း အသံတိုးတိုးဖြင့် အော်လိုက်၏။ “မင်းတို့တွေ မသေချင်ရင် မြို့ထဲကို မြန်မြန်ဝင်ကြ။ မြန်မြန်ပြေး!"

စကားဆုံးသည်နှင့် ရှီလော့က ကောင်းကင်သို့ ခုန်တက်သွား၏။

တစ်ဆက်တည်း သူ့လက်ဝါးကို ဆတ်ခနဲလှန်လိုက်ရင်း အရောင်တလက်လက်ထနေသော ပုဆိန်တစ်လက်ကို ထုတ်ယူလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၀၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၀၉)] ပြန်လည်ပေါင်းစပ်ခြင်း

လက်ထဲတွင် ပုဆိန်ကို တင်းတင်းကျပ်ဆုပ်ကိုင်ထားရင်း
ရှီလော့၏မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်သော
အမူအရာတစ်ခု တောက်ပလာသည်။

တစ်ချိန်တည်းမှာပဲ
သူ့လက်ထဲမှဓားကိုအဆက်မပြတ်ဝှေ့ယမ်းကာ
ပျံဝဲနေသောနဂါးစိမ်းများဆီသို့ လျင်မြန်စွာ
ခုတ်ပိုင်းချလိုက်သည်။

ထို့နောက် မျက်စိဖြင့်မမြင်နိုင်သော လှိုင်းလုံးကြီးတစ်ခု
ချက်ခြင်းထွက်ပေါ်လာပြီးနောက်

ကောင်းကင်ယံတွင် လွှမ်းခြုံထားသည့် နဂါးဖိအားက
ချက်ချင်းပင် ပျောက်ကွယ်သွား၏။

ဤအတောအတွင်း၊ ပတ်ဝန်းကျင်ရှိ လူတိုင်းထိတ်လန့်မှုကနေ
သတိပြန်ဝင်လာကာရှေးဟောင်းဒိုမိန်းမြို့ထဲသို့
တဟုန်ထိုးပြေးဝင်သွားကြသည်။

အချိန် ၁၅ မိနစ်ခန့်ကြာပြီးနောက် ရှေးဟောင်းဒိုမိန်းမြို့
အပြင်ဖက်တွင် လူ ၁၅ ဦးသာ ကျန်ရှိနေတော့သည်။

"ပုရွက်ဆိတ်ကောင်!" ရှီလော့က နဂါးဖိအားကို
ဓားတစ်ချက်တည်းဖြင့်ချေဖျက်ပစ်လိုက်သည့်အခါ
ကောင်းကင်ထက်တွင်ပျံဝဲနေသော ရောမနဂါးစိမ်းကြီးက
ချက်ချင်းပင်ဒေါသတကြီး ဟိန်းဟောက်လိုက်သည်။

ထို့နောက် ရောမနဂါးစိမ်းအမြီးကြီးက ရှီလော့ထံသို့
တရကြမ်းရိုက်ချလာခဲ့၏။

"လာစမ်းပါ!" ဟားဟား!
နဂါးတစ်ကောင်ကိုသတ်ချင်နေတာကြာပြီ!" ရှီလော့က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

သူက လေထဲတွင်ရပ်နေရင်း ခန္ဓာကိုယ်ကိုတစ်ပါတ်လှည့်ကာ ရုတ်တရက် သူ့လက်ထဲမှပုဆိန်ကို အောက်သို့ ထောင်းချလိုက်လေသည်။ "မြေကမ္ဘာပြိုကွဲခြင်း ပုဆိန်ခုတ်ချက်!"

ရှီလော့ထံမှ
ကျယ်လောင်သောကြိုးဝါးသံပဲ့တင်ထပ်လာပြီးနောက် မီတာ ၃၀ ကျော် ရှည်လျားသော အလင်းတန်းတစ်ခုက ရောနဂါးစိမ်းအမြီးကြီးကို ဦးတည်ပျံသန်းသွားခဲ့ပါသည်။

အဆိုပါ အလင်းတန်း ဖြတ်သွားရာလေဟာနယ်တစ်လျှောက် အာကာသပြင်သည် တဆတ်ဆတ်တုန်ခါနေကာ ကွဲအက်လုနီးပါးပင်ဖြစ်နေခဲ့၏။

ရှီလော့ ထုတ်ဖော်လိုက်သော မြေကမ္ဘာပုဆိန်ခုတ်ချက်က အလွန်ကြောက်မက်ဖွယ်ရာအတိပင်။

ဘန်း!

မီတာ ၃၀ ကျော်ရှည်လျားသော ပုဆိန်အလင်းတန်းက ရောမနဂါးစိမ်းအမြီးပေါ်တိုက်ရိုက်ပိုင်းချသွား၏။

တစ်ချိန်တည်းမှာပဲ ကမ္ဘာတုန်စေသောပေါက်ကွဲသံက ပဲ့တင်ထပ်လာပြီး တိုက်ခိုက်ရာကနေ အလွန်ကြောက်မက်ဖွယ်ရာချီလှိုင်းလုံးကြီးများ ဖြာထွက်လာလေသည်။

ရှီလော့သည် သူ့လက်ထဲမှပုဆိန်ကို အသာအယာ
လွှဲယမ်းလိုက်ကာ သူ့ထံ တိုးဝင်လာသော စွမ်းအင်လှိုင်းလုံးက
ချက်ချင်းပင် ပြန့်ကျဲသွားသည်။

သူက နောက်ထပ်တိုက်ခိုက်ရန် ပြင်လိုက်စဉ်မှာပဲ နန်းဂွန်မန်၏
စိုးရိမ်တကြီးအသံထွက်ပေါ်လာသည်ကို
ကြားလိုက်ရပါသည်။

"ရှီလော့! သွားရအောင်။ ဒီကို နတ်ဆိုးနယ်မြေနဲ့
တခြားနယ်မြေက အုပ်စုတွေရောက်လာနေပြီ!"

နန်းဂွန်မန်၏သတိပေးစကားသံကြောင့် ရှီလော့က ချက်ချင်း
မျက်မှောင်ကြုတ်ပြီး မြေပြင်ပေါ် ခုန်မဆင်းခင် ခဏလောက်
တုံ့ဆိုင်းသွားပါသည်။

တစ်ချိန်တည်းမှာပင် သူသည် တစ်ခုခုကို တွေးနေပုံရပြီး ယန်ယဲ့နှင့် ရုပ်တုတစ်ခုလိုထင်ရသည့် ခရမ်းရောင်မင့်ခ်ကလေးဆီသို့ စူးစိုက်ကြည့်လိုက်၏။ “အဲဒါဆို သူတို့က.....?”

ရှီလော့၏ ညွှန်ပြရာကြောင့် ခဏတာလေးလေးနက်နက် စဉ်းစားရင်း နန်းဂွန်မန်၏ မျက်ခုံးအစုံက အနည်းငယ် လျော့ရဲသွားသည်။ ထို့နောက် သူမက မတတ်သာစွာ ခေါင်းခါလိုက်၏။ “ငါတို့မှာ အချိန်မရှိဘူး၊ သွားရအောင်!" စကားဆုံးသည်နှင့် နန်းဂွန်မန် နှင့် လီချင်းရှုတို့၏ခန္ဓာကိုယ်ကဖျပ်ဖျပ်တောက်ပသွား ရှေးဟောင်းဒိုမိန်းမြို့ထဲသို့ ပျံသန်းသွားလေတော့သည်။

ရှီလော့သည် ယန်ယဲ့ နှင့် ခရမ်းရောင်မင့်ခ်ကလေးကို စိုက်ကြည့်ကာ သက်ပြင်းမချမီ အချိန်အနည်းငယ်ကြာ

ငြိမ်သက်သွား၏။ထို့နောက် သူသည်လည်း
နေရာကနေဖျတ်ခနဲပျောက်ကွယ်သွားတော့သည်။

ဒီအချိန်တွင် ရှေးဟောင်းဒိုမိန်းမြို့၏ အပြင်ဖက်၌ ယန်ယဲ့ နှင့်
ခရမ်းရောင်မင့်ခ်ကလေးသာ ကျန်ရစ်ခဲ့သည်။

အခုအချိန်တွင် ယန်ယဲ့သည် သေဆုံးခြင်းမရှိသေးဘဲ၊
ကံကောင်းထောက်မစွာဖြင့် အသက်ရှင်နေဆဲပါ။

သို့သော် သူ၏အသိစိတ်အာရုံသည် လုံးလုံးလျားလျား
အိပ်စက်သွားခဲ့ပြီဖြစ်သည်။

ခရမ်းရောင်မင့်ခ်ကလေးကမူ ယန်ယဲ့၏
လည်ပင်းကိုဖက်တွယ်ထားရင်းအိပ်စက်နေခဲ့ပေသည်။
သူမလေးက အစောပိုင်းတိုက်ခိုက်မှုများကြောင့်
အလွန်အမင်းမောပန်းသွားပုံရသည်။

အကယ်၍ ယန်ယဲ့သည် သတိရှိနေသေးပါက သူ၏ မူလဒန်တျန်ထဲရှိ အမှောင်မှော်သားရဲစစ်တပ်က ထူးဆန်းစွာပြောင်းလဲနေကြောင်းသတိထားမိပေလိမ့်မည်။

အရေးကြီးဆုံးအချက်က သူ၏မူလဒန်တျန်ထဲရှိ ဆန်းကြယ်ရွှေချီကန်အထက်တွင် ရွှေရောင်ကလေးမလေးတစ်ယောက်က လွင့်မျောနေခြင်းပါ။

မိန်းမငယ်လေးသည် အလွန်ချစ်စရာကောင်းသည် သို့မဟုတ် အလွန်လှပသည်ဟု ဆိုရပေမည်။ သူမက အလွန်ချောမောလှပပြီး အပြစ်ကင်းစင်သော မျက်နှာလေးကို ပိုင်ဆိုင်ထားသည်။

ဒီအချိန်တွင် သူမသည် အနည်းငယ် ငယ်ရွယ်နေသေးသော်ငြား ကြီးပြင်းလာသည်နှင့် အမျ

အင်ပါယာကြီးတစ်ခုလုံးပင်ပျက်စီးစေနိုင်သော
အလှတရားကိုပိုင်ဆိုင်ထားသူဖြစ်လာပါလိမ့်မည်။

ထူးခြားဆုံးမှာ သူမက
အဖြူရောင်တော်ဝင်ဝတ်ရုံကိုဝတ်ဆင်ထားပြီး
အဆိုပါဝတ်ရုံရှည်ပေါ်တွင် ထူးဆန်းပြီး
လျှို့ဝှက်ဆန်းကြယ်သော သင်္ကေတ များစွာဖြင့်
ရေးဆွဲထား၏။

မှော်သင်္ကေတများသည် အသက်ရှင်နေသယောင် ထင်ရပြီး
ဖြည်းဖြည်းချင်းစီရွေ့လျားနေပါသည်။

ထို့အပြင် မိန်းမငယ်လေး၏ လည်ပင်း၌ လက်မအရွယ်ခန့်
ရွှေအိုရောင်ပုလဲလုံးတစ်လုံးကိုဆွဲထားကာ
အရောင်တဖျပ်ဖျပ်တောက်ပနေပေသည်။

ဤအချိန်တွင် မိန်းမငယ်လေးက
သေးသွယ်သောလက်နှစ်ဖက်ကိုခါးထောက်ထားပြီး
သူမ၏မျက်နှာပေါ်တွင် ဒေါသမီးတောက်များတဟုန်းဟုန်း
တောက်လောင်နေပုံရသည်။

တစ်ချိန်တည်းမှာပင် သူမက ရုတ်တရက် လေထဲတွင်
ခြေထောက်ကို စောင့်နင်းလိုက်ပြီး ဒေါသတကြီးလေသံနှင့်
“နင်က တကယ်ကို အားနည်းလွန်းတယ်။ အား! ငါ
ဒီလိုအားနည်းတဲ့လူကို ဘာကြောင့်ရွေးချယ်မိတာလဲ။
ဒီမင်းသမီးက သူ့ကို လက်တစ်ချောင်းတည်းနဲ့တောင်
ထိုးသတ်နိုင်တယ်။

ဒီအမှိုက်ကောင်ဟာ ပျော့ညံ့ရုံသာမက နေရာတိုင်းမှာလည်း
ငါ့ကို အမြဲဒုက္ခပေးတယ်။

အမှိုက်ပဲ! နင် သေသွားရင်တော့ကောင်းသား၊

ဒါပေမယ့် ဒီမင်းသမီးက နင်နဲ့အတူ မသေချင်ဘူး။ အား……!"

သေးငယ်သော ဆန်းကြယ်ရွှေချီကန်ထဲတွင်ကလေးမလေးက ယန်ယဲ့ကိုကြည့်ကာအဆက်မပြတ် ကျိန်ဆဲနေလေသည်။

အဆုံးတွင် သူမက ဒေါသတကြီးဖြင့် ခြေစောင့်ရုံသာတတ်နိုင်သည်။

သို့သော် သူမ၏မျက်နှာသည် ဖြူဖျော့လာပြီး သေးသွယ်သောခန္ဓာကိုယ်လေးမှထူးဆန်းသောအငွေ့အသက်များဖြာထွက်လာခဲ့သည်။

ခဏအကြာတွင် ကလေးမလေးက သူမ၏ ခန္ဓာကိုယ် အခြေအနေကို သတိပြုမိသွားကာ အဆက်မပြတ်ကျိန်ဆဲနေခြင်းရပ်လိုက်သည်။

ထို့နောက် သူမ၏ ရင်ဘတ်ကို ပြင်းပြင်းထန် ထန် ဖိပြီးနောက် လေကို အကြာကြီး ရှူရှိုက်လိုက်သည်။

ခဏအကြာတွင် သူမ၏လက်ကို ရှေ့ဆန့်ကာ မြှောက်လိုက်ပြီး လေထုကိုရုတ်တရက် ဆုပ်ကိုင်လိုက်သည်။ “ပွင့်စမ်း!”

သူမ၏ အမိန့်ပေးသံအလား အော်ဟစ်သံကြောင့် ဆန်းကြယ်ရွှေချိကန်အထက်တွင် လျှို့ဝှက်ဆန်းကြယ်သော လေဟာနယ်ဂိတ် တံခါးတစ်ခု ပေါ်လာသည်။

ဂိတ်တံခါးအတွင်းဖက်ရှိ လေဟာနယ်က အဖြူရောင်မြူခိုးများ ဖုံးလွှမ်းနေပြီး မှုန်မှိုင်းနေကာ ဘယ်အရာကိုမှ ရှင်းရှင်းလင်းလင်းမမြင်နိုင်ပေ။

သူမက အချိန်အနည်းငယ်ကြာ တွန့်ဆုတ်နေပြီးမှ တိုးညှင်းစွာရေရွတ်လိုက်တော့၏။

"သွား!"

သူမ၏စကားသံအဆုံးတွင် လေဟာနယ်ဂိတ်တံခါးအတွင်းမှ ခရမ်းရောင်စွမ်းအင်ကြိုးတစ်ချောင်းသည် ရုတ်တရက် ထွက်ပေါ်လာသည်။

ခရမ်းရောင်စွမ်းအင်ကြိုးက ဆန်းကြယ်ရှေးချီကန်အထက် လေဟာနယ်တွင်ပေါ်လာပြီးနောက် ဘေးနားတွင် လဲလျောင်းနေသော အမှောင်မှော်သားရဲအားလုံး၏ခန္ဓာကိုယ်များက ချက်ချင်းတုန်ခါသွားခဲ့သည်။

ထို့နောက်တွင် အလွန်ထူးခြားသော မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့၏။

အမှောင်မှော်သားရဲများ၏ခန္ဓာကိုယ်က ရုတ်တရက်
ပိုမိုကြီးမားလာပြီး ၎င်းတို့အတွင်းမှ
အလွန်ကြောက်မက်ဖွယ်ကောင်း သော အငွေ့အသက်များ
ပျံ့လွင့်လာခဲ့လေသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်နတ်ဆိုးဝံပုလွေက
ချက်ချင်းဆိုသလိုပင် ဝိညာဉ်နယ်ပယ်အဆင့်
အမှောင်မှော်သားရဲဖြစ်သွား၏။

အလားတူ မီးခိုးရောင်ဝံပုလွေ နှင့်
ငွေရောင်ဝံပုလွေဘုရင်သည်လည်း
ဝိညာဉ်နယ်ပယ်အလွှာတစ်ပိုင်းအဆင့်သို့ရောက်ရှိသွားကြသ
ည်။

အခြားတစ်ဖက်တွင် ကျန်အမှောင်မှော်သားရဲများက သိုင်း
ဘုရင်အထွတ်အထိပ်အဆင့်သို့ ချက်ချင်းရောက်ရှိသွား၏။

ၾ၀င်းသည် အဆုံးသတ်မဟုတ်သေးပေ။

ခရမ်းရောင်စွမ်းအင်ကြိုးမျှင်သည်
ဆန်းကြယ်ရွှေချီကန်ထဲမှပျံသန်းလာပြီး
ယန်ယွဲ့၏မူလဒန်တျန်ထဲသို့ဝင်ရောက်သွားလေသည်။

ထို့နောက် ယန်ယွဲ့၏ခန္ဓာကိုယ်
တစ်ခုလုံးခရမ်းရောင်စွမ်းအင်များ ပြန့်နှံ့သွားပါတော့ သည်။

ခရမ်းရောင်ချီစွမ်းအင်သည် ယန်ယွဲ့၏
ခန္ဓာကိုယ်တစ်ခုလုံးဖြန့်ကျက်သွားကာ အစောပိုင်းက
ကွဲအက်သွားသော မူလစွမ်းအင်ကြောများနှင့်
သွေးကြောများကချက်ချင်းပြန်လည်ကောင်းမွန်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးက
သေလုနီးပါးအခြေအနေကနေ အလွန်မြန်ဆန်သောအရှိန်ဖြင့်
ပြန်လည်ကောင်းမွန်လာပါသည်။

ပြောရမည်ဆိုလျှင်
ခန္ဓာကိုယ်တစ်ခုလုံးမှကွဲအက်နေသောအရိုးများ၊သွေးကြောများ
အားလုံးပြန်လည်ပေါင်းစပ်နေခဲ့သည်။

သို့သော်၊ ယန်ယဲ့၏ခန္ဓာကိုယ်သည် ပို၍
ကောင်းမွန်လာသည်နှင့်အမျှ ကလေးမလေး၏ မျက်နှာက
သိသိသာ ဖြူရော်လာခဲ့ပါပြီ။

ဤအခိုက်အတန့်တွင် သူမ၏ရုပ်သွင်သည်
လွင့်ပါးပျောက်ကွယ်သွားမတတ်ကြည်လင်နေသယောင်ပင်
ထင်ရသည်။

ရုတ်တရက် နန်းဂွန်မန်တို့သုံးယောက် ထွက်ခွာသွားပြီးနောက်
၁၀ မိနစ်နီးပါးခန့်အကြာတွင် မိုခေး ဦးဆောင်သော
နတ်ဆိုးမျိုးနွယ်ဝင် ၂၀၀ က
ရှေးဟောင်းဒိုမိန်းမြို့ထဲသို့စတင်ဝင်ရောက်လာခဲ့၏။

တစ်ချိန်တည်းမှာပင်
နတ်ဆိုးမျိုးနွယ်ဝင်များရောက်ရှိလာပြီးနောက်
အနက်ရောင်အရိပ်များစွာကလည်း ရှေးဟောင်းဒိုမိန်းမြို့၏
မြို့ရိုးအနီးသို့ ရောက်ရှိလာခဲ့သည်။

သို့သော်၊

မိုခေးက အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး
အားရပါးရအော်ဟစ်လိုက်၏။ "ဘယ်လိုတောင်
ကောင်းမွန်နေတဲ့လေကောင်းလေသန့်လဲ?
ကြီးကျယ်ခမ်းနားတဲ့မြို့။ အရိုးစုတွေနဲ့စုပုံနေသလို
တစ်နှစ်ပတ်လုံးနှင်းခဲတွေဖုံးလွှမ်းထားတဲ့အခြေအနေနဲ့အများ
ကြီးကွာခြားတာပဲ။ ဒါက တကယ့်ကို
နတ်ဘုံနတ်နန်းတစ်ခုလို့တောင်ထင်ရတယ်။”

"တကယ်ပါပဲ!" လက်ထဲတွင် အနက်ရောင်သံကြိုးကို ကိုင်ထားသည့် အနက်ရောင်အရိပ်တစ်ဦးက လူအုပ်စုထဲကနေ စကားစလာသည်။

"ဒီလူသားတွေကို သဘာဝတရားက တကယ်ကို ကောင်းချီးပေးထားတာပဲ!" အနက်ရောင်အရိပ်၏ မကျေမနပ်အသံက အလွန်စူးရှစွာပျံ့လွင့်သွားသည်။

မိုခေးက အနက်ရောင်အရိပ်ကို စိုက်ကြည့်ကာ ပြောလိုက်၏။ "မင်းက ငရဲတစ္ဆေနယ်မြေရဲ့နံပါတ်တစ် ပါရမီရှင်ဖြစ်တဲ့ ဟွင်းယု ထင်ပါ့!"

“ဟေး....” အနက်ရောင်အရိပ်က ခပ်တိုးတိုးရယ်မောလိုက်လေသည်။ "မင်းက မိုခေး! ဟုတ်တယ်မလား? ဟဲဟဲ.... နတ်ဆိုးမျိုးနွယ်ရဲ့ အထူးချွန်ဆုံးပါရမီရှင်က မျှော်လင့်ထားတဲ့အတိုင်း

မင်းရဲ့ဝိညာဉ်က တကယ်ကိုအားကောင်းလွန်းတယ်။ ရှီး!"
အနက်ရောင်အရိပ်က စကားပြောနေစဉ်မှာပဲ မျက်လုံးထဲတွင် လောဘအရိပ်အယောင်များပေါ်လာကာ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်၏။

မိုခေးက တစ်စုံတစ်ရာပြန်ပြောရန်ပြင်လိုက်စဉ် ရုတ်တရက် မျက်လုံးများ ကျဉ်းမြောင်းသွားကာ အန္တရာယ်အငွေ့အသက်ကိုခံစားမိလိုက်ပုံရ၏။

တစ်ချိန်တည်းမှာပင် အနက်ရောင်သံကြိုးတစ်ချောင်းက မိုခေး၏ ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး သူ့လည်ချောင်းဆီသို့ အဆိပ်ပြင်းသောမြွေတစ်ကောင်အလားတိုးဝင်လာသည်ကို သတိပြုမိလိုက်သောကြောင့်ဖြစ်သည်။

မိုခေး၏ မျက်နှာက ချက်ချင်းပျက်သွားသည်။

သို့သော် အံ့ဩစရာကောင်းသည်မှာ သူသည် အနက်ရောင်သံကြိုးကို ရှောင်တိမ်းခြင်းမပြုဘဲ၊ သူ့လည်ပင်းကို ရိုက်ခတ်ရန် ခွင့်ပြုလိုက်၏။

ကလန်!

အနက်ရောင်သံကြိုးက မိုခေး၏လည်ပင်းကို ရိုက်ချလိုက်သည်နှင့် ပြင်းထန်သောသတ္တုတိုက်မိသံ ထွက်ပေါ်လာခဲ့သည်။

ဒီအခြေအနေကိုမြင်လိုက်ရတဲ့အခါ ဟွင်းယု ၏ အမူအရာက အနည်းငယ်ပြောင်းလဲသွားပါသည်။

သူက တုံ့ဆိုင်းမနေဘဲ လက်တစ်ဖက်ကိုဝှေ့ယမ်းကာ အနက်ရောင်သံကြိုးပြန်ရုတ်သိမ်းလိုက်သည်။

ထို့နောက် မိုခေးကို ကြည့်ရင်း လေးနက်သောအမူအရာဖြင့် ပြောလိုက်ပါတော့သည်။ “ကောလဟာလတွေအရဆိုရင် မင်းက

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ကို အဆင့်

၇ အထိ လေ့ကျင့်အောင်မြင်ထားခဲ့တယ်။

အခုတော့ ဒါတွေအားလုံး ကောလဟာလ မဟုတ်ဘဲ

တကယ့်အဖြစ်မှန်ဆိုတာ ငါယုံသွားပြီ!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၀)] ပူးပေါင်းရန်

ဟွင်းယု၏ စကားသံကိုကြားလိုက်တာနဲ့ သူ့နောက်ကွယ်မှ အနက်ရောင်အရိပ်များ၏ အမူအရာက သိသိသာသာပြောင်းလဲသွားသည်။

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅,၀၀၀ ကျော်က နတ်ဆိုးမျိုးနွယ်၏ အထူးချွန်ဆုံးပညာရှင် ချီးမြှောက်ခြင်းနတ်ဆိုးဖန်တီးခဲ့သောနည်းစနစ်ဖြစ်သည်။

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"သည်စုစုပေါင်း အဆင့် ၁၂ ဆင့်ထိ ပါဝင်သော
ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်တစ်ခုဖြစ်၏။

ကောလဟာလများအရ တစ်စုံတစ်ယောက်သည် ၎င်းကို အဆင့် ၁၀ ထိ လေ့ကျင့်နိုင်ပါက ခန္ဓာကိုယ်သန့်စင်ခြင်းနတ်ဘုရားဖြစ်လာနိုင်ပေသည်။

အကယ်၍ အဆင့် ၁၁ ထိ လေ့ကျင့်အောင်မြင်ခဲ့ပါက ထာဝရမပျက်စီးနိုင်သောခန္ဓာကိုယ်ကို ပိုင်ဆိုင်သွားမည်ဖြစ်သည်။

နောက်ဆုံးအထွတ်အထိပ်ဖြစ်သည့် အဆင့် ၁၂ နှင့် ပတ်သက်၍တော့ ဘယ်သူကမှသိရှိနိုင်ခြင်းမရှိခဲ့ပေ။

လွန်ခဲ့သောနှစ်ပေါင်း ၁၅,၀၀၀ တွင် ချီးမြှောက်ခြင်းနတ်ဆိုးကသာ "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"၏ အဆင့် ၁၂ ထိ လေ့ကျင့်နိုင်ခဲ့သောကြောင့်ပါ။

သို့သော် ချီးမြှောက်ခြင်းနတ်ဆိုးသည်

လွန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ ကျော်တည်းကပင် ဆန်းကြွယ်တိုက်ကြီးမှ ပျောက်ကွယ်သွားပြီဖြစ်သည်။

အတိုချုပ်အားဖြင့် "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"သည် ဆန်းကြွယ်တိုက်ကြီးရှိ ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်များအနက် အဆင့် ၁ နည်းစနစ်ဟု ဆိုကြသည်။

မှန်ပါသည်။ လေ့ကျင့်အောင်မြင်ရန်အလွန်ခက်ခဲလွန်းပြီး ချီးမြှောက်ခြင်းနတ်ဆိုးပျောက်ကွယ်သွားပြီးနောက် နတ်ဆိုးမျိုးနွယ်တွင် အဆင့် ၁၀ ထိ ဘယ်သူမှ လေ့ကျင့်အောင်မြင်ခဲ့ခြင်းမရှိချေ။

အခုအချိန်တွင်တော့ နတ်ဆိုးမျိုးနွယ်၏ ထိပ်သီးပါရမီရှင် မိုခေးက "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ကို အဆင့် ၇ အထိ လေ့ကျင့်ထားနိုင်ခဲ့သည်။

တစ်နည်းဆိုရသော် မိုခေး၏ ရုပ်ခန္ဓာခွန်အားသည် နဂါးမျိုးနွယ်စုနှင့်တန်းတူယှဉ်နိုင်ပြီးဖြစ်ကောင်းဖြစ်နိုင် နဂါးမျိုးနွယ်၏ ရုပ်ခန္ဓာခွန်အားထက်ပင် ကျော်လွန်သွားနိုင်ပေသည်။

"မင်းကိုယ်တိုင်လည်း မဆိုးပါဘူး!" မိုခေးက အေးစက်သောလေသံဖြင့် ပြောလိုက်သည်။
“တကယ်တမ်းကျ မင်းလည်း "ဝိညာဉ်ခွဲထုတ်ခြင်းနည်းစနစ်"ကို ပြီးပြည့်စုံတဲ့အခြေအနေထိ လေ့ကျင့်ထားနိုင်ခဲ့တယ်မဟုတ်လား။ အခုနက မင်းသာ ခွန်အားနည်းနည်းလောက်ပိုသုံးလိုက်ရင် ငါ့ရဲ့ဝိညာဉ်က ခန္ဓာကိုယ်ထဲကနေ ချက်ချင်း ထွက်သွားလိမ့်မယ်!"
“ဟဲဟဲ....” ဟွင်းယုက ရယ်ကျဲကျဲလေသံဖြင့်ပြောလိုက်၏။
"အိုး! ဒီလိုဆို မင်းက ငါနဲ့ မဟာမိတ်ဖွဲ့ ဖို့ ထိုက်တန်ပါတယ်။"

"မဟာမိတ်လား?" ထိုအခိုက်အတန့်တွင် ကောင်းကင်ထက်မှ မထီမဲ့မြင် အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

တစ်ချိန်တည်းတွင် ရောမနဂါးစိမ်းကြီး၏ ခန္ဓာကိုယ်သည် တစ်ချက် တုန်ခါသွားကာ အစိမ်းရောင်အလင်းတန်းတစ်ခုအသွင်ဖြင့် မြေပြင်ဆီသို့ ထိုးဆင်းလာခဲ့သည်။

ရောမနဂါးစိမ်းကြီးက မြေပြင်သို့ရောက်သောအခါ အစိမ်းရောင်ဝတ်လူငယ်တစ်ဦးအဖြစ် အသွင်ပြောင်းလဲသွား၏။

အစိမ်းရောင်ဝတ်လူငယ်က မိုခေး နှင့် ဟွင်းယုကို အထင်အမြင်သေးစွာ စိုက်ကြည့်ရင်း “မင်းတို့ နှစ်ယောက်လုံး ပုရွက်ဆိတ်တစ်စုနဲ့ ဆက်ဆံဖို့ မဟာမိတ်ဖွဲ့ ဖို့ ကြံနေတာလား?

ဘယ်လောက်တောင်ရယ်စရာကောင်းလိုက်လဲ? ဒါလား နတ်ဆိုးမျိုးနွယ် နဲ့ ငရဲတစ္ဆေမျိုးနွယ်ရဲ့ပါရမီရှင်တွေ!”

"လူသားတွေက ပုရွက်ဆိတ်လား?" မိုခေးက လှောင်ပြောင်လိုက်ကာ အစိမ်းရောင်ဝတ်လူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းက နတ်ဆိုးနယ်မြေရဲ့ နတ်ဘုရားသားရဲမျိုးနွယ်စုကြီးလေးခုထဲက တစ်ခုဖြစ်တဲ့ နဂါးစိမ်းမျိုးနွယ်က.... မဟုတ်လား?"

အစိမ်းရောင်ဝတ်လူငယ်က အေးစက်သောလေသံဖြင့် ပြန်ပြောလိုက်၏။ “အနည်းဆုံးတော့ မင်းမှာ ပိုင်းခြားသိမြင်နိုင်တဲ့ စွမ်းရည်အချို့ရှိသေးတယ်!”

မိုခေးက ခေါင်းခါသည်။ “မင်းပြောတာက လူသားတွေက ပုရွက်ဆိတ်တွေလား? ဒီလိုဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀,၀၀၀ တုန်းက ပုန်းကွယ်နေသောနဂါးစေတီမှာ

ကံကြမ္မာစွမ်းအားလုတိုက်ပွဲအတွက်

နဂါးကလန်ကစေလွှတ်လိုက်တဲ့အဖွဲ့ဝင်တွေအားလုံးကို

ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူ ဘိုးဘေးက

ဘယ်လိုဖယ်ရှားလိုက်တာလဲ?

ဒီအဖြစ်အပျက်ကို ငါမှတ်မိနေသေးတယ်။

အဲဒီတုန်းက မင်းရဲ့နဂါးကလန်က

ဒီလူသားပုရွက်ဆိတ်တွေရှေ့မှာ စကားတစ်ခွန်းတောင်

မပြောရဲခဲ့ဘူး.... မဟုတ်လား?"

"ဘာကွ! မင်းဘာပြောလိုက်တာလဲ?"

အစိမ်းရောင်ဝတ်လူငယ်၏အမူအရာသည် ချက်ချင်းပင်

ပြင်းထန်သွားပြီးနောက် နဂါးမျိုးနွယ်စု၏ဖိအားက

မိုခေးကိုတိုက်ရိုက်ဖိနှိပ်လာခဲ့သည်။

မိုခေးသည် အထင်အမြင်သေးစွာဖြင့် ရယ်မောလိုက်သည်။
သူက လူငယ်အား ရုတ်တရက် စူးစူးရဲရဲ စိုက်ကြည့်ရင်း
နှုတ်ခမ်းများ အနည်းငယ် ကွဲထွက်သွားသည်။
တစ်ချိန်တည်းမှာပဲ အနက်ရောင်ချီလှိုင်းလုံးကြီး ချက်ချင်းပင်
ထွက်ပေါ်လာကာ နဂါးချီဖိအားကို ချေဖျက်ပစ်လိုက်သည်။

အစိမ်းရောင်ဝတ်လူငယ်၏ အမူအရာကအနည်းငယ်
ပြောင်းလဲသွားခဲ့သည်။

သူက မိုခေးကို ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်စဉ်
အနက်ရောင်သံကြိုးတစ်ချောင်းကသူ့ရှေ့တွင်
ရုတ်တရက်ပေါ်လာပြီး တိုက်ခိုက်မှုကိုတားဆီးလိုက်၏။

အစိမ်းရောင်ဝတ်လူငယ်က ဟွင်းယုကို
လှည့်ကြည့်လိုက်တဲ့အခါ ဟွင်းယု "မိုခေး ပြောတာ

မှန်တယ်။ လူသားတွေကို လျှော့မတွက်သင့်ဘူး။

လူသားတွေအများစုသည် အတော်လေးအားနည်းပေမယ့် သူတို့ရဲ့ထိပ်သီးပညာရှင်တွေက ငါတို့မျိုးနွယ်သုံးခုပိုင်ဆိုင်တဲ့ စုပေါင်းအရေအတွက်ထက် အနည်းငယ်သာလျော့နည်းတာကို မမေ့နဲ့ဦး။

ဒါ့အပြင် အရေးကြီးဆုံးက လူသားတွေပိုင်ဆိုင်ထားတဲ့ ကျွမ်းကျင်သူအရေအတွက်က ငါတို့ နယ်မြေသုံးခုပေါင်းအင်အားနဲ့ နှိုင်းယှဉ်ရင် အဆပေါင်းများစွာကျော်လွန်နေတယ်။

အခုလက်ရှိအခြေအနေကိုပဲကြည့်လိုက်! ငါတို့ နယ်မြေသုံးခုနဲ့အင်အားကိုစုပေါင်းလိုက်ရင် အဖွဲ့ဝင် ၅၀၀ လောက်ပဲရှိတယ်။

ဒါပေမယ့် တစ်ဖက်မှာ
ဒီကိုရောက်နေတဲ့လူသားအရေအတွက်က
သောင်းနဲ့ချီရှိနေတာ။

တကယ်လို့ ငါတို့က မဟာမိတ်မဖွဲ့ဘူးဆိုရင် မင်းရဲ့
နဂါးကလန်က နဂါးစိမ်း ၁၀ ကောင် ဒါမှမဟုတ် နဂါးစိမ်း ၁၀၀
ကျော် ထွက်လာရင်တောင် ဘာမှတတ်နိုင်မှာမဟုတ်ဘူး။"

"သူတို့ကလား?" အစိမ်းရောင်ဝတ်လူငယ်က အေးစက်စွာ
ရယ်မောလိုက်သည်။

“အဲဒီပုရွက်ဆိတ်တွေက ငါတို့ရောက်တဲ့အခါ ယုန်တွေထက်
ပိုပြီးမြန်အောင်ထွက်ပြေးသွားတာကို မင်းတို့
သတိမထားမိဘူးလား?

ပုရွက်ဆိတ်တွေက အမြဲတမ်းလိုလို ပုရွက်ဆိတ်တွေဖြစ်နေဦးမှာပဲ။ ဒီလူသားတွေက နိမ့်ကျတဲ့ သတ္တဝါတွေလို့တောင်ပြောနိုင်တယ်။

ဟမ်?" ရုတ်တရက် သူက ရှေးဟောင်းဒိုမိန်းမြို့၏ ဝင်ပေါက်နားတွင် လဲလျောင်းနေသောယန်ယွဲ့ကို သတိပြုမိသွားသည်။

သူက ယန်ယွဲ့ကို စိုက်ကြည့်ကာ ကြီးကျယ်ခမ်းနားသော အပြုံးတစ်ခုကို ထုတ်ဖော်လိုက်၏။ “တကယ်တော့ သေမှာမကြောက်တဲ့ ပုရွက်ဆိတ်တစ်ကောင်ရှိတယ်....”

သူ့စကားဆုံးသည်နှင့် အစိမ်းရောင်ဝတ်လူငယ်က တဖျပ်ဖျပ် တောက်ပလာပြီး ယန်ယွဲ့၏ ရှေ့သို့ ချက်ချင်းရောက်ရှိသွားပါသည်။

တစ်ချိန်တည်းမှာပဲ သူက ရောမနဂါးစိမ်းလက်သီးဖြင့် ယန်ယွဲ့၏ခေါင်းကို ထိုးချလိုက်သည်။

"ဟမ့်! နိမ့်ကျတဲ့အမျိုက်ကောင်က
ဒီမင်းသမီးပိုင်တဲ့အရာတွေကို လုယူရဲတဲ့အထိ
သတ္တိရှိလိုက်တာ။ အား! ငါ မင်းကို ဖျက်ဆီးပစ်မယ်!!"
အစိမ်းရောင်ဝတ်လူငယ်က ယန်ယွဲ့၏ခေါင်းကို
လက်သီးဖြင့်ထိုးချလိုက်ကြောင်းမြင်သောအခါ
ဆန်းကြယ်ရွှေချီကန်ထဲရှိ ကလေးမလေးက ချက်ချင်းပင်
ဒေါသတကြီးအမူအရာများထွက်ပေါ်လာခဲ့သည်။

သူမသည် အလွန်ကြီးမားသောအခက်အခဲများကို ချိုးဖျက်ပြီး၊
ယန်ယွဲ့ကိုသေခြင်းမှပြန်လည်နိုးထလာရန်
ကြီးမားသောတန်ဖိုးကိုပေးဆပ်ခဲ့ရ၏။

ယခုမူ ဤနဂါးစိမ်းလူငယ်က ယန်ယွဲ့ကို သတ်ဖြတ်ရန်
ကြိုးစားနေခဲ့ပြန်သည်။

ဒီလိုအဆက်မပြတ်ဖြစ်ပေါ်လာသောအဖြစ်အပျက်များက
သူမကိုအတော်လေးဒေါသထွက်သွားစေသည်။

သို့သော်လည်း အခုအချိန်တွင် သူမက
အလွန်အားနည်းသွားပြီဖြစ်သည်။
ကံကောင်းစွာဖြင့် နဂါးစိမ်းလူငယ်ကိုရင်ဆိုင်ရန်
ခွန်အားရှိနေဆဲပင်။

ကလေးမလေးက လက်ညှိုးကို ထိုးချလိုက်ရာ
ခရမ်းရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး
ဧရာမနဂါးစိမ်းလက်သီးကိုထိမှန်သွား၏။

ရုတ်တရက် လူတိုင်း၏ အံ့အားသင့်နေသော

အကြည့်များအောက်တွင် ရောမနဂါးစိမ်းလူငယ်က ၃ မီတာကျော်အကွာထိပင် လွင့်ပျံသွားကာ မြေပြင်ပေါ်သို့ ပြင်းထန်စွာပြုတ်ကျသွားခဲ့သည်။

မိုခေး နှင့် ဟွင်းယုတို့၏မျက်လုံးများပင်ပြင်းထန်စွာကျဉ်း မြောင်းလာကာ
ယန်ယဲ့ကိုကြည့်နေရင်းသူတို့၏အကြည့်များကအလွန်လေးန က်လာပါသည်။

ထိုနဂါးစိမ်းသည် အလွန်မောက်မာပြီး၊ မောက်မာနေသော်ငြား ကြောက်မက်ဖွယ်ရာခွန်အားကိုပိုင်ဆိုင်ထားကြောင်းသံသယ ဖြစ်စရာမလိုပေ။

ရုတ်စွအဆုံး သူတို့နှစ်ဦးပင် နဂါးစိမ်းလူငယ်ကို အနိုင်ယူနိုင်သည်ဟုမပြောရဲချေ။

သို့သော် မြေပြင်တွင်
လဲလျောင်းနေသောလူငယ်ကိုတိုက်ခိုက်လိုက်စဉ်မှာပဲ
နဂါးစိမ်းလူငယ်က ထူးဆန်းစွာ လွင့်ပျံထွက်သွားခဲ့သည်။

အရေးကြီးဆုံးအချက်မှာ သူတို့နှစ်ဦးစလုံး ရောနဂါးစိမ်းကြီး
ဘယ်လိုလွင့်ပျံထွက်လာသည်ကိုသတိမပြုမိခဲ့ပေ။

"ဒါ....ဒါက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လား? ဒါမှမဟုတ်
ကောရာဇ်အဆင့်စွမ်းအားရှင်လား?"
ဒီအချိန်တွင် မိုခေး နှင့်
ဟွင်းယုတို့နှစ်ဦးလုံးတူညီသောအတွေးများ ရှိနေပေသည်။

သို့သော် ခဏအကြာတွင် နယ်ပယ်အသီးသီးမှ
ချီးမြှောက်ခြင်းနယ်ပယ်နှင့်အထက်ဆင့်ပညာရှင်များကို
ရှေးဟောင်းစစ်မြေပြင်သို့ဝင်ရောက်ခွင့်မပြုဟူသော

စည်းမျဉ်းကိုသတိပြုမိသွားသောကြောင့်
အလွန်ပဟေဠိဖြစ်သွားကြသည်။

အခုအချိန်တွင် လူသားပညာရှင်တစ်ဦးက သူတို့ကို
တိုက်ခိုက်လာခဲ့၏။ တစ်နည်းဆိုရသော် လူသားမျိုးနွယ်က
တစ်ဖက်နှင့်တစ်ဖက် သဘောတူညီချက်ကို
ချိုးဖောက်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် လက်ရှိသူတို့၏စိတ်ထဲတွင်
နတ်ဆိုးမျိုးနွယ်၊ ငရဲတစ္ဆေမျိုးနွယ်၊ နဂါးစိမ်းကလန်နှင့်
ရှေးဟောင်းစစ်မြေပြင်ရှိ
တရားစီရင်ရေးအဖွဲ့ကဒီအခြေအနေကိုရပ်တန့်ရန်ထွက်လာ
သင့်နေပြီဟုယူဆနေကြသည်။

သို့တိုင်အောင် အချိန်တော်တော်ကြာသွားသော်လည်း၊
ဘာလှုပ်ရှားမှုမှ ထွက်ပေါ်မလာခဲ့ပေ။

....

ဤအချိန်တွင်
ဆံပင်ဖြူအဘိုးအိုတစ်ဦးကရှေးဟောင်းဒိုမိန်းမြို့၏
အထက်လေထုထဲတွင် မတ်တပ်ရပ်နေခဲ့သည်။

တစ်ဖန် သူ့ရှေ့နားတွင် မီးခိုးရောင်ဝတ်လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦးလည်းရှိနေပေသည်။

လူလတ်ပိုင်းအရွယ်၏ ခေါင်းထက်တွင်
ဦးချိုတစ်စုံရှိနေသောကြောင့် နတ်ဆိုးမျိုးနွယ်၏
အဆင့်မြင့်ပညာရှင်တစ်ဦးဖြစ်ကြောင်းသိသာနိုင်သည်။

ဆံပင်ဖြူ အဘိုးအို၏

မျက်လုံးများကသိသိသာသာကျဉ်းမြောင်းနေခဲ့သည်။

ခဏအကြာတွင် မျက်လုံးပြန်ဖွင့်လိုက်သည့်အခါ
အဘိုးအိုထံမှ တုန်လှုပ်ချောက်ချားမှုတစ်ခု
ထွက်ပေါ်လာသည်။

ထို့နောက် အဘိုးအိုက ခေါင်းယမ်းကာ “ထူးဆန်းလိုက်တာ!
ခုနလေးကတင်တိုက်ခိုက်လိုက်သူရဲ့အရိပ်အယောင်ကို
ငါဘယ်လိုမှရှာမတွေ့ခဲ့ဘူး။

သေချာတာတစ်ခုက သူမ ဖြစ်နိုင်မလား? မဖြစ်နိုင်ဘူး!
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးပျက်သုဉ်းသွားရင်တောင်
သူမက ထွက်ပေါ်လာမှာမဟုတ်ဘူး။ ဒါပေမယ့် အဲ့ဒီလူက သူမ
မဟုတ်ရင် ဘယ်သူလဲ?"

"ချန်းဟွမ်! မင်း အဲဒီလူရဲ့အရိပ်အယောင်ကိုတောင် မတွေ့နိုင်ဘူးလား?" ထိုအချိန်တွင် နတ်ဆိုးမျိုးနွယ်မှ လူလတ်ပိုင်းအရွယ်က အသံတိုးတိုးဖြင့် မေးလိုက်၏။

ချန်းဟွမ်ဟုခေါ်သော ဆံပင်ဖြူအဘိုးအိုက ခေါင်းယမ်းလိုက်သည်၊ "မိုရှန်း၊ မင်းတို့နတ်ဆိုးမျိုးနွယ်ရဲ့ ဝိညာဉ်စွမ်းအင်နဲ့ စွမ်းအားတွေက ငါ့လူသားမျိုးနွယ်ထက် အများကြီး အားကောင်းတယ်။ မင်းတောင် အဲ့ဒီလူကို မတွေ့ခဲ့ဘူးလား?"

မိုရှန်းဟုအခေါ် ခံရသော လူလတ်ပိုင်းအရွယ် အမျိုးသားက ဆံပင်ဖြူအဘိုးအိုကို လေးလေးနက်နက် စိုက်ကြည့်ပြီးနောက် ဘာစကားမှ ပြန်မပြောတော့ပေ။

ချန်းဟွမ်က အနည်းငယ် အံ့အားသင့်သွားပြီးနောက် အေးစက်စက်လေသံဖြင့်ပြောလိုက်၏။ "ငါတို့

လူသားမျိုးနွယ်ကသဘောတူညီချက်ကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့တယ်လို့ မင်း သံသယဝင်နေတာလား?"

"ဟမ့်၊ ငါ့ပါးစပ်က အဲ့လိုစကား မပြောခဲ့ဘူး!" မိုရှန်းက အေးစက်စွာပြောသည်။ "ဒါ က မင်းကိုယ်တိုင် ပြောလိုက်တာပဲ!"

အဘိုးအိုချန်းဟွမ်က ချက်ချင်းပင် ဒေါသထွက်သွား၏။ သူစကားပြောရန် ပြင်လိုက်စဉ်မှာပဲ မိုရှန်းကပြောလာခဲ့သည်။

“ဒါပေမယ့် ကိစ္စမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒီလူက ငါတို့ နတ်ဆိုးမျိုးနွယ်ရဲ့ ပါရမီရှင်ကို သတ်ဖို့စိတ်ပိုင်းဖြတ်မထားဘူးလေ။ ဒါ့အပြင် သူက ဟိုနဂါးမိုက်ကိုလည်းအသက်သေဆုံးတဲ့မထိ တိုက်ခိုက်ခဲ့တာမဟုတ်ဘူး။

သိသာစေတဲ့အချက်တစ်ခုကတော့ သူက နဂါးမိုက်ကို သင်ခန်းစာပေးဖို့လောက်ပဲရည်ရွယ်တာဖြစ်မယ်။ ဒါပေမယ့် ငါ တစ်ခုအံ့သြမိတာရှိတယ်။ ဒီလူသားရဲ့မူလနောက်ခံက ဘာလဲ? တကယ်ကိုပဲ သူ့ဘေးနားက မင့်ခ်ကလေး တစ်ကောင်ကိုတောင် ခေါ်ထား နိုင်ခဲ့တယ်!”

ထို့နောက် မိုရှန်းက သူ့စကားကို ခဏတာရပ်တန့်လိုက်ပြီး "ချန်းဟွမ်! ဒီကလေးက ငါ့နတ်ဆိုးမျိုးနွယ်ကို ရင်ဆိုင်ဖို့ မင်းရဲ့လူသားမျိုးနွယ်က ပြင်ဆင်ထားတဲ့ ဝှက်ဖဲမဟုတ်ဘူးလား?"

"ငါက သူဖြစ်တယ်ဆိုရင် မင်းရဲ့နတ်မျိုးနွယ်ကကြောက်မှာလား?" အဘိုးအိုချန်းဟွမ်က ခပ်ပြတ်ပြတ်လေသံဖြင့် ပြန်ပြောလိုက်၏။

မိုရှန်းက အနည်းငယ်အံ့အားသင့်သွားပြီးနောက် ခပ်ကျယ်ကျယ် ရယ်မောလိုက်ပါသည်။ "ချန်းဟွမ်! မင်း အခုနက ပြောထားတဲ့စကားကြောင့် ငါမိုရှန်းက မင်းတို့လူသားမျိုးနွယ်သာ ရှုံးနိမ့်ရင် မင်းရဲ့အသားကို မစားတော့ဘူး!"

စကားပြောပြီးသည်နှင့် မိုရှန်း၏ ပုံရိပ်က တောက်ပလာပြီး နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

နတ်ဆိုး မိုရှန်း ထွက်ခွာသွားပြီးနောက် အဘိုးအိုချန်းဟွမ်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ် တစ်ခုခုကို တွေးတောနေလိုက်သည်။

ဆက်ရန်